

www.burmeseclassic.com
တက္ကသိုလ်
နေလင်းအောင်
သိုင်းသစ္စာကိုရှာဖွေခြင်း
ပထမပိုင်း
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်နေလင်းအောင်

# သိုင်းသစ္စာကိုရှာဖွေခြင်း

ပထမပိုင်း

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁)

# သူ့ဆန္ဒ

ခေါင်းနှစ်လုံး ...

အနက်ရောင် ခေါင်းနှစ်လုံး ...

ကျယ်လောင်သော အသံများ ထွက်ပေါ်လာပြီးနောက် ခေါင်းနှစ်လုံးအား သံရိုက်ကာ အံသေပိတ်ပြီး သွားလေသည်။

ချင်းကိုးက အနက်ရောင် ခေါင်းနှစ်လုံးအား မျက်တောင်မခတ် စိုက်ကြည့်နေသည်။

ထို ခေါင်းနှစ်လုံးအတွင်း၌ သူ၏ မိဘနှစ်ပါး ရှိနေပါသည်။

သူ၏ မိဘနှစ်ပါးစလုံး သေဆုံးသွားခဲ့ကြပြီ ဖြစ်သည်။

ယခု သေဆုံးသွားခြင်းမှာ သွေးရိုးသားရိုး သေဆုံးသွားခြင်းမျိုး မဟုတ်ဘဲ ဓားပြတို့၏ လက်ချက်ဖြင့် သေဆုံးသွားကြသည်မှာ ရင်နာစရာ ကောင်းလှသည်။

ချင်းကိုး၏ဖခင် ချင်းဟာန်မှာ ကုန်သည် ပွဲစားတစ်ယောက် ဖြစ်သည်။

နယ်တကာလှည့်ကာ ကူးသန်းရောင်းဝယ်ခြင်းကြောင့် သိုးပွားလာနေသူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင် အနေနည်းပြီး ခရီးထွက်နေသည်က များသည်။ မိခင်ကြီး ယင်နန်၏ အုပ်ထိန်းမှုအောက်တွင် ချင်းကိုး ကြီးပြင်းလာ[illegible] သည်ဟု ဆိုနိုင်သည်။

ဖခင်ကြီး ချင်းဟာန်မှာ စီးပွားရှာ ကောင်းသဖြင့် မိသားစုကို တန်ဖိုးထားသဖြင့် ချင်းကိုးတို့သားအမိ မကြောင့်မကြ နေနိုင်ခဲ့ကြ[illegible] သည်။ ပစ္စည်းဥစ္စာ အသင့်အတင့်ရှိပြီး ငွေကြေး ချောင်လည်ခဲ့ကြ[illegible] သည်။

မကြာသေးမီက ဖခင်ကြီး ချင်းဟာန်မှာ နေထိုင်မကောင်းဖြစ်ပြီး အိမ်ပြန်ရောက်လာခဲ့သည်။

အိမ်မှာနေပြီး ဆေးကုသော်လည်း သုံးလခန့် ကြာသည်အထိ သက်သာမလာခဲ့သဖြင့် သုံးမိုင်ခန့်ဝေးသောအရပ်မှ ဆေးဆရာ တ[illegible] ယောက်ထံ၌ သွားရောက် ကုသမှု ခံယူခဲ့သည်။

ချင်းကိုးအား စောင့်ရှောက်ဖို့ အိမ်နီးပါးချင်းများ ဖြစ်သော ဦးလေးလွှေနှင့် ဒေါ်လေးကူးတို့ထံ၌ အပ်နှံထားခဲ့ပြီး မိခင်ကြီး ယင်နန်သည် ဖခင် ချင်းဟာန်နှင့်အတူ လိုက်ပါသွားခဲ့ပြီး ရှင်[illegible] မကွာ ပြုစုခဲ့သည်။ ဤသည်မှာ ဓနီးကောင်းဟို့၏ တာဝန်[illegible] မဟုတ်ပါလော။

မိဘနှစ်ပါးသည် ဆေးကုသမှု ခံယူပြီး အိမ်သို့ပြန်လာ[illegible] လမ်းခါးပြများနှင့် တွေ့ဆုံမိကာ အသတ်ခံလိုက်ရခြင်း ဖြစ်သည်[illegible]

မိဘနှစ်ပါး မရှိတော့သဖြင့် ချင်းကိုးမှာ မိဘမဲ့ ကစ်ဖော[illegible] ကြွက်ဘဝသို့ ချက်ချင်း ရောက်ခဲ့ရလေတော့သည်။

သုဘရာဇာများသည် အခေါင်းနှစ်လုံးကို ကြီးဖြင့်သိုင်း[illegible] မြေကျင်းထဲ ချလိုက်ကြသည်။

ထို့နောက် ...

ကျင်းကို မြေဖို့လိုက်ကြ၏။



မိဘနှစ်ပါးအား မြှုပ်နှံသင်္ဂြိုဟ်သည့် အမှုကိစ္စ ပြီးဆုံးသွား ချေပြီ ...

ချင်းကိုး၏ လက်ကိုဆွဲထားသော ဒေါ်လေးကူးက တိုက်တွန်း လေ၏။

"ချင်းကိုး စိတ်ထဲအောင့်မထားနဲ့ ငိုချလိုက် ... ငိုချလိုက်"

ချင်းကိုးက ဒေါ်လေးကူးကို မော့ကြည့်လိုက်သည်။

သူ၏မျက်နှာတွင် ဝမ်းနည်းသည့် ခံစားချက် အရိပ်အရောင်မှ မပေါ်ချေ။

"ကျွန်တော် မငိုဘူး"

ချင်းကိုး၏စကားကြောင့် ဒေါ်လေးကူး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ချင်းကိုး ... ခင်း"

"ကျွန်တော် ဘယ်တော့မှ မငိုဘူး"

ဒေါ်လေးကူးသည် ချင်းကိုးကို ကြည့်ရင်း သူမ၏ မျက်စိ အောက်၌ မွေးဖွားကြီးပြင်းခဲ့သော ချင်းကိုးသည် တစ်ကြိမ်တစ်ခါမျှ မတွေ့ဘူးသည့် ချင်းကိုး ဖြစ်သွားသည်ဟု ယင်မှတ်လိုက်မိလေ၏။

အသုဘ အခမ်းအနား ပြီးဆုံးသွားသည်။

အသုဘပို့သူများသည် တိတ်ဆိတ်စွာ လူစုကွဲသွားသည်။

အံ့ဩစရာ ကောင်းလှသည်မှာ ချင်းကိုး မျက်ရည်တစ်စက် ကလေးမှ မကျခဲ့ခြင်းပင် ဖြစ်လေတော့သည်။

❖ ❖ ❖

နေဝင်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွား ပြီ ဖြစ်ပါသည်။

အိမ်တိုင်း အိမ်တိုင်း၌ မီးထွန်းညှိထားလိုက်ကြပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်းကိုး၏ အိမ်၌လည်း မီးအိမ်တစ်လုံး ထွန်းညှိထား၏။ မီးထွန်းလိုက်သူမှာ ဒေါ်လေးကူး ဖြစ်သည်။

ချင်းကိုးက အမှောင်ရိပ်ထဲ၌ မလှုပ်မယှက် ထိုင်နေ၏။

သူ မငိုပါ၊ ဘာမှ မစားပါ၊ ဘာမှ မပြောပါ။

အမှောင်ရိပ်ထဲ၌ တစ်ယောက်တည်း တိတ်ဆိတ်စွာ ထိုင်နေခြင်းသာ ဖြစ်ပါသည်။

ချင်းကိုးက စကားမပြောသော်လည်း ဦးလေးလွှကမူ ဒေါ်လေးကူးနှင့် ချင်းကိုး ကွယ်ရာတွင် စကားများ မရပ်မနား ပြောဆိုခဲ့ကြသည်။

"ချင်းဟန်တို့ ဇနီးမောင်နှံ မရှိကြတော့ဘူးဆိုတော့ ချင်းကိုးကို ငါတို့ပဲ ကြည့်ရှုစောင့်ရှောက် သွားရတော့မယ်၊ ဒီကောင်လေးဟာ လိမ္မာတဲ့ ကလေးတစ်ယောက်ပါ၊ သူ့ကို လူတော်လူကောင်းလေး တစ်ယောက် ဖြစ်လာအောင် ငါကိုယ်တိုင် ဆုံးမ ပဲ့ပြင်ပြီး ထိန်းကျောင်းသွားမယ်"

ဒေါ်လေးကူးက မဲ့မဲ့ရွဲ့ရွဲ့ဖြင့် ပြောသည်။

"ရှင်က တစ်နေ့တစ်နေ့ အရက်သောက်ဖို့လောက်ပဲ စဉ်းစားနေတာ၊ ကလေးတစ်ယောက်ကို ဘယ်လို ထိန်းကျောင်းနိုင်မှာလဲ ပြောစမ်းပါဦး"

"မင်း ဘာမှ မပူနဲ့၊ ငါ့တာဝန်သာထား"

"မပူလို့ ရမလား၊ ရှင့် အရက်ဖိုးကိုတောင် ကျွန်မ ရှာပေးနေရတာ၊ ဝင်ငွေ တစ်ပြားတစ်ချပ်မှ မရှိဘူး၊ တစ်နေကုန် အရက်သောက်ဖို့လောက်ပဲ စဉ်းစားနေတာ၊ ကြီးကြီးကျယ်ကျယ် စကားတွေ ပြောမနေစမ်းပါနဲ့ရှင်"

ဒေါ်လေးကူးက တစ်နေကုန် မအားရအောင် မြို့အနှံ့လှည့်ကာ ဟင်းသီးဟင်းရွက် ရောင်းရသည်။



တစ်ချိန်လုံး ပိုသီပတ်သီ ဖြစ်နေတတ်သည်။

ဦးလေးလွှကား လက်ကြောင်တင်းအောင် အလုပ်မလုပ်တဲ့ အရက်ကလေး တမြမြဖြင့် ဇရက်မင်းစည်းစိမ် ခံစားနေတတ်သူ ဖြစ်သည်။

ချင်းကိုး၏ မိဘများမှာ ချောင်လည်သဖြင့် ဒေါ်လေးကူးကို ပေးကမ်း ကူညီခဲ့သည်။

ဒေါ်လေးကူးကလည်း အလိုက်သိစွာဖြင့် အိမ်မှုကိစ္စ ဇာတိရများကို ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးခြင်းဖြင့် ကျေးဇူးတုန့်ပြန်ခဲ့သည်။

အိမ်နီးပါးချင်းများလည်းဖြစ်၍ ကြာသော် ဆွေမျိုးအရင်းအခြာများပမာ နှစ်အိမ်တစ်အိမ် ဖြစ်ခဲ့ကြလေသည်။

"ဟား ... ဟား ... ဟား ..."

ဦးလေးလွှက ရယ်မောလိုက်လေသည်။

"မင်း တော်တော်ညံ့တဲ့ မိန်းမပဲ၊ ချင်းကိုးအတွက် ငါ တာဝန်ယူပါမယ်လို့ မင်းကို ဘယ်နှစ်ခါ ပြောရမလဲ၊ မင်းလည်း ဒီကနေ့က စပြီး ဈေးမရောင်းနဲ့တော့"

"ဘာရှင့် ..."

"ချင်းကိုးရဲ့ မိဘတွေ ထားရစ်ခဲ့တဲ့ ပစ္စည်းဥစ္စာတွေ ရှိတယ်ဆိုတာ မင်း မသိဘူးလား၊ ငါတို့က ချင်းကိုးကို စောင့်ရှောက်သွားမှာဆိုတော့ ဒီပစ္စည်းတွေကို ငါတို့ပဲ ထိန်းသိမ်းပေးရမှာပေါ့"

"လက်စသတ်တော့ ရှင်က သူများပစ္စည်းကို မျက်စောင်းထိုးနေတာကိုး၊ အင်း ... တော်တော်လည်း ကိုယ့်ကိုယ်ကို အားကိုးတတ်တဲ့ လူပဲ၊ ရှင် တော်တော် ပင်ပန်းသွားဦးမယ်"

"ဟ ... ငါတို့က ချင်းကိုးကို တာဝန်ယူရမယ်လေ၊ ဒီတော့ သုံးစွဲပိုင်ခွင့် ရှိတာပေါ့၊ ဘာလဲ ... သူ့ပစ္စည်းတွေကို ဒီအတိုင်းထားပြီး ငါတို့က အငတ်ခံရှာဖွေ ကျွေးမွေးရမှာလား၊ ထိုး ... ဝေးသေး ၇

www.burmeseclassic.com



တယ်၊ ဒီလောက် အသုံးမကျတဲ့ အလုပ်မျိုး ဘယ်သူကမှ လုပ်မှာ မဟုတ်ဘူး"

"တော် ... တော် ရှင်တော်ရင် ကောင်းလိမ့်မယ်၊ တော်ကြာ ကလေးကြားသွားရင် ဝိုပြီး စိတ်မကောင်း ဖြစ်သွားလိမ့်မယ်"

ဒေါ်လေးကူး တားမြစ်လိုက်မှ ဦးလေးလွှကု ပိုကဲလာလေတော့သည်။

"မတော်နိုင်ဘူးကွ၊ စိုင်ကော်လို့ ချုံပေါ်ရောက်လာတာ၊ ငါ့ စကားနားထောင်၊ ငါ စီစဉ်တဲ့အတိုင်း လိုက်နာရမယ်"

"မလိုက်နာနိုင်ဘူး၊ ရှင် မတရားလုပ်လို့ မရဘူး"

ဒေါ်လေးကူးက ပြန်အော်သည်။

ဦးလေးလွှက ...

"နေစမ်းပါဦး ဒီကောင်လေးဘက်က နာနေရအောင် မင်းနဲ့ သွေးသားတော်စပ်လို့လား၊ ပြောစမ်းပါဦး၊ သူ့ကိုပစ္စည်းကို အလကား ထိုင်စားတာမှ မဟုတ်ဘဲ၊ ဟိုခွေးကောင်လေးကို ထိန်းသိမ်းစောင့် ရှောက်သွားမှာပဲ မဟုတ်လား"

"ရှင် ရိုင်းနိုင်းလှချည်လား၊ တော်ရင် ကောင်းမယ်"

"မတော်ဘူးဆိုတော့ မင်း ဘာလုပ်ချင်သလဲ"

"ရှင် ... ရှင် ..."

ဒေါ်လေးကူး စိတ်ဆိုးကာ ရှေ့တိုးလိုက်လေသည်။

ဦးလေးလွှကလည်း ထိုင်ခုံတစ်လုံး ဆွဲယူကာ ပစ်ပေါက်ရန် ဟန်ပြင်လိုက်၏။

သို့သော် ...

ဦးလေးလွှက ပစ်မပေါက် ဖြစ်ခဲ့ချေ။

အမှောင်ရိပ်ထဲမှ ထွက်လာသည့် ချင်းကိုးအား တွေ့မြင်လိုက် ရခြင်းကြောင့် ဖြစ်ပါသည်။



ချင်းကိုးက ရန်ဖြစ်နေကြသော ဒေါ်လေးကူးနှင့် ဦးလေးလွှတို့ အနီးသို့ လှမ်းလာ၏။

ထုံးစံအတိုင်း သူ၏မျက်နှာတွင် မည်သို့သော ခံစားချက် အရိပ်အယောင်ကိုမှ မတွေ့ရပါ။

ထူးထူးခြားခြား မျက်လုံးအစုံကသာ ဝင်းလက်တောက်ပြောင် နေသည်။

ဒေါ်လေးကူးသည် ချင်းကိုးအား တွေ့မြင်သွားပြီး ခေါင်းငုံ့သွား လိုက်လေသည်။

"ချင်းကိုး ဘယ်လိုမှ သဘောမထားနဲ့၊ မင်း ဦးလေးလွှက ဒီအတိုင်းပဲ၊ သူ့အကြောင်းကို မင်းသိပါတယ်"

ဦးလေးလွှက ထိုင်ခုံကို ကြမ်းပြင်ပေါ် ပြန်ချထားလိုက်သည်။

"ချင်းကိုး မင်းကို ငါတို့က စောင့်ရှောက်သွားရမှာကွ ဒါကြောင့် ..."

သူ၏ စကားမဆုံးမီ ချင်းကိုးက ကြားဖြတ်ပြောလိုက်၏။

"ကျွန်တော့်မိဘတွေရဲ့ အသုဘကိစ္စမှာ ကူညီဆောင်ရွက်ပေး ခဲ့ကြလို့ ကျေးဇူးတင်ပါတယ်၊ ဦးလေးလွှကော ဒေါ်လေးကူးပါ ကိုယ့်အိမ်ကိုယ် ပြန်နိုင်ကြပါပြီ ..."

ဦးလေးလွှ မျက်လုံးပြူးသွားလေသည်။

"ဘာကွ ... ငါတို့ အိမ်ပြန်ရမယ် ဟုတ်လား"

"ဟုတ်ပါတယ်"

ဦးလေးလွှက အသံတကြီး ပြောသည်။

ချင်းကိုးက ...

"ကျွန်တော် အေးအေး ဆေးဆေး နေချင်လို့ပါ"

"မင်းက ..."

"ကျေးဇူးပြုပြီး ဦးလေးလွှတို့ အိမ်ပြန်ကြပါတော့ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"တောက် ..."

ဦးလေးလွှေက တက်ခေါက်ကာ ကြမ်းပြင်ပေါ်သို့ ခြေဆောင့်လိုက်သည်။

"ကောင်းကွာ ... ငါတို့က နေ့မအိပ် ညမအိပ် အပင်ပန်းခံပြီး ကူညီခဲ့ရတယ်၊ ခုတော့ ငါတို့ကို နှင်ထုတ်ပြီပေါ့ ဟုတ်လား၊ မလောက်လေး မလောက်စား ကောင်လေးတစ်ယောက်ရဲ့ နှင်ထုတ်ခံရတာ အသည်းနာဖို့ ကောင်းလိုက်တာ ..."

ဒေါ်လေးကူးက ဝင်နှက်လိုက်လေသည်။

"နေ့မအိပ် ညမအိပ် ပန်ပန်းတာက ကျွန်မပါ၊ အသုဘကိစ္စမှာ သူတို့ ငွေတွေကို သုံးစွဲခဲ့တာပဲ၊ ကျွန်မတို့ ဘယ်မှာ တစ်ပြားတစ်ချပ် စိုက်ရလို့လဲ၊ ရှင်တောင် ကောင်းကောင်းစား ကောင်းကောင်း သောက်ရသေးတယ်၊ သူ့များပိုက်ဆံနဲ့ မတရားသောက်ပြီး ဓိမ်ကျ နေတာကို ထည့်ပြောဦး ..."

"မင်း ... မင်း ..."

ဦးလေးလွှေက ထိုင်ခုံကို ကောက်ကိုင်လိုက်ပြန်သည်။

ဒေါ်လေးကူး ဂရုမစိုက်ချေ။

ချင်းကိုး၏ ဦးခေါင်းကို ပွတ်သပ်ပေးရင်း နှစ်သိမ့်လိုက်လေသည်။

"ချင်းကိုး ဘာမှ အားမငယ်နဲ့၊ မင်းမိဘတွေရဲ့ ကျေးဇူးတွေ ဒေါ်ဒေါ်အပေါ်မှာ ဆပ်မကုန်နိုင်အောင် ရှိနေတယ်၊ အကူအညီလိုရင် ပြောပေါ့ ဟုတ်လား"

သူမသည် ချင်းကိုး၏ အိမ်၌မနေဘဲ ကိုယ့်အိမ်ကိုယ် ပြန်သွားတော့မည် ဖြစ်ပါသည်။

ဦးလေးလွှေက ...

"ချင်းကိုး မင်းရဲ့အသက် ဆယ့်ငါးနှစ်ပဲ ရှိသေးတယ်၊ ငါတို့



စေတနာထားပြီး ကူညီနေတာ၊ ငါတို့ မကူညီရင် မင်းကို ဘယ်သူ ကူညီစောင့်ရှောက်မှာလဲ ပြောစမ်းပါဦး ..."

ချင်းကိုးက ...

"ကျွန်တော့်ကို ကျွန်တော် တာဝန်ယူပါ့မယ်"

"ဘာကွ ..."

ဦးလေးလွှေ ဆက်ပြောစရာစကား ရှာမရအောင် ဖြစ်သွားတော့သည်။

ဒေါ်လေးကူး ထောက်ခံလိုက်သည်။

"ကောင်းတယ်၊ ငါ့တူရဲ့ စိတ်ဓာတ်ကို ဒေါ်ဒေါ် သဘောကျတယ်၊ ယောကျ်ားဆိုတာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ရတဲ့ သတ္တိရှိရမှာပေါ့၊ ဒေါ်ဒေါ်တို့လည်း မနေပါဘူး၊ လိုအပ်တာရှိရင် ဝိုင်းဝန်းကူညီ စောင့်ရှောက်သွားမှာပါ"

ချင်းကိုးက ...

"ခုချိန်မှာ ကျွန်တော် တစ်ယောက်တည်း အေးအေး ဆေးဆေး နေချင်လို့ပါ ဒေါ်လေးကူး"

"ဒေါ်ဒေါ် သဘောပေါက်ပါတယ်ကွယ်"

ဒေါ်လေးကူးက ဦးလေးလွှေကို လှမ်းခေါ်လိုက်သည်။

"ရှင် ဘာလုပ်နေတာလဲ၊ အိမ်ပြန်ကြမယ်"

စကားဆုံးလျှင် အိမ်ထဲမှ ထွက်သွားလေသည်။

ဦးလေးလွှေ ဘာမှ မတတ်သာတော့ပါ။

ချင်းကိုးအား မျက်လုံးပြူးကာ ကြည့်လိုက်လေသည်။

"မင်း တော်တော် ကျေးဇူးကန်းတဲ့ကောင်၊ နောက်ဆို မင်း ဘာပဲဖြစ်ဖြစ် ငါတို့လာပြီး မကူညီဘူး"

မဲ့ရွဲ့ကာပြောရင်း ခြေသံပြင်းပြင်းနှင့်ကာ အိမ်ထဲမှ ထွက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်းကိုးသည် သူတို့ ထွက်သွားသောအခါ တံခါးပိတ်ထား လိုက်တော့သည်။

မီးအိမ်ကိုလည်း ငြိမ်းသတ်လိုက်သည်။

ထို့နောက် ...

အမှောင်ထဲမှာပင် အိမ်နံရံကိုကျောမှီကာ အမှောင်ထဲ၌ ငုတ်တုတ် ထိုင်ချလိုက်လေ၏။

❖ ❖ ❖

မီးရောင် မရှိသဖြင့် တစ်အိမ်လုံး မှောင်မည်းနေပါသည်။

ချင်းကိုးက နံရံကိုမှီကာ မလှုပ်မယှက် ထိုင်နေ၏။

မှောင်နေသော်လည်း သူ၏မျက်လုံးထဲ၌ မြင်ကွင်းအချို့ကို ထင်ရှားပြတ်သားစွာ တွေ့မြင်နေရသည်။

မိဘနှစ်ပါးနှင့်အတူ ပျော်ရွှင်စွာ နေထိုင်ခဲ့ရပုံ၊ မိဘနှစ်ပါး သည် တစ်ဦးတည်းသော သားလေးဖြစ်၍ အလွန်ပင် ချစ်မြတ်နိုး ကြပုံ၊ အလိုလိုက် အကြိုက်ဆောင်ပုံတို့ကို ပြန်လည် မြင်ယောင်နေ ခဲ့သည်။

သို့သော် ချင်းကိုးသည် မိဘအလိုလိုက်၍ ဆိုးသွမ်းသော ကလေးတစ်ယောက် ဖြစ်မသွားပါ။

အလွန်လိမ္မာရေးခြားရှိသော ကလေးအဖြစ် ချီးကျူးခံခဲ့ရသည်။

မိခင်ကြီး ယင်နန်က ချင်းကိုးအား စာသင်ပေးသည်။

လိမ္မာယဉ်ကျေးအောင် ဆုံးမသည်။

ဖခင်ကြီးက ဘဝနောင်ရေး စိတ်အေးရလေအောင် စီးပွားရှာ ပေးသည်။

ဤသို့ဖြင့် ချင်းကိုးတို့မိသားစု ဘဝလေးမှာ အေးချမ်းကာ သာယာမိုက်ခဲ့သည်။



ယခုဆိုလျှင် ...

ချင်းကိုး၏အသက် ဆယ့်ငါးနှစ်ရှိလာပြီ ဖြစ်သည့်တိုင် မိဘ နှစ်ပါး၏ မျက်စိထဲ၌ ကလေးငယ်တစ်ယောက်ပမာ ရှိနေဆဲ ...

ချင်းကိုးသည် မိဘနှစ်ပါးနှင့် ပျော်ရွှင်စွာ နေထိုင်ခဲ့ပုံများကို မြင်ယောင်ရင်း ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ် လာသည်။

ထိုပျော်ရွှင်သော မိသားစုဘဝလေးကို ဘယ်သောအခါမှ ပြန်ရ နိုင်တော့မည် မဟုတ်ပါ။ မိဘများ သူ့ဘဝ၌ ပျောက်ဆုံးခဲ့ပါပြီ။ နေမင်းကြီးနှင့် လမင်းကြီး ပျောက်ကွယ်သွားခဲ့ပါပြီ။

ပျော်ရွှင်မှု ပျောက်ဆုံးသွားသော တစ်ကောင်ကြွက် ဖြစ်ခဲ့ရ ပါပြီ ...

ချင်းကိုးသည် ခံစားချက် ကင်းမဲ့သော ကောင်လေးတစ် ယောက်တော့ မဟုတ်ခဲ့ချေ။

မိဘများအတွက် ဖြေဖျောက်နိုင်အောင် ဝမ်းနည်းကြေကွဲနေ ခဲ့သည်။

အဖြစ်ဆိုးနှင့် ကြုံလိုက်ရခြင်းကြောင့် ဆောက်တည်ရာမရ ဖြစ်ခဲ့သည်။

သို့သော် ...

ချင်းကိုး မငိုပါ။

သူ၏ ရင်ထဲ၌ နောက်တစ် ဖြစ်ပေါ်လာသော ခံစားချက်တစ်ခု က ငိုကြွေးခြင်း မပြုရန်၊ ဘဝကိုကို အရှုံးမပေးရန် တွန်းအားပြုကား ခြင်းကြောင့် ဖြစ်ပါသည်။

နောက်ထပ် ...

ဖြစ်ပေါ်လာသည့် ခံစားချက်မှာ မခံမရပ်နိုင်သော နာကြည်း မုန်းတီးမှု ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ မိသားစုလေးအား ဖြိုခွဲခဲ့သည်များအား အလွန်နာကြည်း မုန်းတီးသွားသည့်အပြင် ဘယ်သောအခါမှ ခွင့်လွှတ်နိုင်တော့မည် မဟုတ်ချေ။

ထို လူဆိုးဓားပြ လူယုတ်မာများအား ချေမှုန်းသုတ်သင်ပစ်ရပေမည်။

စိတ်ပျက် ငိုကြွေးနေခြင်းဖြင့် အရှုံး မပေးလိုပါ။

သူ့လို ကြီးကောင်ဝင်စ ကောင်လေးတစ်ယောက်အနေဖြင့် ရက်စက် ကြမ်းကြုတ်လှသော လူဆိုးဓားပြကြီးများအား ရင်ဆိုင်ဆုံးမဖို့ဆိုသည်မှာ အိပ်မက်ပင် မမက်ဝံ့သောကိစ္စ ဖြစ်သည်။

ချင်းကိုးက ထို မဖြစ်နိုင်ဟု ထင်ရသောကိစ္စအား ဖြစ်အောင်လုပ်ဖို့အကြံ ရှိသည်။

ချင်းကိုးသည် မြင်းကွင်းတစ်ခုကို မြင်ယောင်မိပြန်သည်။

သူ၏ ဦးခေါင်းထဲ စွဲနေသော ထိုမြင်းကွင်းကြောင့် လူဆိုးဓားပြများအား ရင်ဆိုင်ဆုံးမလိုသော အကြံအစည် ပေါ်ပေါက်လာခဲ့ရခြင်းလည်း ဖြစ်ပါသည်။

ချင်းကိုးသည် အမှောင်ထဲ၌ တစ်ယောက်တည်း တိတ်ဆိတ်စွာထိုင်ရင်း တွေးတော စဉ်းစားနေလေတော့သည်။

❖ ❖ ❖

အခန်း(၂)

# ဆုံးဖြတ်ချက်

နေခြည်ဖြာကျကာ သာယာသော နေ့တစ်နေ့ ဖြစ်ပါသည်။

ချင်းကိုးသည် မြို့ပြင်သို့ ထွက်လာခဲ့သည်။

မြို့ပြင် တောအုပ်ထဲ၌ အလေ့ကျပေါက်နေသော ရောင်စုံတောပန်းရိုင်းများ ရှိနေပြီး ပန်းဝတ်ရည် စုပ်ယူရန် ရောက်လာကြသော လိပ်ပြာကလေးများကလည်း အရောင်အသွေးအမျိုးမျိုး အရွယ်အစားအမျိုးမျိုး ရှိနေကြသည်။

ချင်းကိုးသည် လိပ်ပြာကလေးများကို အလွန် သဘောကျသူဖြစ်ပါသည်။

မိခင်ကြီးထံ ခွင့်တောင်းကာ မြို့ပြင်ထွက်ပြီး လိပ်ပြာကလေးများကို ကြည့်တတ်သည်။

ယနေ့တွင် ...

မိခင်ကြီး ပါမလာဘဲ ချင်းကိုးတစ်ယောက် လွတ်လွတ်လပ်လပ် ဖြစ်နေပါသည်။

ချင်းကိုး တောအုပ်ထဲ ရောက်လာသောအခါ လိပ်ပြာကလေးများအား မတွေ့ရဘဲ ထူးခြားသော မြင်းကွင်းတစ်ခုကို တွေ့မြင်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခွပ် … ခွပ် … ခွပ် …"

"ခွပ် … ခွပ် … ခွပ် …"

မြင်းခွာသံများ ထွက်ပေါ်လာ၏။

အဖြူရောင် ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ကာ ခါး၌ဓားတစ်လက် ချိတ်ဆွဲထားသောသူ တစ်ယောက်သည် မြင်းဖြူကြီးတစ်ကောင်ကို ကြွားကြွားရားရား စီးနင်းကာ တောလမ်းအတိုင်း ဖြတ်သန်းလာ၏။

ထိုလူ၏ခါး၌ ချိတ်ဆွဲထားသောဓားမှာ ရွှေချထားသဖြင့် ရွှေ ရောင်တဖိတ်ဖိတ် တောက်ပြောင်နေပါသည်။ ချင်းကိုးသည် တော ပန်းရုံများကြား၌ ရောက်ရှိနေသဖြင့် မြင်းစီးသမားက သူ့အား သတိ ပြုမိခြင်း မရှိခဲ့ပေ။ အလွန် ကြည်ညိုလေးစားဖွယ် ကောင်းသော ရုပ်သွင်ရှိသည်။ မြင်းစီးသမားသည် ချင်းကိုးနှင့် မလှမ်းမကမ်း ရောက်လာလျှင် မြင်းကို တုံ့ခနဲ ရပ်တန့်လိုက်လေသည်။

တစ်ဆက်တည်းမှာပင် …

ဩဇာအာဏာ အပြည့်ပါသောအသံဖြင့် အော်ပြောလိုက်သည်။

"ဟိတ် … ပုန်းမနေနဲ့ ထွက်လာခဲ့ကြစမ်း"

ထိုလူ၏ အသံကြောင့် ချင်းကိုး ထိတ်လန့်သွားသည်။

"ငါ့ကို ပြောတာထင်တယ်"

တောပန်းရုံများကြားမှ လှမ်းထွက်ဖို့ ဟန်ပြင်လိုက်မိသည်။

ထိုစဉ် …

"ဟား … ဟား … ဟား …"

"ဟား … ဟား … ဟား …"

ငှက်ဆိုးထိုးသံပမာ စူးရှကျယ်လောင်သော ရယ်မောသံ ထွက်ပေါ်လာလေသည်။

"ဟူး … ဟူး … ဟူး …"

အဝတ်အစား လေတိုးသံများလည်း ထွက်ပေါ်လာသည်။



ဓားကိုယ်စီ ကိုင်ဆောင်ထားကြသော လူထွားကြီးသုံးယောက် သစ်ပင်များကြားမှ ပြေးထွက်လာကာ မြင်းစီးသမားအား ဝိုင်းရံထား လိုက်ကြသည်။

ထို လူထွားကြီး သုံးယောက်မှာ အလွန်သန်မာ ထွားကျိုင်းကြ ပြီး ကြောက်မက်ဖွယ်ကောင်းသည့် ရုပ်ရည်ရှိကြ၏။ သူတို့လက်ထဲ တွင် ကိုင်ဆောင်ထားသော ဓားများသည်လည်း အရောင်တဖိတ်ဖိတ် ဝင်းလက် တောက်ပလျက် ရှိလေ၏။

"ရွှေဓားသိုင်းသမား ကျင်းကျန်း၊ ဒီကနေ့ မင်း သေဖို့သာ ပြင်ထားပေတော့"

လူထွားကြီးတစ်ယောက်က အော်ဟောက်လိုက်သည်။

မြင်းစီးသမား၏ အမည်မှာ ရွှေဓားသိုင်းသမား ကျင်းကျန်း ဖြစ်ကြောင်း ချင်းကိုး နားလည်လိုက်လေ၏။

ကျင်းကျန်း ပြုံးလိုက်သည်။

"ဘယ်သူတွေများလည်း မှတ်တယ်၊ 'တကိုး' ဦးဆောင်တဲ့ ဘီလူးလေးဖော်'ကိုး၊ ခင်ဗျားတို့ လေးယောက်ထဲက ညီအငယ်ဆုံး တစု'က ကျုပ်လက်ချက်နဲ့ သေဆုံးသွားပြီဆိုတော့ ခင်ဗျားတို့ သုံးယောက်ပဲ ကျန်တော့တယ်၊ ဒါကြောင့် 'ဘီလူးလေးဖော်'ကနေ 'ဘီလူးသုံးဖော်'ဖြစ်သွားပြီ၊ ဟား … ဟား … ဟား …"

သူ့၏စကားကို သူကိုယ်တိုင် ဖြန့်ပြီး သဘောကျသွားသည့် …လား တဟားဟား ရယ်မောလိုက်သည်။

ဘီလူးလေးဖော်သည် သိုင်းလောက၌ အမည်ဆိုးဖြင့် ထင်ရှား သော အောက်လမ်းသိုင်းသမားများ ဖြစ်ပါသည်။ သူတို့သည် …ကောင်းမှုမှန်သမျှ အကုန်လုပ်သည်။

သိုင်းပညာအားကိုးဖြင့် လူသတ်၊ ဓားပြတိုက်၊ သူ့[illegible]ပါး …းမျိုး သမီးမျိုး ဖျက်ဆီးကာ ထင်တိုင်းကျဲခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ...

မကောင်းသူပယ် ကောင်းသူကယ်၊ မတရားမှုကို ရွံရှာ မုန်းတီး သော သိုင်းသမားကြီး ကျင်းကျန်းက ဆုံးမနိမ်နင်းခဲ့ခြင်း ဖြစ်သည်။

ကျင်းကျန်းသည် ရွှေပိန်းချထားသော ဓားတစ်လက်ကို အသုံး ပြုသူဖြစ်၍ သိုင်းလောကသားများက 'ရွှေဓား ကျင်းကျန်း'ဟု တင် စားခေါ်ဝေါ်ကြခြင်းပင် ...။

ကျင်းကျန်းက ရယ်မောပြီး စကားဆက်လိုက်သည်။

"ဘီလူးလေးဖော်ကို ဆုံးမမယ်ဆိုကာမှ 'တစု'တစ်ယော ကိုပဲ ရှာတွေ့ခဲ့တယ်၊ ဒါကြောင့်မို့လို့ သူ့ကို ဆုံးမလိုက်ရပေမယ့် ကျုပ်ရဲ့ဆန္ဒ မပြည့်ဝခဲ့ဘူး၊ အခု ခင်ဗျားတို့ သုံးယောက်ကို တွေ့ရ ကျုပ် ပင်ပင်ပန်းပန်း လိုက်ရှာစရာ မလိုတော့ဘူးပေါ့"

ဘီလူးလေးဖော်အနက် အကြီးဆုံးဖြစ်သော 'တကိုး'က ဒေ ဝေ့ယမ်းရင်း ပြောသည်။

"ကျုပ်တို့ကလည်း မင်းကို သုတ်သင်ရှင်းလင်းပစ်ရမှ အေး မယ်ဆိုတာ မှတ်ထားပါ၊ ကျုပ်တို့နဲ့မင်းမှာ ရှင်းလင်းစရာ သွေးကြွေ ရှိနေတယ်ကွ ..."

"ကောင်းသားပဲ၊ ဘယ်သူက ဆုံးမနိုင်မလဲဆိုတာ ကြည့် သေးတာပေါ့"

ရွှေဓားကို ခြွမ်းခနဲမြည်အောင် ဆွဲထုတ်ကာ မြင်းပေါ်မှ ဆင်းလာသည်။

"ယား ..."

တကိုး၊ တအော့နှင့် တစန်းဆိုသော လူထွားကြီး ညီအစ် သုံးယောက်သည် ညာသံပေးကာ ကျင်းကျန်းအား ဝိုင်းရံတိုက်ခိုက် လိုက်ကြသည်။

လိပ်ပြာကလေးများ ကြည့်ရန်လာခဲ့သည့် ချင်းကိုးမှာ မ



လင့်ဘဲ သိုင်းလောကသားတို့၏ တိုက်ပွဲနှင့်ကြုံတွေ့ရလေတော့ သည်။

သူတို့၏မြို့သို့ သိုင်းလောကသားများ အဝင်အထွက် ရှိကြ သဖြင့် မကြာခဏ တွေ့မြင်ဖူးပြီး မစိမ်းလှပါချေ။

သို့သော် သိုင်းလောကသားများ၏ တိုက်ပွဲကိုမူ ယခုမှ ပထမ ဆုံးအကြိမ် တွေ့မြင်ဖူးခြင်း ဖြစ်သည်။

ချင်းကိုးသည် ကြောက်ရွံ့ထိတ်လန့် သွားရမည့်အစား ပို၍ စိတ်ဝင်စားသွားသည်။

ကျင်းကျန်းတို့ ပြောဆိုနေသည့် စကားများကြောင့် သူတို့ ည်သို့ ဖြစ်ပျက်ခဲ့သည်ကို သိရှိနားလည်ခဲ့သည်။

လူထွားကြီး သုံးယောက်၏ ဝိုင်းရံတိုက်ခိုက်မှုကို ခံရသဖြင့် ကျင်းကျန်း ဒုက္ခရောက်မည်ကိုပင် စိုးရိမ်မိခဲ့သည်။

တောပန်းရုံကြားမှ ချောင်းကြည့်ရင်း ကျင်းကျန်း အနိုင်ရပါ စေဟုပင် ဆုတောင်းပေးနေမိသည်။

ပြင်းထန်သော တိုက်ပွဲကား ဖြစ်ပေါ်လာချေပြီ ...

"တိုက်ကြဟေ့ ..."

"ယား ..."

"သေပေတော့ ..."

တကိုးတို့သုံးယောက်က အသံဝါကြီးများဖြင့် ညာသံပေးကာ ဝစ်ဟုန်ထိုး တိုက်ခိုက်လိုက်ကြသည်။

ကျင်းကျန်းကလည်း ရွှေဓားကို ဝှေ့ယမ်းကာ ပြန်လည်ရင် ဆိုင် လိုက်လေသည်။

နေရောင်ခြည်ဖြင့် ဓားရောင်များ ဖွေးဖွေးလှုပ်သွား၏။

ကျေးငှက် သာရကာလေးများ၏ သဘာဝ တေးဆိုသံများ ကြားရတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်တကြား အဝေးသို့ ပျံသန်းထွက်ပြေးကြပြီ ဖြစ်ပါသည်။

"ဝုတ် ... ဝုတ် ... ဝုတ် ..."

"ခြွမ်း ... ခြွမ်း ... ခြွမ်း ..."

"ဝုန်း ..."

"အား ..."

လက်နက်အချင်းချင်း ပြင်းထန်စွာ ထိတွေ့မိသောအသံများ ညာသံပေးသံများ စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

လွှရိပ်များ ပူးကပ် ရောထွေးသွား၏။

ချင်းကိုး၏ မျက်လုံးထဲ၌ ရှပ်ယှက်ခတ်သွားပြီးလျှင် တကိုးတို့သုံးယောက် ဒဏ်ရာကိုယ်စီရကာ နောက်ဆုတ်လိုက်ကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ကျင်းကျွန်း အနိုင်ရလိုက်ပြီ ဖြစ်သည်။

"တော်လိုက်တာ ..."

ချင်းကိုး ဝမ်းသာအားရဖြစ်ကာ စိတ်ထဲမှ ချီးကျူးမိလိုက်လေသည်။

ရွှေဓားသိုင်းသမား ကျင်းကျွန်းသည် အသာစီး ရလိုက်သော်လည်း ဆက်၍ တိုက်ခိုက်ခြင်းမပြုဘဲ တကိုးတို့အား အခွင့်အရေး ပေးလိုက်လေသည်။

"တကိုး ခင်ဗျားတို့သုံးယောက် နောင်တရပြီး မကောင်းမှုတွေကို စွန့်လွှတ်ကြမယ်၊ လူကောင်းဖြစ်အောင် ကြိုးစားသွားကြမယ် ဆိုရင် ကျုပ် ခွင့်လွှတ်လိုက်ပါမယ် ဘယ်လိုလဲ"

တကိုးတို့ သုံးယောက်ကား ဒေါသကြီးသူ မိုက်မဲသူများဖြစ်ကြသည်။ သူတို့အပေါ် စေတနာထားသည်ကို နားမလည်ကြချေ။

"ကျုပ်တို့က ခင်ဗျားကို ကြောက်နေရမှာလား"



"သေဖို့ ပြင်ထား ..."

"ဟိတ် ... ကျုပ်တို့က ဘယ်တော့မှ ဒူးထောက်အညံ့မခံဘူး ဆိုတာ မှတ်ထားပါ"

တစ်ယောက်တစ်ပေါက် အော်ငေါက်လိုက်ကြပြီး ကျင်းကျွန်း အား သပိခဲ တိုက်ခိုက်ကြပြန်သည်။

ကျင်းကျွန်း စိတ်ပျက်သွားလေသည်။

"ခင်ဗျားတို့ ဆက်ပြီး မိုက်မဲနေကြမယ် ဆိုရင်တော့ ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ပါဘူးဗျာ၊ ခင်ဗျားတို့ကို ဖယ်ရှားလိုက်ရင် အပြစ်မရှိတဲ့လူတွေ ချမ်းသာရာ ရကြလိမ့်မယ်၊ ကျုပ် အဆိုးမဟုတ်တော့ဘူး"

ရွှေရောင်တဖျပ်ဖျပ် ဝင်းလက်သွားအောင် ရွှေဓားကို ဝှေ့ယမ်းကာ ပြတ်ပြတ်သားသား တိုက်ခိုက်ပစ်လိုက်၏။

တကိုးတို့သုံးယောက် မယှဉ်နိုင်တော့ပါ။

နောက်ထပ် သိုင်းကွက် ဆယ့်ငါးကွက်ခန့် ယှဉ်ပြိုင်တိုက်ခိုက်ပြီးသည်နှင့် ...

"ဝုန်း ..."

"အား ..."

"အမယ်လေး ..."

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာသည်။

တကိုးတို့ သုံးယောက်မှာ ကျင်းကျွန်း၏ ဓားချက်မိကာ မြေပေါ်သို့ ဝုန်းခနဲ ဝုန်းခနဲ လဲကျသွားပြီး အမိုက်ဇာတ် သိမ်းသွားကြလေတော့သည်။

တိုက်ပွဲကြောင့် ...

ဆူဆူညံညံ ဖြစ်ခဲ့သော တောအုပ်မှာ ပြန်လည်တိုက်ဆိတ် ငြိမ်သက်သွားပြီ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းကျန့်တို့ သုံးယောက်ကား မြေပေါ်လဲကျကာ မလှုပ်မယှက် ငြိမ်သက်နေပြီ ဖြစ်သည်။

ကျင်းကျန်းသည် တကိုးတို့အား ညှာတာထောက်ထားနေ၍ မဖြစ်တော့ပါ။

ချင်းကိုးသည် ကျင်းကျန်းက အဘယ့်ကြောင့် ပြတ်ပြတ်သားသား တိုက်ခိုက်လိုက်ရသည်ကို နားလည်သည်။

ကျင်းကျန်းက မြင်းပေါ်သို့ ခုန်တက်ရန် ဟန်ပြင်ပြီးမှ မတက်သေးဘဲ ချင်းကိုး ပုန်းအောင်းနေသည့် ပန်းရုံများဘက်သို့ မျက်နှာမူလိုက်သည်။ သူက အေးအေး ဆေးဆေးပင် လှမ်းပြောသည်။

"မင်း ဘယ်သူဘဲဖြစ်ဖြစ် ထွက်လာခဲ့ပါ"

ချင်းကိုးသည် ယခုတစ်ကြိမ်တွင် မိမိအား ပြောလိုက်ခြင်း ဖြစ်ကြောင်း သေချာသွားသည်။ သူသည် ပန်းရုံများကြားမှ တိုးထွက်လိုက်သည်။

ကျင်းကျန်း အံ့သြသွားလေ၏။

"ကောင်လေး တစ်ယောက်ပါလား၊ အံ့သြစရာပဲ ..."

ချင်းကိုး ဦးညွှတ်လိုက်သည်။

"ကျွန်တော်က ချင်းကိုးပါ၊ ဦးကို လေးစားပါတယ်ခင်ဗျာ"

ကျင်းကျန်း ပြုံးလိုက်သည်။

"မင်းက လိမ်လိမ်မာမာ ရှိသားပဲ၊ လူဆိုးလေးတစ်ယောက်တော့ မဖြစ်နိုင်ပါဘူး၊ ကဲ ... ဘယ်လိုဖြစ်ပြီး တောပန်းရုံတွေကြားထဲမှာ ပုန်းနေရတာလဲ၊ ပြောစမ်းပါဦး"

ချင်းကိုးက ...

"ကျွန်တော် လိပ်ပြာလေးတွေကြည့်ဖို့ လာခဲ့တာပါခင်ဗျာ"

အကျိုးအကြောင်း ရှင်းပြလိုက်သည်။ ယနေ့ကျမှ သူ့မိခင် မပါလာကြောင်းကိုလည်း ရှင်းပြသည်။



ကျင်းကျန်း ပြုံးလိုက်သည်။

"မင်းက လိပ်ပြာကြည့်ဖို့ လာတာ ဒီမှာ တိုက်ပွဲနဲ့ တိုးနေလို့ အခက်ကြုံသွားမှာပေါ့ ဟုတ်လား"

"ကိစ္စမရှိပါဘူးခင်ဗျာ၊ သိုင်းပညာကို ကျွန်တော် စိတ်ဝင်စားမိပါတယ်၊ ဦးတို့ တိုက်ပွဲကလည်း ကြည့်ကောင်းတာကိုး ..."

"ကောင်းတယ်၊ သိုင်းပညာတတ်ထားရင် ကိုယ့်ကိုကိုယ် ကာကွယ်နိုင်မယ်၊ အများအကျိုးလည်း သယ်ပိုးဆောင်ရွက်နိုင်မှာပေါ့"

"ဟုတ်ကဲ့ ... တစ်နေ့ကျရင် ကျွန်တော့် မိဘတွေဆီမှာ ခွင့်တောင်းပြီး သိုင်းပညာ သင်ယူပါဦးမယ်"

ကျင်းကျန်း ရယ်မောလိုက်သည်။

"မင်း မဆိုးဘူး၊ မင်းရဲ့မိဘတွေ ခွင့်ပြုလို့ သိုင်းပညာ သင်ချင်တယ်ဆိုရင် ငါ့ဆီကို လာခဲ့ပေါ့၊ စစ်ထိုင်မြို့မှာ ငါနေတယ်၊ ရွှေဓားသိုင်းသမား ကျင်းကျန်းလို့ မေးလိုက်ရင် လူတိုင်းသိတယ်"

"ကောင်းပါပြီ ခင်ဗျာ၊ ကျေးဇူးတင်ပါတယ်"

ချင်းကိုးက ဦးညွှတ်လိုက်လေသည်။

"ကဲ ... ငါ သွားမယ်"

"ဟုတ်ကဲ့ ..."

ကျင်းကျန်းသည် မြင်းပေါ်ခုန်တက်ကာ လလက်ဆော့ယမ်းပြပြီး ဒုန်းစိုင်း မောင်းနှင်သွားတော့သည်။

ချင်းကိုးလည်း လက်ပြနှုတ်ဆက်ရင်း ကျန်ရစ်ခဲ့သည်။

ကျင်းကျန်း မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

အတွေးလိပ်ပြာများသည် ပြန်လည်ထွက်ခွာသွားကြလေ၏။ ညဉ့်နက်ပြီ ဖြစ်သည်။

ချင်းကိုးက နံရံကိုကျောမှီကာ ထိုင်နေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



ရွှေစားကျင်းကျွန်းသည် ဘိလူးလေးဖော်ဆိုသော ဆိုးသွမ်းမိုက်မဲသည့် စားပြကြီးလေးယောက်အား ဆုံးမနိုင်ခဲ့သည်မှာ သူ၏ ထက်မြက်သော သိုင်းပညာကြောင့် ဖြစ်သည်။

"ငါသာ သိုင်းပညာ တတ်မြောက်မယ်ဆိုရင် ငါ့မိဘတွေကို သတ်ပစ်ခဲ့တဲ့ လူဆိုး စားပြတွေကို ဆုံးမနိုင်မှာ သေချာတယ်"

ချင်းကိုးသည် သိုင်းပညာ သင်ယူလိုစိတ် ဖြင်းပြလာသည်။

သိုင်းပညာ သင်ယူရရှိနိုင်မည့် အခွင့်အရေးလည်း ရှိနေသည်။ ရွှေစားကျင်းကျွန်းက သိုင်းပညာ သင်ယူလိုက်ပါက သူထံသို့ လာခဲ့ရန် သူက အကူအညီပေးမည် ဖြစ်ကြောင်း ကတိပေး ပြောကြားသွားသည် မဟုတ်ပါလား။

ချင်းကိုးက ...

"ငါ သိုင်းပညာ သင်ယူမယ်"

"ဆရာကြီး ကျင်းကျွန်းဆီကို ငါ အရောက်သွားမယ်"

ဟူ၍ ထပ်ကာတလဲလဲ ရေရွတ်နေလိုက်လေတော့သည်။

❖ ❖ ❖

နေအတော်မြင့်နေပြီ ဖြစ်သည်။

"ဝါး ..."

ဦးလေးလွှေ သမ်းဝေးရင်း အိပ်ရာမှ နိုးလာသည်။

မျက်စိနှစ်လုံး ပွင့်သည်နှင့် အရက်သောက်လိုစိတ်များ ဖြစ်ပေါ်လာသည်။

လွန်ခဲ့သည့် ရက်များက ချင်းကိုး၏ မိဘများ အသုဘကိစ္စကို ဦးစီးဆောင်ရွက်ခွင့် ရခဲ့သည်။ ချင်းကို ပိုင်ဆိုင်သည့် ငွေများကို သုံးစွဲခွင့်ရသဖြင့် ဖောဖောသီသီသုံးကာ အရက်ကို စိတ်ကြိုက်သောက်နိုင်ခဲ့သည်။



ယခုတော့ ... ချင်းကိုးက လက်မခံတော့ပြီ ...။

"ခွေးကောင်လေး ..."

အရက်သောက်ဖို့ လက်ထဲ၌ တစ်ပြားတစ်ချပ်မှ မရှိလေသောကြောင့် ဦးလေးလွှေက ချင်းကိုးအား ကျိန်ဆဲလိုက်သည်။

ထိုအချိန်မှာပင် ဒေါ်လေးကူးကား အကြောင်းသိဖြစ်ရာ ရှည်ရှည်ဝေးဝေး ပြော မနေတော့ချေ။

ထုံးစံအတိုင်း ဆန်ကြမ်းအရက်တစ်ခွက်ဖိုး ငွေတစ်ကျပ် ပေးလိုက်လေသည်။

ဦးလေးလွှေ မျက်နှာကြီး ရှုံ့မဲ့သွားသည်။

"ဒါပဲလား"

"ဘာရှင့် ... ရှင်က ဘယ်လောက်တောင် လိုချင်လို့လဲ၊ ရှင် ဝင်ငွေ ဘယ်လောက် ..."

"တော် ... တော်ပါ မိန်းမရယ်၊ ဒါကြောင့် ဟိုကောင်လေးကို တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်သွားကြဖို့ ပြောတာပေါ့၊ ဒါဆိုရင် မင်းလည်း ပင်ပင်ပန်းပန်း ဈေးမရောင်းရတော့ဘူး၊ ငါလည်း အရက်မှန်မှန် သောက်ရမယ်၊ သူ့မိဘရဲ့ ပစ္စည်းတွေ ..."

"ရှင် ပါးစပ်ပိတ်ထားလိုက်ရင် ကောင်းမယ်၊ ရှေ့ဆက်ပြီး မဟုတ်တာတွေ ပြောလာမယ်ဆိုရင်တော့ ကျွန်မ သည်းခံမှာ မဟုတ်ဘူး၊ ချင်းကိုးလေးကို သနားရမယ့်အစား လိမ်ညာလှည့်ဖြားချင်တာ မရှက်ဘူးလား"

ဒေါ်လေးကူးက ခါးထောက်ရန်တွေ့လိုက်သဖြင့် ဦးလေးလွှေ၏ မျက်နှာကြီး နီရဲသွားလေသည်။

"တော်စမ်းပါ၊ ဒီကောင်လေးက ဘယ်လောက်များ ချမ်းသာလို့ ငါက ကပ်ရပ်စားသောက်ရမှာလဲ၊ ငါ့ဘာသာ နေလို့ရတယ်၊ စားလို့ရတယ်၊ မူးအောင်သောက်လို့ ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဪ... ရှင်နေလို့ စားလို့ သောက်လို့ရအောင် ကျွန်မက အပင်ပန်းခံ ဒုက္ခခံပြီး ရှာဖွေနေရတာကို"

ဦးလေးလှေသည် ဒေါ်လေးကူး တကယ်စိတ်ဆိုးသွားမှန်း သိလျှင် ဘာမှ ဆက်မပြောတော့ဘဲ အိမ်ထဲမှ ခပ်သွက်သွက် ထွက်သွားတော့သည်။

ဒေါ်လေးကူး စိတ်ထိန်းလိုက်သည်။

"ငါ့ဘဝရဲ့ ဝဋ်ကြွေးပဲ၊ ချင်းကိုးလေး ဘယ်လိုနေသလဲ မသိဘူး၊ သွားကြည့်ဦးမှပဲ"

ချက်ချင်းပင် ချင်းကိုးတို့အိမ်ဘက်သို့ ထွက်ခဲ့သည်။

ချင်းကိုး အိမ်ရှေ့သို့ ရောက်သောအခါ ဘံခါးအားလုံး ပိတ်ထားပြီး အိမ်တံခါးကြီးအား သော့ခတ်ထားသည်ကို တွေ့ရ၏။

"ဟင်..."

ဒေါ်လေးကူး အံ့ဩသွားသည်။

သော့ခလောက်ကြီးကို ကြည့်ပြီး ပတ်ဝန်းကျင်၌ ရှာဖွေကြည့်လိုက်သည်။

ချင်းကိုး၏ အရိပ်အယောင်ကိုပင် မတွေ့ရတော့ချေ။

"ဒီကောင်လေး ဘယ်သွားပါလိမ့်"

ဒေါ်လေးကူး စိတ်ပူပြီး လိုက်ရှာတော့သည်။

နေရာအနှံ့ လိုက်ရှာသည်။ တစ်မြို့လုံးအနှံ့ ရှာဖွေလိုက်ပါသော်လည်း ချင်းကိုး၏ အရိပ်အရောင် မတွေ့ရတော့ပါ။

ချင်းကိုး ဤမြို့မှ ထွက်သွားပြီ ဖြစ်ပါသည်။

ဒေါ်လေးကူး စိတ်ပူရုံ၊ စိတ်မကောင်းရုံမှလွဲပြီး ဘာမှ မတတ်နိုင်တော့ပါ။ မည်သည့်နေရာ ထွက်သွားမှန်း မသိ၍ လိုက်မရှာနိုင်တော့ဘဲ လက်လျှော့လိုက်ရလေသည်။

❖ ❖ ❖

အခန်း (၃)

# ဆန်းကြယ်ကြသူများ

ဆယ့်ငါးနှစ်ဆိုသော အသက်အရွယ်မှာ ကလေးငယ်တစ်ယောက် မဟုတ်တော့ပါ။

နိုင်ဖုံးမြို့၌ မိဘနှစ်ပါးနှင့်အတူ အများက ကလေးတစ်ယောက် ပမာ သဘောထားခံခဲ့ရသည့် ချင်းကိုးသည် အိမ်မှထွက်လာခဲ့သည်နှင့် ကိုယ့်ကိုကိုယ် လူကြီးစိတ် မွေးလိုက်သည်။ မည်သို့သော အခက်အခဲ ဒေးဒုက္ခ ရင်ဆိုင်ကြုံတွေ့ရပါစေ...

သိုင်းပညာ သင်ယူကာ မိဘများအား သတ်ပစ်ခဲ့သည့် လူဆိုးများအား ဆုံးမနှိမ်နင်းမည်ဟု ဆုံးဖြတ်ထားသည်။ အိမ်မှထွက်ကာ ရွှေမားသိုင်းသမား ကျင်းကျုန်းထံသို့ သွားခဲ့ခြင်း ဖြစ်သည်။

ကျင်းကျုန်းနေသည့် စစ်ထိုင်မြို့သို့ တစ်ကြိမ်တစ်ခါမှ မရောက်ဘူးချေ။

သို့သော်...

စုံစမ်းမေးမြန်းရင်း အရောက်လာနိုင်ခဲ့သည်။

ကျင်းကျုန်း ပြောသည့်အတိုင်း တစ်မြို့လုံးက သိနေကြသော ကြောင့်၊ ချင်းကို အနည်းငယ် စုံစမ်းလိုက်သည်နှင့် ကျင်းကျုန်း၏ အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းကျန်းသည် အိမ်ထောင်မရှိသူ ဖြစ်သည်။

အများအကျိုး သိုင်းလောကအကျိုး သည်ပိုးဆောင်ရွက်သည့် အထက်လမ်း သိုင်းသမားအဖြစ် သိုင်းလောက၌ တစ်သက်လုံး ရပ်တည်ကာ ကျင်လည်ကျက်စားသွားရန် ဆုံးဖြတ်ထားသူ ဖြစ်သည်။

သူ၏ ဝေယျာဝစ္စ ကိစ္စအဝဝကို ပြုလုပ်ဆောင်ရွက်ပေးရန် တပည့်တစ်ယောက်နှင့် အတူနေထိုင်သည်။

ချင်းကိုး ရောက်ရှိသွားချိန်၌ ကျင်းကျန်းက အိမ်မှာမရှိဘဲ ခရီးထွက်နေချိန် ဖြစ်သည်။

အမှန်ကလည်း ကျင်းကျန်းသည် အိမ်မှာနေသောအချိန် အလွန် နည်းပါးပြီး သိုင်းလောက တစ်ခုံတလျားသွားကာ အချိန်ကုန်နေသူ ဖြစ်ပါသည်။

"ဆရာကြီး ဘယ်အချိန် ပြန်ရောက်လာမယ်ဆိုတာ မပြောတတ်ဘူး၊ ဆရာကြီး အိမ်မှာနေတဲ့ အချိန်ကလည်း အလွန်နည်းပါးပါတယ်၊ တစ်ခါတစ်ရံ အိမ်ပြန်ရောက်လာပြီး နေ့ဝက်ကြာအောင် မနေဖြစ်ဘဲ ပြန်ထွက်သွားတာ နောက်သုံးလလောက်ကြာမှ ပြန်ရောက်လာတတ်တာမျိုး ရှိပါတယ်"

ချင်းကိုး ငေးငိုင်နေ၏။

ကျင်းကျန်းနှင့် တွေ့ရဖို့ မလွယ်တော့ပါ။ ဆရာကြီးမှာ ခရီးသွားသူ ဖြစ်နေသည် မဟုတ်ပါလား။

ကျင်းကျန်းနှင့် မတွေ့ရလျှင် သိုင်းပညာသင်ကြားရဖို့လည်း မဖြစ်နိုင်တော့ပါ။

ထိုလူက မေးလာသည်။

"ညီလေးက ဆရာ့ကိုလာရှာတာ အရေးကြီးကိစ္စ ရှိလို့လား၊ တခြား ဘာကိစ္စများ ရှိလို့လဲ ..."

ချင်းကိုး ခေါင်းညိတ်လိုက်သည်။



"ဟုတ်ပါတယ်၊ ကျွန်တော့်ရဲ့ ဒုက္ခကို ဆရာကြီးပဲ ကူညီနိုင်ပါလိမ့်မယ်"

ထိုလူသည် ချင်းကိုးအပေါ် ကရုဏာ သက်သွားပုံရသည်။

"ဒါဖြင့် မိုးထိတောင်ကို လိုက်သွားကြည့်ပါလား၊ အဲဒီမှာ ထိပ်သီး သိုင်းသမားကြီးတွေ စုဝေးပြီး သိုင်းလောကအရေး ကိစ္စတွေ တိုင်ပင်ဆွေးနွေးကြလိမ့်မယ်၊ အဲဒီ ဆွေးနွေးပွဲကို ဆရာလည်း ရောက်ချင်ရောက်လာလိမ့်မယ်၊ ညီလေး သွားရှာလို့ ကံကောင်းရင် တွေ့ရလိမ့်မယ်၊ အဲဒီလိုမှပဲ ဆရာကြီးနဲ့ ဒက်ထိ တွေ့နိုင်လိမ့်မယ်"

ချင်းကိုး ဝမ်းသာသွားသသည်။

"ကျေးဇူးပါပဲဗျာ၊ မိုးထိတောင်ကို ဘယ်လိုသွားရမယ်ဆိုတာကိုလည်း လမ်းညွှန်ပေးစေချင်ပါတယ် ခင်ဗျာ"

"ရပါတယ် ... ရပါတယ်"

ထိုလူက မိုးထိတောင်သို့ သွားရမည့် ခရီးစဉ်ကို ပြောပြကာ လမ်းညွှန်ပေးလိုက်သည်။

ချင်းကိုးလည်း အချိန်မဖြုန်းတော့ဘဲ ထိုလူအား နှုတ်ဆက်ကာ ထွက်လာခဲ့လေတော့သည်။

ချင်းကိုးသည် သိုင်းပညာ ရရှိဖို့ သိုင်းလောကသို့ ခရီးနှင်ရတော့မည် ဖြစ်သည်။

ခြောက်ရက် ... ။

ခြောက်ရက်လုံးလုံး ခရီးပြင်း နှင်လာခဲ့ပြီးနောက် ချင်းကိုးသည် မိုးထိတောင်ခြေသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့သည်။

မိုးထိတောင်၌ ထိပ်သီး သိုင်းသမားကြီးများ တွေ့ဆုံကာ သိုင်းလောကအရေး ဆွေးနွေးကြလိမ့်မည်ဟု သိခဲ့ရသဖြင့် သိုင်းလောကသားများဖြင့် စည်ကား သိုက်မြိုက်နေမည်ဟု ယုံကြည်ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မိုးထိတောင်သို့ ရောက်လျှင် သူသူအရိပ်အရောင်မျှ မတွေ့ရဘဲ တိတ်ဆိတ် ခြောက်သွေ့နေခြင်းကြောင့် ချင်းကိုး အံ့ဩသွားရလေတော့သည်။

"သိုင်းလောကသားတွေလည်း မတွေ့ရပါလား၊ အကြောင်းတစ်ခုခုတော့ ရှိရမယ်"

သူ တွေးတောနေစဉ် ခြေသံများ ထွက်ပေါ်လာကာ မျက်နှာချင်းဆိုင်မှ ထင်းစည်းထမ်းလာသူ တစ်ယောက်ကို တွေ့လိုက်ရသည်။

ထင်းခုတ်သမား တစ်ယောက် ဖြစ်ပုံရလေသည်။

"နောင်ကြီး မိုးထိတောင်ပေါ်မှာ သိုင်းလောကသားတွေ ရှိနေသလားဗျာ"

ထင်းခုတ်သမားမှာ တောင်ပေါ်မှ ဆင်းလာခြင်း ဖြစ်သည်။ ထင်းခုတ်သမားက ခေါင်းခါယမ်းလိုက်သည်။

"တစ်ယောက်မှ မရှိတော့ဘူး၊ အားလုံး ပြန်သွားကြပြီ"

"ဗျာ ..."

"လွန်ခဲ့တဲ့ ဆယ်ရက်လောက်ကတော့ သိုင်းသမားတွေ ရောက်လာပြီး စည်းဝေးပွဲလုပ်ကြတယ်၊ ကျုပ်တောင် တောင်ပေါ်တက်ပြီး ထင်းမခုတ်ရဲဘူး၊ ဆွေးနွေးပွဲပြီးလို့ သူတို့ပြန်သွားတော့မှ ကျုပ်လည်း လာခဲ့တာပဲ"

မိုးထိတောင် ဆွေးနွေးပွဲကား ပြီးဆုံးသွားချေပြီ။

သူက နောက်ကျပြီးမှ ရောက်လာခြင်း ဖြစ်ကြောင်း ချင်းကိုး တွေးမိလေသည်။

"ဒုက္ခပါပဲ၊ ဆရာကြီး ကျင်းကျန်းကို ဘယ်မှာလိုက်ရှာရပါ့မလဲ"

ချင်းကိုး ငိုင်နေသည်ကို တွေ့ရသဖြင့် ထင်းခုတ်သမားက မေးလေသည်။



"ညီလေးက ဆွေးနွေးပွဲကြောင့် ဒီနေရာကို လာခဲ့တာလား"

ချင်းကိုးက ...

"ကျွန်တော်က အရေးကြီးတဲ့ကိစ္စကြောင့် ဆရာကြီး ကျင်း[illegible]န်းကို လာရှာတာပါခင်ဗျာ"

ထင်းခုတ်သမားက ...

"ဒါဖြင့် ဟိုဘက် ဝါးရုံတောထဲက ရသေ့ကြီးကို သွားမေး[illegible]ည့်ပါလား၊ ရသေ့ကြီးဟာ အရင်က သိုင်းလောကမှာ ထင်ရှားတဲ့[illegible]င်းသမားကြီးတစ်ယောက် ဖြစ်ခဲ့တယ်လို့ ပြောကြတယ်၊ သူက [illegible]ထိတောင်ကို ရောက်လာတဲ့ သိုင်းလောကသားတွေ အကြောင်းကို [illegible]ကောင်း သိလိမ့်မယ်၊ ဘာကြောင့်လဲဆိုရင် မိုးထိတောင်ကို ရောက်[illegible]ကြတဲ့ သိုင်းလောကသားတွေဟာ သူ့ဆီကိုဝင်ပြီး နှုတ်ဆက်ကြ[illegible]ကို တွေ့ခဲ့ရတယ်"

"ကျေးဇူးပါပဲဗျာ"

ထင်းခုတ်သမား ပြောသည့် ရသေ့ကြီးထံ၌ စုံစမ်းကြည့်ပါက [illegible]ကျိုးအကြောင်း သိရနိုင်သည်ဟု တွေးကာ ဝမ်းသာသွားသည်။

ထင်းခုတ်သမားအား နှုတ်ဆက်ကာ ဝါးရုံတောဘက်သို့ ထွက်[illegible]ခဲ့သည်။

ဝါးရုံတောကား အေးမြလှသည်။

ချင်းကိုးမှာ အေးမြသော ဝါးရုံတောအရိပ်တွင် လေကောင်း[illegible]သန့်ကို ရှူရှိုက်ရင်း တဒင်္ဂ စိတ်အေးချမ်းသာမှု ရရှိသွားသည်။

မလှမ်းမကမ်း၌ တရားစာ ရွတ်ဆိုသံများကို ကြားရသည့်[illegible]ရာသို့ ဦးတည် လျှောက်သွားလိုက်သည်။

မကြာမီ ဝါးရုံများ စုရုံးပေါက်ရောက်လျက် ရှိသောနေရာ၏[illegible]ယ်တွင် ညီညာပြန့်ပြူးသော မြေကွက်လပ်ရှိနေပြီး ရသေ့ကျောင်း[illegible]မ်းတစ်ခု ရှိနေသည်ကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်းကိုး ရှေ့တိုးသွားလေရာ ကျောင်းသခ်မ်းရှေ့၌ တရားဖ
ရွတ်ဆိုနေသော ရသေ့ကြီးတစ်ပါး ရှိနေသည်ကို တွေ့လိုက်ရ၏။
ရသေ့ကြီးသည် ချင်းကိုး ရောက်လာသည်ကို မြင်လိုက်လျှင် တရားဖ
ရွတ်ဆိုမှုကို ရပ်တန့်ကာ အကဲခတ်ကြည့်သည်။

ရသေ့ကြီးက ရုတ်တရက် မေးသည်။

"သူငယ် ဘာလို အကြောင်းကိစ္စရှိလို့ ဒီနေရာကို ရောက်လာ
တာလဲကွယ့်"

ချင်းကိုးက ရှိခိုး ဂါရဝပြုလိုက်သည်။

"မိုးထိတောင် ဆွေးနွေးပွဲအကြောင်း စုံစမ်းချင်လို့ပါခင်ဗျာ"

"ဆွေးနွေးပွဲ ပြီးသွားတာ လေးငါးရက်တောင် ရှိနေပြီ၊ သူငယ်
က ဘာများ သိချင်လို့လဲ"

"မိုးထိတောင်ကို ရွှေမား ကျင်းကျန်းဆိုတဲ့ သိုင်းဆရာကြီး
များ ရောက်လာသလား သိချင်လို့ပါ"

"ဪ ... ရွှေမားကျင်းကျန်းကို ပြောတာကိုး"

"ဟုတ်ပါတယ်ခင်ဗျာ"

ရသေ့ကြီးသည် ရွှေမား ကျင်းကျန်းအား သိရှိနေပုံရှိသည်
ကို တွေ့ရသဖြင့် ချင်းကိုး ဝမ်းသာသွားသည်။

ရသေ့ကြီးက ...

"ကျင်းကျန်း ရောက်လာပါတယ်၊ ဆွေးနွေးပွဲတက်ပြီး ပြန်
ထွက်သွားတယ်"

"သူ ဘယ်ကိုသွားတယ်ဆိုတာ သိပါရစေခင်ဗျာ"

"နေပါဦး၊ မင်းက သူ့ကို အရေးတကြီး တွေ့ချင်နေပုံရတယ်
ဘာလိုအကြောင်း ကိစ္စကြောင့်များလဲ၊ ပြောစမ်းပါဦး"

ရသေ့ကြီးက မျက်မှောင်ကြုတ်ကာ ခြေဆုံးခေါင်းဆုံး အကဲ
ခတ်ကြည့်ရင်း မေးသည်။



ချင်းကိုး အမှန်အတိုင်း ပြောလိုက်သည်။

"သိုင်းပညာ သင်ချင်ရင် လာခဲ့လို့ မှာထားလို့ လာခဲ့တာပါ၊
သူ့ရဲ့အိမ်ကိုရောက်တော့ မရှိဘဲ မိုးထိတောင် ဆွေးနွေးပွဲမှာ တွေ့ရ
နိုင်တယ်ဆိုလို့ လိုက်လာခဲ့တာပါ၊ ဒါပေမယ့် ကျွန်တော် နောက်ကျ
သွားပါတယ်"

"ဪ ... "

ရသေ့ကြီးက ဦးခေါင်းတစ်ဆတ်ဆတ် ညိတ်လိုက်သည်။

"ကျင်းကျန်းက ကလေးတစ်ယောက်ကို သက်သက်မဲ့ ဒုက္ခ
ပေးသွားတာကိုး၊ သူ ဘယ်တုန်းက အိမ်ကပ်ဖူးလို့လဲ၊ ဘယ်တုန်း
ကမှ အားလပ်ဖူးတာလဲ မဟုတ်ဘူး၊ ဘယ်အချိန် ဘယ်နေရာမှာ
သွားပြီး သိုင်းပညာ သင်ပေးမှာလဲ၊ တော်တော်ဆိုးတဲ့လူပဲ"

"ဗျာ ... "

ချင်းကိုးသည် ရသေ့ကြီး၏ စကားကြောင့် ပါးစပ်အဟောင်း
သား ဖြစ်သွားလေတော့သည်။

ရသေ့ကြီးက ...

"သူငယ် မင်း သိုင်းပညာ သင်ယူချင်တယ်ဆိုရင် တခြား
ဆရာတစ်ယောက်ကို သွားရှာတာ ပိုကောင်းမယ်၊ ကျင်းကျန်းက
မင်းကို သင်ပေးနိုင်မယ် မထင်ဘူး၊ ခုတောင် မြစ်ဝါမြစ်ဘက်ကို
သိုင်းလောက တာဝန်နဲ့ ထွက်သွားလေရဲ့"

ချင်းကိုး စကားမပြောနိုင်အောင် ဖေးငိုင်နေမိတော့သည်။

ရသေ့ကြီးက ဆက်ပြောသည်။

"မိုးထိတောင်ပေါ်မှာ သိုင်းလောကသားတွေရဲ့ ဆွေးနွေးပွဲ
လုပ်ကြတယ်ဆိုတာ သိုင်းလောကသားတွေဟာ ကိုယ့်သဘောနဲ့ကိုယ်
အင်အားစိုင်းနေကြတာတွေ ရပ်တန့်ပြီး အားလုံး စည်းလုံးညီညွတ်
စွာနဲ့ အေးချမ်းစွာ နေထိုင်သွားကြဖို့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်

www.burmeseclassic.com

www.burmeseclassic.com



ကြိုး ဆွေးနွေးတိုင်ပင်ကြတာပဲ၊ ပြီးတော့ မြစ်ဝါမြစ်ရိုး တစ်လျှောက်မှာ အောက်လမ်းသိုင်းသမားတွေ ထင်တိုင်းကျဲနေကြတာကို ဆုံးမနှိမ်နင်းဖို့ပဲ၊ ဆွေးနွေးပွဲပြီးတာနဲ့ သိုင်းသမားတွေဟာ မြစ်ဝါမြစ်ဘက်ကို ထွက်သွားကြတာပဲ ...”

ချင်းကိုးမှာ ရသေ့ကြီး၏ စကားများကို မကြားတစ်ချက် ကြားတစ်ချက် ဖြစ်နေပါသည်။

ရသေ့ကြီးက ချင်းကိုးအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြန်သည်။

တစ်ချိန်က ထိပ်တန်း သိုင်းသမားကြီးတစ်ဦး ဖြစ်ခဲ့သည်အားလျော်စွာ အကဲခတ်ကြည့်သည်နှင့် ချင်းကိုး၏ အသက်အရွယ်နှင့် သူ့ကိုယ် အချိုးအဆစ်မှာ သိုင်းသင်ရန် အလွန်ကောင်းသည့် အခြေအနေရှိကြောင်း ရိပ်မိလိုက်၏။

ထို့ကြောင့် မေးလိုက်လေတော့သည်။

“မင်းကို တစ်ခုမေးပါရစေ၊ ဘယ်လို ရည်ရွယ်ချက်နဲ့ သိုင်းပညာသင်ချင်ရတာလဲ”

ချင်းကိုးက ...

“ကျွန်တော့်ရဲ့ မိဘတွေကို လူဆိုးဓားပြတွေက သတ်ပစ်လိုက်ကြပါတယ်၊ အဲဒီ လူဆိုးဓားပြတွေကို ဆုံးမချင်လို့ပါ”

“ဟေ ...”

ပွင့်ပွင့်လင်းလင်း ပြောလိုက်သည့် ချင်းကိုး၏ စကားကြောင့် ရသေ့ကြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

“လက်စသတ်တော့ ရန်သူကို လက်စားချေချင်လို့ မင်းက သိုင်းပညာ သင်ချင်တာကိုး”

“ဟုတ်ပါတယ်ခင်ဗျာ”

“ဒါဆိုရင် မင်း လက်လျှော့လိုက်တာ ကောင်းမယ်”



“ဗျာ ... ဘာဖြစ်လို့လဲ”

ချင်းကိုး အံ့သြသွားသည်။

ရသေ့ကြီးက တည်ကြည်သော မျက်နှာထားဖြင့် ပြောသည်။

“လက်စားချေဖို့ဆိုရင် ဘယ်သူကမှ သင်ပေးကြမှာ မဟုတ်ဘူး၊ သိုင်းပညာဆိုတာ မိမိကိုယ်ကို ကာကွယ်နိုင်ဖို့၊ အများအကျိုး တိုင်းပြည်အကျိုး သယ်ပိုးဆောင်ရွက်ဖို့ ရည်ရွယ်ပြီး သင်ယူရတဲ့ ပညာပဲ”

ချင်းကိုး စိတ်ပျက်သွားသည်။

ရသေ့ကြီးက ဖျောင်းဖျ ပြောဆိုလေတော့၏။

“သူငယ် မင်းအိမ်ပြန်တာ အကောင်းဆုံးပါပဲကွယ်”

အိမ်မှ စွန့်ခွာထွက်လာသော ချင်းကိုးမှာ လမ်းစပျောက်ခဲ့ရပြီ ဖြစ်ပါသည်။

သူ၏ ရည်ရွယ်ချက်ကြောင့် မည်သူကမျှ သိုင်းပညာ သင်ပေးကြမည်မဟုတ်ဟု ရသေ့ကြီးက ပြောနေသည်။

ထို့အပြင် သိုင်းပညာ သင်ယူရခြင်း၏ ရည်ရွယ်ချက်နှင့် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

“ဟား ... ဟား ... ဟား ...”

ထိုရယ်မောသံသည် ရိုးရိုးရယ်သံမျိုး မဟုတ်ဘဲ လိုဏ်သံပါနေပြီး ရင်ထဲမှ ကလီစာများကိုပင် တုန်ခါသွားစေသော ရယ်သံမျိုး ဖြစ်နေခြင်းကြောင့် ချင်းကိုးသည် ရယ်သံ ထွက်ပေါ်လာရာဆီသို့ ဗျာကယာ လှမ်းကြည့်လိုက်မိသည်။

ထိုအခါ ကြောင်ကြောင်ကျားကျား ဝတ်ဆင်ထားသည့် လူထူးဆန်းကြီးတစ်ဦး ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

လူထူးဆန်းကြီးကို မြင်လျှင် ရသေ့ကြီး၏ မျက်နှာ မသာမယာ ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျင်းတိ ပါလား၊ ကျုပ်ဒီမှာ ရှိနေတာကို ခင်ဗျား သိသွားပြီကိုး"

လူထူးဆန်းကြီး၏ အမည်မှာ ကျင်းတိဖြစ်ကြောင်း ချင်းကိုး သိလိုက်ရသည်။

ကျင်းတိက တဟားဟား ရယ်မောရင်း ...

"သိုင်းရာဇာ ရှမ်းကုံး၊ ခင်ဗျားက သိုင်းလောကကို စိတ်ကုန်ပြီဆိုပြီးတော့ လူဝတ်ကြောင်ကိုစွန့်လို့ ရသေ့ဝတ်ခဲ့တယ်၊ ဒါပေမယ့် သိုင်းလောကသားတွေနဲ့ ပတ်သက်ဆက်ဆံနေသေးတယ်ဆိုတော့ ခင်ဗျားရဲ့ လုပ်ရပ်က ဘယ်မှာ အဓိပ္ပာယ် ရှိနိုင်တော့မှာလဲဗျာ"

ဟု ခနဲ့လိုက်လေသည်။

သိုင်းရာဇာ ရှမ်းကုံးဆိုသော ရသေ့ကြီးက သက်ပြင်းချလိုက်လေသည်။

"ကျုပ်က သိုင်းလောကကို ငြီးငွေ့သွားတာ အမှန်ပါပဲဗျာ ဒါကြောင့် ရသေ့ဝတ်လိုက်တာပေါ့၊ သိုင်းလောကသားတွေက မိုးထိတောင်မှာ ချိန်းဆိုပြီး သိုင်းလောကအရေး တိုင်ပင်ဆွေးနွေးကြတဲ့အခါ ကျုပ်ဒီမှာ ရှိနေတာကို သိသွားကြတယ်၊ ကျုပ်ကိုလာတွေ့ကြပြီး အကြံဉာဏ်တချို့ ပေးမိခဲ့တာကို ဝန်ခံပါတယ်၊ ဒါပေမယ့် ကျုပ် ဆုံးဖြတ်ထားတဲ့အတိုင်း သိုင်းလောကထဲကို ဘယ်တော့မှ ပြန်ဝင်တော့မှာ မဟုတ်ပါဘူး"

လူထူးဆန်းကြီး ကျင်းတိ စိတ်ပျက်သွားသည်။

"ခင်ဗျား တကယ်ဆုံးဖြတ် ပြီးပြီလား"

ရသေ့ကြီးက ...

"ကျုပ် ရသေ့ဝတ်နဲ့ နေလာခဲ့တာ သုံးနှစ်ကျော်ပါပြီ၊ ဘယ်မှာ သိုင်းလောကထဲ ဆင်းတော့လို့လဲ"

"ဒါဆိုရင် ခင်ဗျားနဲ့ ယှဉ်ပြိုင်ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူးပေါ့



"ဒီလို အဓိပ္ပာယ်မဲ့တဲ့ ယှဉ်ပြိုင်ပွဲတွေကို စိတ်ပျက်လို့ ကျုပ် ကျောခိုင်းခဲ့တာပဲဗျ"

"ခက်တာပဲ ..."

လူထူးဆန်းကြီး ခေါင်းကုတ်လိုက်လေသည်။

ရသေ့ကြီးက ...

"ကျင်းတိ ခင်ဗျား ဒီကိုရောက်အောင် အပန်းပန်းခံပြီး လာခဲ့ရတာကို စိတ်မကောင်းပါဘူး၊ အေးအေး ဆေးဆေး ပြန်သွားတာ အကောင်းဆုံးပါပဲ"

ကျင်းတိက ...

"ကျုပ်က မပြန်ဘူးဆိုရင်ကော ..."

"ခင်ဗျား ဘာလုပ်မလုပ်လဲ"

ကျင်းတိ မဲ့ပြုံး ပြုံးလိုက်သည်။

"ခင်ဗျားတောင် ဒီနေရာမှာနေလို့ ရသေးရင် ကျုပ်ကကော ဘာကြောင့် နေလို့ မရ,ရမှာလဲ"

"ဟင် ..."

"ဒီတော့ ဒီတောင်ထဲမှာ ဘယ်သူမဆိုနေလို့ ရတာပဲ"

ကျင်းတိက ဟိုဟိုသည်သည် ကြည့်လိုက်သည်။

"ဒီနေရာဟာ အေးချမ်းသာယာပြီး အတော်ကို နေချင်စရာကောင်းတာပဲ၊ အင်း ..."

သူက မေးစေ့ကို လက်ချောင်းကလေးများဖြင့် ပွတ်သပ်ရင်း ဆက်ပြောလိုက်သည်။

"ကျုပ်လည်း ဒီနေရာမှာ တစ်နှစ်လောက်တော့ နေချင်သေးတယ်"

"မိတ်ဆွေကြီး ကျင်းတိ ... ကျုပ် တောင်းပန်ပါတယ်၊ ကျုပ် အေးအေးချမ်းချမ်း နေပါစေပါစေ၊ ကျုပ်ကို မနှောင့်ယှက်ပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ဘာတွေများ နှောင့်ယှက်နေလို့လဲ" ,

"မိုးထိတောင်မှာ ခင်ဗျားရှိနေရင် ကျုပ် ကောင်းကောင်း ရတော့မှာ မဟုတ်ဘူး"

"မဆိုင်လိုက်တာ၊ ခင်ဗျားဘာသာ တရားကျင့်တာနဲ့ ကျု ဘာသာ သီချင်းဆိုတာ၊ ငါးမျှားတာ၊ အရက်သောက်တာ ဘာဆို လို့လဲ"

လှုထူးဆန်းကြီး ကျင်းတီက အရွဲ့တိုက်ကာ ပြောဆို ကြောင်း ချင်းကိုး သတိပြုမိသည်။

အမှန်တော့

လှုထူးဆန်းကြီး ကျင်းတီနှင့် ရသေ့ကြီး(ဝါ) သိုင်းရာ ရှမ်းကုံးတို့မှာ ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်ကြသည်။

သိုင်းလောကအကျိုး အများအကျိုး လက်တွဲဆောင်ရွက်ကြ များ ဖြစ်သည်။

ကျင်းတီသည် ထူးခြားသော စိတ်နေသဘောထား ရှိသူ သည့်အတိုင်း တစ်နေ့တွင် ရှမ်းကုံးအား သိုင်းပညာချင်း ဆွေး ဖလှယ်ရန် အကြံပြုခဲ့သည်။

မိတ်ဆွေရင်းခြာများဖြစ်ရာ သိုင်းပညာ တိုးတက်ရေးကို ရှု ပြီး သိုင်းရာဇာ ရှမ်းကုံးက လက်ခံခဲ့သည်။

သို့ဖြင့်နှစ်ဦးသား သိုင်းပညာ ဆွေးနွေးဖလှယ်ကြရင်း အ အခုန်ဖြစ်လာကာ လက်တွေ့ ယှဉ်ပြိုင်ခဲ့ရတော့သည်။ နှစ်ဦးစ ထိပ်သီး သိုင်းပညာရှင်များ ဖြစ်နေကြ၍ မည်သူမှ အသာမရ သရေပွဲဖြင့် အဆုံးသတ်ခဲ့လေသည်။

ကျင်းတီသည် ထူးခြားထက်မြက်သော သိုင်းကွက်များ တီထွင်ကာ နောက်သုံးနှစ်အကြာတွင် သိုင်းရာဇာ ရှမ်းကုံးထံ ရောက် လာကာ ယှဉ်ပြိုင်ခဲ့ကြပြန်သည်။



ရှမ်းကုံးသည် ကျင်းတီ၏ စိတ်နေသဘောထားကို သိထား၍ ယှဉ်ပြိုင်နိုင်ရန် ကြိုတင်ပြင်ဆင်ထားခြင်းကြောင့် ဒုတိယအကြိမ် ယှဉ်ပြိုင်ပွဲ၌လည်း လက်ရည်သိမ့်ကာ သရေပွဲ ဖြစ်ခဲ့ရပြန်သည်။

ဤသို့ဖြင့် ...

သုံးနှစ်တစ်ကြိမ် ကျင်းတီက လာရောက်ယှဉ်ပြိုင်နေရာ ကျင်းတီ ရောက်လာလျှင် ယှဉ်ပြိုင်နိုင်ဖို့ သိုင်းရာဇာ ရှမ်းကုံးက သုံးနှစ်လုံးလုံး သိုင်းပညာ တိုးတက်ရေးကို ရှေးရှုလုံးပမ်းနေရသဖြင့် အခြား မည်သည့်ကိစ္စမှ မဆောင်ရွက်နိုင်တော့ပါ။

ကြာသော် ...

သူ၏ဘဝ အသက်ရှင်နေရသည်မှာ ကျင်းတီနှင့် ပညာပြိုင်ရန် တီထွင် လေ့ကျင့်နေဖို့ကဲ့သို့ ဖြစ်လာရာ သိုင်းရာဇာ ရှမ်းကုံး စိတ်ပျက် သွားတော့သည်။

သိုင်းလောကမှ နုတ်ထွက်ကြောင်း ကြေညာကာ ရသေ့ဝတ်ပြီး ခြေရာဖျောက်လိုက်ခြင်း ဖြစ်ပါသည်။

ကျင်းတီ လိုက်ရှာသော်လည်း ရှမ်းကုံးကို မတွေ့ရတော့သဖြင့် လက်လျှော့လိုက်ရသည်။

မကြာသေးမီကမှ ...

မိုးထိတောင် ဆွေးနွေးပွဲမှ ပြန်လာသော သိုင်းသမားတစ် ယောက်ထံမှ သိုင်းရာဇာ ရှမ်းကုံးအား ရသေ့ဝတ်ဖြင့် တွေ့ခဲ့ရသည် ဆိုသော သတင်းကြောင့် ချက်ချင်း လိုက်လာခဲ့ခြင်း ဖြစ်သည်။

သိုင်းရာဇာ ရှမ်းကုံး (ဝါ)ရသေ့ကြီးကတောင်းပန်လိုက်လေ၏။

"ကျင်းတီ ကျုပ် တောင်းပန်ပါတယ်၊ ကျုပ်ဟာ ရသေ့ဘဝနဲ့ အသက်ဆက်ဆုံး နေသွားတော့မှာပါ၊ သိုင်းလောကထဲ ဘယ်တော့မှ ပြန်ဝင်မှာ မဟုတ်တော့သလို သိုင်းပညာကိုလည်း အသုံးပြုတော့မှာ မဟုတ်ပါဘူး၊ ဒါကြောင့် ကျုပ်ကို မနှောင့်ယှက်ပါနဲ့တော့ ..."

www.burmeseclassic.com

www.burmeseclassic.com



ကျင်းတီက ...

"ကျုပ်ဘာသာ ဒီတော ဒီတောင်ထဲမှာ နေမယ်ဆိုတာတောင် ခင်ဗျား မကျေနပ်ဘူးလား"

ရသေ့ကြီး သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ၊ ကျုပ် တောင်းပန်တာကိုတောင် လက်မခံနိုင်ဘူးဆိုရင်လည်း ခင်ဗျား သဘောပဲ ကြိုက်သလိုသာ လုပ်ပေတော့"

"ဟား ... ဟား ... ဟား ..."

ကျင်းတီက ရယ်မောလိုက်သည်။

"သိုင်းရာဇာ ရှမ်းကုံးဆီက ဒီစကားမျိုး ကြားရတာ အံ့သြစရာကောင်းနေပြီ၊ ဒါဆို သိုင်းလောကကို တကယ်ပဲ စိတ်ကုန်သွားပြီဆိုတာ သေချာပြန်ပြီပေါ့"

ရသေ့ကြီးက ဘာမှမပြောဘဲ နေလိုက်၏။

ကျင်းတီက စုပ်သပ်လိုက်သည်။

"ဒါဆို လျှမ်းလျှမ်းတောက်ခဲ့တဲ့ ခင်ဗျားရဲ့ သိုင်းပညာတွေကို နမြောဖို့ ကောင်းနေပြီ"

"ဒါကတော့ ဘယ်တတ်နိုင်မလဲဗျာ"

ကျင်းတီက ချင်းကိုးဘက်သို့ လှည့်လိုက်သည်။

"ကောင်လေး ... မင်းက သိုင်းပညာသင်ချင်လို့ ရွှေစားကျင်းကျုန်းကို လိုက်ရှာနေတာ မဟုတ်လား"

ချင်းကိုး ဦးညွှတ်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ"

ကျင်းတီသည် ချင်းကိုးနှင့် ရသေ့ကြီးတို့ ပြောဆိုနေကြသည့် စကားများကို ဘယ်အချိန်က ကြားသိနေသည် မဆိုနိုင်ချေ။

"ကျင်းကျုန်းကို လိုက်ရှာမနေနဲ့ အချိန်ကုန်တယ်၊ ရသေ့ကြီးဆီမှာ သင်လိုက်၊ သူ့ရဲ့ပညာဟာ ကျင်းကျုန်းထက် ဆယ်ဆလောက်



သာတာကွ၊ သူ့ရဲ့ပညာကို ရလိုက်တာနဲ့ ချက်ချင်း သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ဖြစ်သွားမယ်"

ချင်းကိုး ခေါင်းခါယမ်းလိုက်သည်။

"ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ဒါပေမယ့် ကျွန်တော် မသင်ချင်တော့ပါဘူး"

"ဟေ ..."

ကျင်းတီက မျက်လုံးပြူး၍ ကြည့်လိုက်သည်။

"မင်း ... ဘာကြောင့် မသင်ချင်တော့တာလဲ ပြောစမ်းပါဦး"

"ကျွန်တော့်ကို သိုင်းပညာသင်ချင်ရင် လာခဲ့လို့ ဆရာကြီးကျင်းကျုန်းက ပြောခဲ့ပါတယ်၊ ဒါကြောင့် သူ့ဆီကပဲ သင်ချင်ပါတယ်"

ကျင်းတီ နှာခေါင်းရှုံ့လိုက်သည်။

"ဒါဆိုရင် မင်း ရူးနေလို့ပဲဖြစ်မယ်၊ ဘာလဲ ကျင်းကျုန်းကို အထင်ကြီးပြီး ရသေ့ကြီးကို အထင်သေးနေတာလား"

"မဟုတ်ပါဘူးခင်ဗျာ၊ ဆရာကြီး ကျင်းကျုန်းဆီမှာ သင်ယူမယ်လို့ဆုံးဖြတ်ပြီး အိမ်က ထွက်လာခဲ့တာပါ၊ ကျွန်တော့် ဆုံးဖြတ်ချက်အတိုင်း သူ့ဆီကပဲ သင်ယူချင်ပါတယ်"

"မင်း တော်တော် ခေါင်းမာပါလား"

ချင်းကိုး ဘာမှ ပြောစရာ မရှိပါ။

ရသေ့ကြီးက ပြုံးလိုက်သည်။

ချင်းကိုးသည်လည်း စိတ်နေသဘောထား ထူးခြားသူဖြစ်ကြောင်း ပေါ်လွင်နေပြီ မဟုတ်ပါလား။

ကျင်းတီက လူထူးဆန်းဆိုလျှင် ချင်းကိုးသည် လူ့ဂွစာ ဖြစ်ပေလိမ့်မယ်။ ကျင်းတီက လူ့ဂွစာဆိုလျှင် ချင်းကိုးက လူထူးဆန်း ဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းတီသည် ရသေ့ကြီး ပြုံးနေသည်ကို မြင်လျှင် မကျေမနပ် ဖြစ်သွားသည်။ သူက ငေါက်လိုက်သည်။

"ခင်ဗျား ဘာပြုံးနေတာလဲ"

"သြော် ... ခင်ဗျားနဲ့ ဒီကောင်လေး ဘယ်သူကပိုပြီး ဝွကျ သလဲဆိုတာ တွေးနေတာပါ"

"ဘာ ..."

ကျင်းတီသည် ချင်းကိုးဘက်သို့ ပြန်လှည့်လိုက်သည်။

"မင်းက ဝွကျတဲ့ကောင်လေး ဟုတ်လား"

ချင်းကိုး ဘာမှ မပြောချေ။

ရသေ့ကြီးက ...

"ကျင်းတီ ခင်ဗျား အလုပ်မရှိဘူးဆိုရင် ခင်ဗျားနဲ့ ဒီကောင် လေး ဘယ်သူကပိုပြီး ဝွကျသလဲဆိုတာ ပြိုင်ကြပါလား"

ကျင်းတီ မျက်မှောင်ကြုတ်သွားသည်။

ရသေ့ကြီးကို တစ်လှည့် ချင်းကိုးကိုတလှည့် ကြည့်နေ၏။

ရသေ့ကြီးက သွေးထိုးပေးလိုက်သည်။

"ဘာလဲ ... ခင်ဗျား မယှဉ်ပြိုင်ရဲဘူးလား"

ကျင်းတီ မကျေမနပ် ဖြစ်သွားလေသည်။

"ကျုပ် ဘာကြောင့် မယှဉ်ပြိုင်ရဲရမှာလဲ"

ချက်ချင်းပင် ချင်းကိုးအား လှမ်းမေးလိုက်သည်။

"ကောင်လေး ... မင်းနဲ့ငါ ဘယ်သူက ပိုပြီး ဝွကျသလဲ ပြောစမ်း"

ချင်းကိုး ဘာမှ မပြောချေ။

ရသေ့ကြီးက ...

"ကျုပ် ပြောတာမယုံရင် သူ့ကို သိုင်းပညာ သင်ပေးမယ် သင်မလားလို့ ခင်ဗျား မေးကြည့်ပါလား"



"ဘာဆိုင်လို့လဲ"

"ဆိုင်တယ်၊ ဒီကောင်လေး ဘယ်လောက် ခေါင်းမာတယ် ဝွကျတယ်ဆိုတာ သိရလိမ့်မယ်"

ကျင်းတီက စိတ်မြန်လက်မြန် လှမ်းမေးလိုက်သည်။

"ကောင်လေး မင်းကို ငါ သိုင်းပညာ သင်ပေးမယ်၊ မင်း သင်မလား"

ချင်းကိုး ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း ... မသင်ဘူး"

"ဘာကွ ..."

ရသေ့ကြီးက ဝင်မေးသည်။

"မင်းက ဘယ်သူ့ဆီမှာ သင်မှာလဲ၊ ရွှေမားကျင်းကျန်းဆီ မှာ ဟုတ်လား"

"ဟုတ်ပါတယ်"

ချင်းကိုး ချက်ချင်း အဖြေပေးသည်။

ရသေ့ကြီးက ကျင်းတီကို ပြောလိုက်သည်။

"သူက ကျုပ်ဆီကလည်း မသင်ချင်ဘူး၊ ခင်ဗျားဆီကလည်း မသင်ချင်ဘူး၊ ရွှေမား ကျင်းကျန်းဆီကပဲ သင်ချင်နေတယ်ဆိုတာ ခင်ဗျား ကြားပြီ မဟုတ်လား"

ကျင်းတီ ခံပြင်းသွားသည်။

"တောက် ... ကျင်းကျန်းက ဘာကောင်မို့လဲ၊ သူ့ရဲ့ ရွှေမားကို ကျုပ်က လက်ညှိုးတစ်ချောင်းနဲ့တောင် ယှဉ်နိုင်တယ်"

လက်ညှိုးတစ်ချောင်း ထောင်ကာ မကျေမနပ် ပြောလိုက် သည်။

တစ်ဆက်တည်းပင် ...

သူသည် ချင်းကိုးကို ငေါက်ငမ်း မေးမြန်းလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ရွှေဓား ကျင်းကျန်းကို ဘာကြောင့် ဒီလောက်တောင် အထင်ကြီးနေတာလဲ"

ချင်းကိုးက ...

"သူက ကျွန်တော့်ကို သိုင်းပညာ သင်ပေးမယ်လို့ ကတိပေးထားလို့ပါ"

"အေး ... ငါ့ရဲ့ပညာက သူ့ထက်သာတယ်၊ ငါက မင်းကို သင်ပေးမယ် ဆိုရင်ကော ..."

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော် မသင်ချင်ပါဘူး"

"နေပါဦး၊ မင်း မသင်ချင်တာ အကြောင်းရှိရမယ်၊ ပြောစမ်း ..."

ချင်းကိုးကလည်း ရှင်းရှင်းလင်းလင်းပင် ပြောသည်။

"ဦးကို ကျွန်တော်မသိပါဘူး၊ တစ်ခါမှလည်း မတွေ့ဖူးပါဘူး၊ ဒါကြောင့် မသင်ချင်တာပါ"

"ကောင်းကွာ ..."

ကျင်းတီက မြေပေါ်ခြေဆောင့်ကာ ရင်ကော့လိုက်သည်။

"အခု ... မင်းက ငါ့ကိုတွေ့နေရပြီ၊ သိနေရပြီ၊ ငါဟာ သိုင်းလောကမှာ မသိသူမရှိတဲ့ လူထူးဆန်း ကျင်းတီပဲကွ၊ ဟောသည်မှာ ကြည့်ထား ..."

စကားဆုံးလျှင် ခပ်လှမ်းလှမ်းရှိ ကျောက်တုံးကြီးတစ်တုံးသို့ ဦးတည်ကာ လက်ဝါးတစ်ဖက် ဆန့်ထုတ်လိုက်သည်။

သူ၏ လက်ဆန့်ထုတ်လိုက်ပုံမှာ ညင်ညင်သာသာလေး ဖြစ်ပေသည်။

အားစိုက်ထုတ်ခြင်း လုံးဝမရှိပါ၊

ကျောက်တုံးကြီးကလည်း မြေကွက်လပ် တစ်ဖက်၌ရှိနေသည်။

သို့သော် ...



"ဝုန်း ..."

ကျယ်လောင်သောအသံ ထွက်ပေါ်လာကာ ကျောက်တုံးကြီးမှာ အစိတ်စိတ် အမွှာမွှာ အက်ကြေမွသွားတော့သည်။

ချင်းကိုး ထိတ်လန့်ကာ နောက်ဆုတ်လိုက်၏။

ရသေ့ကြီးကမူ တည်ကြည်သော မျက်နှာထားဖြင့် မလှုပ်မယှက် ရပ်နေသည်။

ကျင်းတီက ဝင့်ကြွားစွာ ပြောကြားလေ၏။

"ကဲ ... ကျုပ်ပညာကို လက်တွေ့မြင်ရပြီ မဟုတ်လား၊ ဘယ်လိုလဲ ကျုပ်ဆီမှာ သင်မလား"

"ဟင့်အင်း ... မသင်ချင်ပါဘူးခင်ဗျာ"

ချင်းကိုးက ငြင်းလိုက်လေသည်။

"ဘာကွ ..."

ကျင်းတီသည် ချင်းကိုးအနီးသို့ ချက်ချင်း ရောက်ရှိလာ၏။

ချင်းကိုးနှင့် မျက်နှာချင်း ထိလုနီးပါး တိုးကပ်ရင်း အံကြိတ်ရင်း မေးလိုက်သည်။

"မင်း ... သင်မလား မသင်ဘူးလား ပြောစမ်း ..."

"ကျွန်တော် မသင်ပါဘူး"

"မင်း သင်ရမယ်"

"ခမ်းနည်းပါတယ်ဗျာ၊ မသင်နိုင်ပါဘူး"

ကျင်းတီက ဒေါသတကြီး ဟော်လိုက်လေသည်။

"ဟေ့ ... ငါ့ဆီမှာ သိုင်းမသင်ရင် မင်းကို ငါသတ်ပစ်မယ်"

ချင်းကိုးသည် စကားတစ်လုံးမှ မပြောတော့ဘဲ ခါးခနဲ လှည့်ထွက်သွားတော့သည်။

"မင်း ဒီအတိုင်း ထွက်သွားလို့ ရမယ်ထင်သလား၊ ငါ့အကြောင်း ကောင်းကောင်းသိရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းတီက ကြုံးဝါးရင်း ပြေးလိုက်သွားရန် ဟန်ပြင်လိုက်သောအခါ ရသေ့ကြီးက ဟန့်တားလိုက်လေသည်။

"နေဦး ... စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့၊ သူ့ကို ကျုပ် စည်းရုံးပေးပါ့မယ်၊ ခင်ဗျား ဒီမှာ ခဏစောင့်နေပါ"

ကျင်းတီ မကျေမနပ်ဖြင့် နေရစ်ခဲ့လေတော့သည်။

ချင်းကိုးသည် ကျင်းတီကို စိတ်မရှည်တော့ဘဲ ထွက်လာခဲ့ခြင်းဖြစ်သည်။

မည်မျှပင် ကျော်ကြားသော သိုင်းသမားကြီးတစ်ယောက် ဖြစ်ပါစေ သူက အမှုထားမည် မဟုတ်ချေ။ သိုင်းလောကအကြောင်းလည်း သူ သိပ်မသိချေ။

ခပ်လှမ်းလှမ်းသို့ ရောက်သောအခါ ရသေ့ကြီးက ပြေးလိုက်လာလေ၏။

"ကောင်လေး ... ခဏ နေပါဦး၊ မင်းကို စကားတစ်ခွန်းလောက် မေးပါရစေဦး"

ချင်းကိုး ခြေလှမ်းရပ်ကာ ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့ ... မေးပါခင်ဗျာ"

ရသေ့ကြီးက ...

"မင်းမိဘတွေက ဘယ်သူတွေလဲ၊ သူတို့ကို ဘယ်သူတွေက သတ်သွားတာလဲ"

"ကျွန်တော့် မိဘတွေဟာ ..."

ချင်းကိုးက အမှန်အတိုင်း ပြောပြလိုက်သည်။

ရသေ့ကြီး သက်ပြင်းချလိုက်လေသည်။

"လက်စသတ်တော့ မင်းရဲ့ မိဘတွေအတွက် ဆုံးမရမယ့်လူတွေဟာ လူဆိုးဓားပြတွေ ဖြစ်နေတာကိုး၊ လက်စားချေဖို့ဆိုတဲ့ ရည်ရွယ်ချက်ထက် အများပြည်သူကို ဒုက္ခပေးနေတဲ့ လူဆိုးဘာဖြ



တွကို မင်းရဲ့ မိဘတွေလို အဖြစ်ဆိုးမျိုး တခြားလူတွေ မကြုံရအောင် ဆုံးမဖို့ သိုင်းပညာသင်မယ်ဆိုရင် ကောင်းမွန်တဲ့ ရည်ချက် ဖြစ်သွားလိမ့်မယ်၊ ဘယ်သူမဆို မင်းကို သိုင်းသင်ပေးဖို့ လေးကြတော့မှာ မဟုတ်ဘူး"

ချင်းကိုးမှာ ဉာဏ်ကောင်းသူပီပီ ရသေ့ကြီး ပြောသည့်စကား ယ်ကို ကောင်းစွာနားလည် သဘောပေါက်သွားသည်။

သိုင်းပညာအပေါ် ထားရှိရမည့် သဘောထား အမှားအမှန်ကို ည်း သိမြင်သဘောပေါက်သွား လေတော့သည်။

"ဟုတ်ကဲ့ ... ကျွန်တော် နားလည် သဘောပေါက်ပါပြီ၊ ကျွန် ကိုယ်တိုင်ကလည်း သိုင်းပညာကို ဝါသနာပါ ပါတယ်၊ ဘယ်လို ဘောထားရမယ် ဆိုတာကိုလည်း ကျွန်တော် သိပါပြီ",

ရသေ့ကြီး ချီးကျူးမိလေသည်။

"မင်း ကြိုးစားပါ၊ တစ်နေ့ သိုင်းလောကမှာ လျှမ်းလျှမ်း က် အောင်မြင်လာလိမ့်မယ်လို့ ကျုပ် အတတ်ပြောရဲပါတယ်၊ ကိုယ်တိုင် မင်းကို သိုင်းပညာ သင်ပေးလို့ မဖြစ်နိုင်တာကြောင့် လေးကို လက်ခံပါ၊ ရွှေဓား ကျင်းကျွန်းနဲ့တွေ့ရင် ပြလိုက်ပါ"

"ဟုတ်ကဲ့ ..."

ယခုတစ်ကြိမ် ...

ချင်းကိုးက မငြင်းဘဲ လက်ခံယူလိုက်၏။

လက်ဝါးအရွယ်ခန့်သာ ရှိသော စာအုပ်ပါးလေး ဖြစ်သည်။

ရသေ့ကြီးက ...

"ဒီစာအုပ်လေးထဲမှာ သိုင်းပညာသင်ယူဖို့ အဓိကကျတဲ့ အခြေ ချက်အလက်တွေကို ရေးသားထားတယ်၊ ရွှေဓားကျင်းကျွန်းကို ရှာရင်း အချိန်ရရင် မင်း ဖတ်ကြည့်နိုင်တယ်၊ ကျင်းကျွန်းနဲ့ တော့မှ ကျုပ်က လက်ဆောင်ပါးလိုက်တယ် ပြောပြီး ပေးပါ

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီခင်ဗျာ"

"ကဲ ... မင်းသွားနိုင်ပါပြီ"

"ဟုတ်ကဲ့ ... ခွင့်ပြုပါဦး"

ချင်းကိုးသည် ရသေ့ကြီးကို နှုတ်ဆက်ကာ ထွက်သွားလေ သည်။

ရသေ့ကြီးက ကျင်းတီအနီးသို့ ရောက်ရှိသွားသည်။

ကျင်းတီ၏မျက်နှာ စူပုပ်နေသည်။

"ကြာလိုက်တာ၊ ဘာတွေများ ပြောနေလို့လဲ"

ရသေ့ကြီးက ...

"ကျုပ်က ဖျောင်းဖျပေးနေတာပါ"

"သူက ဘာပြောသလဲ"

"မသင်ချင်ဘူးလို့ ငြင်းနေတယ်၊ တကယ့်ကို ဇွဲကျတဲ့ ကလေး ပါဗျာ၊ ခေါင်းချည်း ခါနေတော့တာပဲ"

"မသင်လို့ မရဘူး"

"ခင်ဗျား ဒီလောက်တောင် ဒေါသကြီးနေရင် သူ့ကို ဘယ် မှ စည်းရုံးသိမ်းသွင်းလို့ ရမှာ မဟုတ်ဘူး"

ကျင်းတီ မျက်မှောင်ကြုတ်သွား၏။

"ဒါဖြင့် ကျုပ် ဘာလုပ်ရမလဲ"

"စိတ်ရှည်ရှည်ထားပြီး သိမ်းသွင်းပေါ့ဗျာ"

"ဟာ ... ကျုပ်က ..."

"ဟာ ... မလုပ်နဲ့၊ သူဟာ ခင်ဗျားထက်ပိုပြီး ခေါင်းမာတာ ဇွဲကျတယ်၊ ထူးဆန်းတယ်၊ ဒီလိုကောင်လေးမျိုး ရှားတယ် သိုင်းပညာ တတ်သွားရင်တော့ မဟာလူထူးလူဆန်း ဇွဲကျသိုင်းသမား ကြီး ဖြစ်သွားမှာပဲ"

ထိုစကားကိုမှ ကျင်းတီ သဘောကျသွားသည်။



"ဟုတ်တယ် ... တော်တော်ကို ဇွဲကျတဲ့ ကောင်လေးဆိုတာ သေချာတယ်၊ ကဲ ... ကျုပ် လိုက်သွားဦးမယ်"

ကျင်းတီသည် ရသေ့ကြီးနှင့် ယှဉ်ပြိုင်ဖို့ စိတ်မကူးတော့ဘဲ ချင်းကိုးနောက်သို့ ပြေးလိုက်သွားလေတော့သည်။

အမှန်တော့ ...

ချင်းကိုး၊ ကျင်းတီနှင့် ရသေ့ကြီးတို့ သုံးယောက်စလုံး စိတ်နေသဘောထား ထူးဆန်းသူများ ဖြစ်ကြပေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

## အခန်း(၄)

# လူထူးလူဆန်းဟူသည်

မိုးထိတောင် ...

မိုးထိတောင်သည် အနောက်ဘက် အတော်ဝေးဝေးတွင် ကျန်ရစ်ခဲ့ပြီး ဖြစ်သည်။

ချင်းကိုးသည် မိုးထိတောင်ကို ကျော်ခိုင်းထွက်လာရင်း ညနေဆည်းဆာချိန်၌ မြို့လေးတစ်မြို့သို့ ရောက်ရှိလာလေသည်။

မြို့ကလေးမှာ စည်စည်ကားကား ရှိနေပါသည်။

ချင်းကိုး ဗိုက်ဆာလာသည်။

ထို့ကြောင့် ... မြို့ထဲရောက်လျှင် စားသောက်ဆိုင်တစ်ဆိုင်၌ ဝင်ရောက် စားသောက်လိုက်သည်။

စားသောက်ဆိုင်ထဲမှ ပြန်ထွက်လာသောအခါ အမှောင်ရိပ်များ သန်းနေပြီ ဖြစ်သည်။

ချင်းကိုးက အနားယူဖို့ မစဉ်းစားဘဲ ခရီးဆက်ခဲ့သည်။

သူ၏စိတ်ထဲ၌ မြစ်ဝါမြစ်သို့ အရောက်သွားလိုစိတ် ပြင်းပျနေသည် မဟုတ်ပါလား ... ။

ခေါင်းမာသူပိပိ မြစ်ဝါမြစ်သို့ သွားရမည့် ခရီးလမ်းအကြောင်း စုံစမ်းကာ ထွက်လာခဲ့ခြင်း ဖြစ်သည်။



မြွေဆိုး ကျင်းကျန်းနှင့် တွေ့ရဖို့ သူက အပြင်းအထန် ကြိုးစားသွားမည်သာ ဖြစ်လေသည်။

ငယ်ရွယ်သူ ဖြစ်သော်လည်း ချင်းကိုးသည် တစ်စက်ကလေးမျှ ကြောက်ရွံ့စိတ် မရှိပါချေ။

ချင်းကိုးသည် ဖောဖြင့် သွားနေသဖြင့် မိုးချုပ်သွားပြီး ဝန်းကျင်တစ်ခုလုံး မှောင်နှင့်မည်းမည်း ဖြစ်သွားသည်ကိုလည်း သတိမမူဂရုမစိုက်ချေ။

ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်များ လွှမ်းမိုးထားသဖြင့် ချင်းကိုး၏ ခြေလှမ်းများ သွက်သွက်လက်လက် မသွားနိုင်တော့ပါ။

တဖြည်းဖြည်း နှေးကွေးသွားပြီး နောက်ဆုံး ရပ်တန့်သွားတော့သည်။

"ငါ ဒီအတိုင်း သွားနေလို့ လမ်းမှားသွားရင် ပိုပြီး ခရီးကြန့်ကြာသွားလိမ့်မယ်၊ မနက်မိုးလင်းမှပဲ ခရီးဆက်တာ ကောင်းမယ်"

စိတ်လျှော့ကာ သစ်ပင်ကြီး တစ်ပင်အောက်၌ ထိုင်ချလိုက်လေတော့သည်။

ည၏ ပိုးစကောင် မွှားကောင်လေးများ၏ အော်မြည်သံများက ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံလာသည်။

တစ်ခါတစ်ရံတွင် တရှဲရှဲမြည်သော မြွေတွန်သံများကို ကြားနေရသည်။

ချင်းကိုး သက်ပြင်းချမိလေသည်။

အခက်အခဲ ဘေးဒုက္ခအမျိုးမျိုး ကြုံတွေ့ရမည်ကို သူ ကြိုတင်တွေးတောထားပြီး ဖြစ်သည်။

မင်သို့သော အခက်အခဲ ဘေးအန္တရာယ်မျိုးကိုမဆို ရင်ဆိုင်သွားမည်ဟု ဆုံးဖြတ်ကာ အိမ်မှ ထွက်လာခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခရောက်၍ ဝမ်းနည်းငိုကြွေး နေလိမ့်မည် မဟုတ်ပါချေ။

ချင်းကိုးသည် သစ်ပင်ကြီးကိုကျောမှီကာ တစ်ညတာ အိပ်စက်အနားယူရန် ဆုံးဖြတ်လိုက်သည်။

ထိုစဉ်...

ဝဲဘက်တစ်နေရာမှ မီးရောင်များ ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရသည်။

ချင်းကို အံ့သြသွားသည်။

"စောစောက ဘာမှမရှိပါဘူး၊ အခုမှ မီးရောင်ထွက်ပေါ်လာတာ ထူးခြားနေတယ်"

မီးရောင်ရှိလျှင် လူရှိရလိမ့်မည်။

ချင်းကိုး အားတက်သွားလေသည်။

"တောထဲ တောင်ထဲမှာ ညအိပ်တာထက်စာရင် ငါ သွားပြီး တစ်ညတည်းခိုခွင့် တောင်းကြည့်တာ ကောင်းမယ်" ။

လာမိလက်စနှင့် မထူးတော့ဟု သဘောပိုက်ကာ ချင်းကိုး သွားသည်။

ကျောက်လှေကားထစ်များအတိုင်း လှမ်းတက်သွားရင်း အိမ်ရှေ့ တံခါးမကြီးအနီး သို့ ရောက်သွား၏။

တစ်ချိန်က...

ခမ်းနားထည်ဝါစွာ အခိုင်အမာ ဆောက်လုပ်ထားသော အဆောက်အဦးကြီး ဖြစ်ကြောင်း ထင်ရှား၏။ မြို့စားကြီးများ နယ်စားကြီးများ နေထိုင်လေ့ရှိသည့် စံအိမ်တော်ကြီးနှင့်လည်း တူနေသည်။

လူသူ စွန့်ခွာသွားခြင်းကြောင့်သာ ယခုကဲ့သို့ ပျက်စီးယိုယွင်းသွားရခြင်း ဖြစ်လေသည်။ စွန့်ခွာသွားကြသည်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်လှပုံရသည်။



အဆောက်အဦး ပျက်ကြီးအတွင်း၌ မီးရောင်များ ထွက်ပေါ်နေသည်မှာ...

ချင်းကိုးက တံခါးရွက်မရှိတော့သည့် တံခါးမကြီးမှ အတွင်းဘက် လှမ်းကြည့်လိုက်လေ၏။

ထိုအခါ...

အတွင်းဘက်၌ မီးပုံတစ်ခုရှိနေပြီး အဘိုးအိုတစ်ယောက်က တံခါးပေါက်အား ကျောပေးထိုင်နေသည်ကို တွေ့ရသည်။ ထိုအဘိုးအိုကိုမြင်လျှင် ချင်းကိုး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

အဘိုးအိုကလည်း ချင်းကိုး ရောက်ရှိလာသည်ကို သိရှိထားပုံ ရသည်။

"မင်း ဘာလုပ်နေတာလဲ၊ အပြင်ဘက်မှာအေးတယ်၊ အထဲဝင်လာပြီး မီးလှုံပါလား"

သူသည် နောက်လှည့်မကြည့်ဘဲ ပြောလိုက်လေ၏။

ထိုအဘိုးအိုကား လူထူးဆန်း ကျောင်းတီ ဖြစ်နေပါသည်။

ချင်းကိုး သက်ပြင်းချလိုက်သည်။

အိမ်ပျက်ကြီးထဲ လှမ်းဝင်သွားလိုက်သည်။

"ထိုင်..."

ကျောင်းတီက သူ၏ရှေ့သို့ လက်ညှိုးညွှန်ပြလိုက်၏။

ချင်းကိုးလည်း ကျောင်းတီနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်၏။

ကျောင်းတီ၏စကား မှန်ကန်နေပါသည်။

တောအုပ်ထဲ၌ ညအချိန် အေးမြလှသည်။

မီးပုံအနီးသို့ ရောက်တော့မှ နွေးနွေးထွေးထွေး ဖြစ်လာလေသည်။

ကျောင်းတီက...

"ဒီတောထဲမှာ အန္တရာယ်ပြုမယ့် သားရဲတိရစ္ဆာန်တော့ မရှိဘူး၊

www.burmeseclassic.com

www.burmeseclassic.com



**အဲဒီလို** သစ်ပင်အောက်မှာ မင်း အိပ်ပျော်သွားတာနဲ့ မင်းကို
**ကြီး** ဖမ်းလုယူမယ့် လူသုံးယောက်တော့ ရှိနေကြတယ်ကွ"

"ဗျာ ..."

"မင်းက မြစ်ဝါမြစ်ကို အရောက်သွားချင်တာနဲ့ ဘာမှ
စားပဲနေတာကိုး၊ စားသောက်ဆိုင်မှာ ကျသင့်ငွေပေးတော့ မင်း
ငွေအိတ်ထဲမှာ ငွေအတော်များများ ပါလာတာကို မြေခွေးတွေ
အမှတ်မထင် တွေ့သွားကြပြီး မင်းရဲ့နောက်ကို တိတ်တဆိတ်
ရောင်ခံ လိုက်လာကြတာပဲကွ"

ချင်းကိုး ခေါင်းခါယမ်းလိုက်သည်။

"ဦး ဘာတွေ ပြောနေတာလဲ၊ ကျွန်တော်တော့ ဘာမှ
မလည်နိုင်တော့ဘူး"

"အေးလေ ... မင်း ဘယ်နားလည်ပါ့မလဲ၊ ဘာအတွေ့အ
မှ မရှိဘဲ ကိုယ့်သဘောနဲ့ကိုယ် လုပ်ချင်ရာ လျှောက်လုပ်နေတာ

ချင်းကိုး မကျေမနပ် ဖြစ်သွားပြီး ဘာမှမပြောဘဲ နေ
လေသည်။

ကျင်းတီက ...

"သိုင်းလောကဟာ ရှုပ်ထွေးပွေလီတယ်၊ လူကောင်းတွေ
သလို၊ သိုင်းပညာ အားကိုးနဲ့ ထင်တိုင်းကျဲနေတဲ့ လူဆိုးတွေ
အများကြီး ရှိနေတယ်၊ မင်း နေတာထိုင်တာ သွားတာလာ
အများကြီး ဆင်ခြင်ရမယ်၊ ဒါမှ မင်း မျှော်လင့်သလို သိုင်း
သင်ပြီး သိုင်းသမားဘဝကို ရပ်တည်နိုင်လိမ့်မယ်၊ ဒါမှ မဟုတ်
ကိုယ်လုပ်ချင်တာ တစ်ခုတည်းကို ရှေ့တန်းတင်ပြီး ထင်ရာလု
ရင် ဒုက္ခရောက်ဖို့များတယ် သတိထားပါ"

သူ့စကားက စေတနာပါသည်။ အလေးအနက် ပြော
ဖြစ်ကြောင်း သိသာသည်။



ချင်းကိုး တွေဝေသွားလေသည်။

ကျင်းတီက စေတနာနှင့် ပြောနေခြင်းဖြစ်ကြောင်း သဘော
ပေါက်မိခြင်းကြောင့် ဖြစ်သည်။

ကျင်းတီသည် စိတ်နေစိတ်ထား ထူးခြားသည့် လူထူးဆန်း
ကြီးဖြစ်ကြောင်း ချင်းကိုး သိသည်။

လူထူး လူဆန်းဖြစ်သော်လည်း စိတ်ကောင်းရှိသူ တစ်ယောက်
ဖြစ်ကြောင်းကိုလည်း ချင်းကိုး သိလိုက်သည်။

ကျင်းတီက ...

"မင်းက ငွေထုပ်ကို ထုပ်ပြလိုက်တာ အန္တရာယ်ကို ဖိတ်
ခေါ်လိုက်တာပဲကွ၊ မင်းလို ကောင်လေးတစ်ယောက်ဆီမှာ ငွေအတော်
များများ ပါလာတယ်ဆိုရင် ဘယ်သူမဆို လုယူဖို့ ကြိုးစားမှာပဲ"

ချင်းကိုးသည် ခရီးဝေးသွားရမည်ဟု တွက်ဆကာ အိမ်မှ
ထွက်လာစဉ် ငွေ အတော်များများကို ယူလာခဲ့သည်။

ငွေကြေး အခက်အခဲ မဖြစ်စေဘဲ လုံလုံလောက်လောက်
သုံးစွဲနိုင်ရန် သူ ရည်ရွယ်သည်။

ကျင်းတီက ...

"မြေခွေးတွေက အချောင်ရမလားလို့ စောင့်ကြည့်နေကြတာ
အချောင်မရဘူး ဆိုရင်တော့ ရတဲ့နည်းနဲ့ လုယူကြမှာပဲ"

သူ၏ စကားသံနှင့် မရှေးမနှောင်းမှာပင် ခြေသံများ ကျယ်
လောင်စွာ ထွက်ပေါ်လာကာ လူနှစ်ယောက် အဆောက်အဦးပျက်
ထဲသို့ လှမ်းဝင်လာကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

အနက်ရောင် ဝတ်ဆင်ထားသူ နှစ်ယောက်သည် အဆောက်
အဦးပျက်ကြီးထဲ ရောက်ရှိလာကြသည်။

ထိုလူ နှစ်ယောက်အနက် တစ်ယောက်က ...

"အဘိုးကြီး ... ခင်ဗျား တော်တော်စကားရှည်တာပဲ၊ ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ် ပိတ်ထားလိုက်စမ်း၊ စကားဆိုတာ ပြောတိုင်း ကောင်းတာ မဟုတ်ဘူး"

ကျင်းတီအား ငေါက်လိုက်သကဲ့သို့ ကျန်တစ်ယောက်က ချင်းကိုးအား သုမ်းပြောလိုက်သည်။

"ကောင်လေး ... အသက်မသေချင်ရင် မင်းရဲ့ ငွေအိတ်ကို ပေးစမ်း"

သူက ခြိမ်းခြောက်လိုက်ခြင်း ဖြစ်ပါသည်။

ချင်းကိုး ခံပြင်းသွားသည်။ သူ၏ မိဘများသည် လမ်းဓားပြ များကြောင့် သေဆုံးသွား ရသည့်အဖြစ်ကို သူ ဘယ်တော့မှ မေ့မည် မဟုတ်ချေ။ လူဆိုးဓားပြဆိုလျှင် အမုန်းကြီး မုန်းနေသည်။

"ခင်ဗျား ယူနိုင်ရင် လာယူပါဗျာ"

ခပ်တည်တည် ပြန်ပြောကာ ရင်ဆိုင်တိုက်ခိုက်ရန် အသင့် ပြင်လိုက်သည်။

ချင်းကိုးကိုကြည့်ကာ ကျင်းတီပင် အံ့သြသွားရသည်။

အနက်ရောင် ဝတ်ထားသူက ...

"အေး ... ငါရအောင် ယူပြမယ်၊ မင်းကိုလည်း ဆုံးမပြမယ် ဆိုတာ မှတ်ထား"

ဓားမြှောင်တစ်လက် ဆုပ်ကိုင်ကာ ချင်းကိုးထံသို့ လှမ်းသွား ရန် ဟန်ပြင်လိုက်လေ၏။

"အဟမ်း ..."

ကျင်းတီက ချောင်းဟန့်လိုက်သည်။

"ငါ ဘယ်သူ ဘယ်ဝါဆိုတာ မသိကြတဲ့ မင်းတို့နှစ်ယောက် ကို ဘယ်လို ဆုံးမရမယ်ဆိုတာ ငါ စဉ်းစားရတော့မယ်"

သူ၏စကားကြောင့် အနက်ရောင် ဝတ်ထားသူ နှစ်ယောက်က လှည့်ကြည့်မိကြသည်။



ယခုမှ ကျင်းတီအား သေသေချာချာ ကြည့်မိကြသည်။

စောစောက သူတို့ အာရုံများနေသည်၊ ချင်းကိုးထံသို့သာ ရောက်နေခဲ့ကြသည်။

ငွေထုပ်ရှိသူမှာ ချင်းကိုးပင် မဟုတ်ပါလား။

တစ်ယောက်က မျက်လုံးပြူးသွားပြီး တစ်ယောက်က ပါးစပ် အဟောင်းသား ဖြစ်သွားသည်၊

"ဟင် ... လူထူးဆန်း အဘိုးကြီး ကျင်းတီ"

"ဒုက္ခပဲ ..."

ကပျာကယာ နောက်ဆုတ်သွားကြသည်။

ကျင်းတီက ချင်းကိုးအား လှမ်းပြောလိုက်သည်။

"ဒီကောင်တွေကို ဘယ်လို ဆုံးမရမှန်း ငါ စဉ်းစားလို့ မရ သေးဘူး"

အနက်ရောင် ဝတ်ထားသူနှစ်ယောက် မနေရဲကြဘဲ တချိုး တည်း ထွက်ပြေးသွားကြလေတော့သည်။

"ဟား ... ဟား ... ဟား ... ခွေးကောင်တွေ ..."

ကျင်းတီက သဘောကျစွာ ရယ်မောလိုက်သည်။

"ငါ့ကို လူထူးဆန်းကြီး ကျင်းတီလို့ လူတိုင်းသိထားကြပြီး ကြောက်ရွံ့ရိုသေရမယ်လို့ ငါ ပြောခဲ့တာ အပိုစကား မဟုတ်ပါဘူး နော်၊ မင်း လက်တွေ့မြင်ပြီ မဟုတ်လား"

ချင်းကိုး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... မြင်ပါတယ်၊ ဦးက အမှန်အတိုင်း ပြောတယ်ဆို တာလည်း ယုံကြည်ပါတယ်"

"ဒါဖြင့် ငါ့ဆီက သိုင်းပညာကို မင်း သင်ယူတော့မယ်ပေါ့ ဟုတ်လား"

ချင်းကိုး ခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သင်မှာ မဟုတ်ပါဘူး"

ကျင်းတီ ကျွဲမြီးတိုသွားလေသည်။

"မင်း ဘာကြောင့် ဒီလောက်တောင် ငြင်းနေရတာလဲ၊ ပြေ
ပါဦး"

"ကျွန်တော် အထင်သေးတာ၊ စော်ကားတာမျိုး မဟုတ်ပါဘူး
ကျွန်တော့် စိတ်ထဲကကို မသင်ချင်တာပါခင်ဗျာ"

ကျင်းတီ သက်ပြင်းချလိုက်သည်။

ကိုယ်တိုင်က ထူးဆန်းသော စိတ်နေစိတ်ထား ရှိသူဖြစ်ရကား
ချင်းကိုး၏ ခံစားချက်ကို နားလည် သဘောပေါက်သလို ရှိသည်။

"ကောင်း မင်းက ငါ့ကို ဆရာ မခေါ်ချင်လို့ဘဲ ဖြစ်ရမယ်"

ချင်းကိုးက ...

"ကျွန်တော်က ဦးနဲ့ ခင်မင်ရင်းနှီးချင်ပါတယ်"

"ငါသိပြီ၊ မိတ်ဆွေ သူငယ်ချင်းသဘောမျိုး မဟုတ်လား"

"အဲဒီ သဘောပါပဲခင်ဗျာ"

"ကောင်းပြီ ... မင်းကို သိုင်းပညာသင်ပေးဖို့ ငါ ဘယ်တော့
မကြိုးစားတော့ဘူး"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

သိုင်းပညာ သင်မည့်ကိစ္စ ပြီးပြတ်သွားခြင်းကြောင့် နှစ်ယောက်
စလုံး၏ရင်ထဲ ပေါ့ပါးသွားကြသည်။

ကျင်းတီက ...

"မင်းကို ငါ သင်မပေးဘူး၊ ဒါပေမယ့် ရွှေဓား ကျင်းကျန်း
ကိုသွားပြီး သင်ယူမှာကိုလည်း အားမပေးချင်ဘူးကွ"

"ဘာများ ဖြစ်လို့ပါလဲခင်ဗျာ"

"ကျင်းကျန်းက လူကောင်းတစ်ယောက်ပါ၊ သူရဲ့ ရွှေ
ပညာလည်း မဆိုးပါဘူး၊ ဒါပေမယ့် သူက ခြေအငြိမ်မနေ



လျှောက်သွားနေတာဆိုတော့ ပညာသင်ချင်ရင် သူ့နောက်ကို
ကောက်ကောက် လျှောက်လိုက်နေရမယ်၊ ပြီးတော့ တစ်ရက်နဲ့
တ်ရမယ့် ပညာကို ဆယ်ရက်လောက် သင်နေရမယ်၊ ကြာရင်
င်း စိတ်ပျက်သွားမှာ သေချာတယ်"

ရည်ရွယ်ချက် ကြီးမားသော ချင်းကိုးနှင့် ရွှေဓား ကျင်းကျန်း၏
ခြေအနေ ကိုက်ညီခြင်းမရှိကြောင်း ရှင်းပြသည်။

ချင်းကိုးလည်း ပင့်သက်ရှိုက်မိသည်။

အခြေအနေကို တွက်ဆရင်း ရွှေဓား ကျင်းကျန်းထံသွားကာ
သိုင်းပညာသင်ကြားဖို့ ဆုံးဖြတ်ချက်မှာ ယိမ်းယိုင်စ ပြုလာလေတော့
သည်။

ကျင်းတီက ...

"ဒီနေရာကို ရောက်လာပြီးမှ မင်းကို ငါ အကြံတစ်ခု ပေးချင်
တယ်၊ နယ်စားကြီးရဲ့ သိုင်းကျမ်းသေတ္တာကို လိုက်ရှာပါလား၊ ရှာ
တွေ့ရင် မင်းဟာ ပြိုင်ဘက်ကင်းတဲ့ သိုင်းသမားဖြစ်လာမှာ မြေကြီး
သက်ခတ် မလွဲဘဲကွ"

ချင်းကိုးက ပြန်မေးလိုက်သည်။

"နယ်စားကြီးရဲ့ သိုင်းကျမ်းသေတ္တာဆိုတာ ဘာကို ဆိုလိုတာ
ပါလဲခင်ဗျာ"

ကျင်းတီက ကြမ်းပြင်ကို လက်ဝါးဖြင့် ပုတ်လိုက်၏၊

"ဒီ အိမ်ပျက်ကြီးဟာ နယ်စားကြီး ရီဟောက်ရဲ့ စံအိမ်ကြီး
ပေါ့၊ ဒီစံအိမ်ဟာ သိုင်းလောကမှာ မသိသူ မရှိသလောက် ထင်ရှား
တဲ့တာ သိုင်းကျမ်းသေတ္တာကြောင့်ပေါ့"

ချင်းကိုးက ငြိမ်နေ၏။

ကျင်းတီက ဆက်ရှင်းပြသည်။

"နယ်စားကြီး ရီဟောက်ဟာ တစ်ချိန်က ဩဇာတိက္ကမ

www.burmeseclassic.com

www.burmeseclassic.com



အလွန်ကြီးမားခဲ့တယ်၊ ဘုရင်မင်းမြတ်နဲ့လည်း ဆွေမကင်း မျိုးမကင်း ဖြစ်ခဲ့တယ်၊ ဒါကြောင့် ဓားထက်တဲ့ နယ်စားကြီးလို့ အားလုံးက နောက်ကွယ်မှာ ခေါ်ကြတယ်၊ ထူးခြားတာက နယ်စားကြီး ရိုဟောက်ဟာ တခြား မြို့စား၊ နယ်စားတွေနဲ့ မတူဘဲ သိုင်းလောကသားဆိုရင် အင်မတန် မုန်းတီးတာပဲကွ"

ချင်းကို စိတ်ဝင်စကားလာလေ၏။

ဩဇာတိက္ကမ ကြီးမားလှသော နယ်စားကြီးတစ်ယောက်သည် သိုင်းလောကသားများအား အဘယ်ကြောင့် မုန်းတီးနေရပါသနည်း။

ကျင်းတီက …

"သိုင်းလောကသားတွေဟာ ကိုယ်ပိုင် လက်နက်တွေ ကိုင်ဆောင်ကြတယ်၊ နေ့ည အချိန်အခါမရွေး သွားလာလှုပ်ရှားကြတယ်၊ ဒါဟာ ရပ်ရွာ အေးချမ်းသာယာရေးကို တာဝန်ယူထားတဲ့ သူလို နယ်စားတစ်ယောက်ကို မလေးမစား ဧော်ကားတာပဲလို့ ယူဆပြီး နယ်စားကြီး ရိုဟောက်ဟာ သူ့နယ်ထဲမှာရှိတဲ့ သိုင်းသမားတွေကို ဖမ်းဆီးပြီး နယ်နှင်ဒဏ် ပေးတယ်၊ သိုင်းဂိုဏ်းတွေကို ပိတ်ပစ်တယ်၊ နယ်သူနယ်သားတွေကလည်း သိုင်းပညာ သင်ကြားခွင့် မပေးဘူး၊ သိုင်းနဲ့ ပတ်သက်လာရင် အားလုံး သိမ်းဆည်း ယူငင်ပစ်တယ်၊ နယ်စားကြီး ပိုင်ဆိုင်တဲ့ နယ်မြေဒေသဟာ ကျယ်ဝန်းလှပြီး သိုင်းသမားအတော်များများ နေထိုင်ကြတယ်၊ သိုင်းဂိုဏ်း၊ သိုင်းအဖွဲ့ အတော်များများ ရှိခဲ့တယ်"

ချင်းကိုးသည် ရွှေဓားကျင်းကျန်းနှင့် မကြာသေးမီက လုယက်ရန် ရောက်ရှိလာသည့် လူဆိုးနှစ်ယောက်ကိုပင် မေ့လျော့သွားလေတော့သည်။

ကျင်းတီက ဆက်ပြောသည်။

"နယ်စားကြီးက သိုင်းဂိုဏ်းတွေကို ဖျက်ဆီးပစ်ပြီး ပိုင်ဆိုင်



သမျှ ပစ္စည်းတွေကို သိမ်းဆည်းတဲ့အခါ ဂိုဏ်းအသီးသီးရဲ့ မူပိုင် သိုင်းကျမ်း အတော်များများ ပါသွားတယ်၊ နယ်စားကြီးက သိုင်းကျမ်းတွေကို သေတ္တာတစ်လုံးနဲ့ ထည့်ပြီး သိမ်းဆည်းထားလိုက်တယ်၊ ဒီလိုနဲ့ နယ်စားကြီးရဲ့ သိုင်းကျမ်းသေတ္တာဆိုတာ ပေါ်ပေါက်လာခဲ့ရတာပေါ့"

နယ်စားကြီး၏ သိုင်းကျမ်းသေတ္တာ ပေါ်ပေါက်လာပုံကို သိလိုက်ရလေပြီ။ ချင်းကိုးက သူ မရှင်းမလင်း ဖြစ်နေသည့်အချက်ကို မေး လိုက်၏။

"ဒီလောက်တောင် ဩဇာတိက္ကမ ကြီးမားတဲ့ နယ်စားကြီး တစ်ယောက်ဟာ ဘာကြောင့်များ တောထဲ တောင်ထဲမှာ လာပြီး နေထိုင်ရတာလဲ"

ကျင်းတီက ရှင်းပြလိုက်သည်။

"နယ်စားကြီးက သိုင်းသမားတွေကို နှိမ်နင်းတော့ တချို့ သိုင်းသမားတွေက မခံမရပ်နိုင်ဖြစ်ကြပြီး ရင်ဆိုင်ဖြေရှင်းဖို့ ကြိုးစားကြတယ်၊ နယ်စားကြီးက [illegible] သိုင်းသမားတွေကို ဖမ်းဆီးပြီး ကွပ်မျက်ပစ်လိုက်တယ်၊ သိုင်းသမားတွေ ပြန်ပြီး ရင်ဆိုင်တာကို အာဃာတထားပြီး နောက်ပိုင်းမှာ သိုင်းသမားဆိုတာနဲ့ ဖမ်းပြီး ကွက်မျက်ပစ်တော့တာပဲ၊ ကြီးသည် ငယ်သည် အဖြူအမဲ မခွဲမခြားဘဲ သုတ်သင်ပစ်တာကြောင့် အများအကျိုး တိုင်းပြည်အကျိုး ဆောင်ရွက်နေတဲ့ အထက်လမ်း သိုင်းသမားတချို့လည်း သုတ်သင်ခံလိုက်ရတယ်၊ အစောပိုင်းက ဒီလောက် မဟုတ်ပေမယ့် နောက်ပိုင်းမှာ နယ်စားကြီးရဲ့ လုပ်ရပ်တွေဟာ တရားဥပဒေကို မျက်မှောက်ပြုပြီး ထင်ရာစိုင်းတဲ့ သဘောတွေ ဖြစ်လာတယ်၊ အဆိုးဆုံးက သိုင်းသမားတွေကိုသာ မကဘူး သူတို့ရဲ့ မိသားစုတွေကိုပါ သုတ်သင် ရှင်းလင်းပစ်ခဲ့တာပဲ"

www.burmeseclassic.com

ချင်းကိုး လက်မခံနိုင်တော့ချေ။

သူ့သဘော ဆန္ဒနှင့်လည်း ကွဲလွဲလာပြီ မဟုတ်ပါလား။

"ဒါကတော့ ဘယ်တရားပါ့မလဲဗျာ"

ကျင်းတီက ...

"နယ်စားကြီးရဲ့ မတရားတဲ့ လုပ်ရပ်တွေကို သိုင်းလောကက အများအကျိုး တိုင်းပြည်အကျိုး ဆောင်ရွက်နေတဲ့ အထက်လမ်း သိုင်းသမားကြီးတွေက ဘုရင်မင်းမြတ်ထံမှ တင်ပြပြီး အသနားခံ လျှောက်ထားကြတော့ ဘုရင်မင်းမြတ်က စုံစမ်းစစ်ဆေးပြီး နယ်စားကြီးဟာ ထင်ရာစိုင်း မတရားလုပ်နေကြောင်း ပေါ်လွင်လာတယ်။

ဒါကြောင့် နယ်စားရာထူးကို ပြန်ရုပ်သိမ်းလိုက်တယ်၊ ဒါနဲ့ နယ်စားကြီးဟာ သူပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေကိုယူ အခြွေအရံ အသင်းအပင်းတွေကို ခေါ်ပြီး လူသူဝေးလံတဲ့ ဒီနေရာကို ပြောင်းရွှေ့ လာခဲ့တယ်၊ ဒီနေရာမှာ အဆောက်အဦးကြီးတစ်ခု အခိုင်အမာ ဆောက်လုပ်ပြီး ဇာတ်မြှုပ်နေလိုက်တယ်၊ သူနဲ့အတူ သိမ်းဆည်း ထားတဲ့ သိုင်းကျမ်းသေတ္တာလည်း ပါလာခဲ့တာပေါ့"

တောအုပ်ထဲမှ အိမ်ပျက်ကြီးသည် တစ်ချိန်က နယ်နယ်ရရ မဟုတ်ကြောင်း ချင်းကိုး သိလာရလေ၏။

ကျင်းတီက ...

"ဒီအရပ်ဒေသမှာ ရှိနေတဲ့ လူဆိုးဓားပြတွေဟာ တစ်နေ့မှာ အင်အား အလုံးအရင်းနဲ့ နယ်စားကြီးရဲ့အိမ်ကို တိုက်ခိုက်လုယက် ခဲ့ကြတယ်၊ နယ်စားကြီးတို့ တစ်မိသားစုလုံးလည်း အသတ်ခံလိုက် ရပြီး စံအိမ်ကြီးလည်း ပျက်စီးသွားတယ်၊ ဒါပေမယ့် နယ်စားကြီး သိမ်းဆည်းထားတဲ့ သိုင်းကျမ်းသေတ္တာကို လူဆိုး ဓားပြတွေ ရမသွား ကြဘူးလို့ ပြောကြတယ်။

ဒါဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်ကျော်က အဖြစ်အပျက်



ဝါ၊ စိတ်ဝင်စားသူ တစ်ချို့က ဒီနေရာကိုလာပြီး သိုင်းကျမ်းသေတ္တာကို ရှာခဲ့ကြတယ်၊ ကနေ့အထိတော့ ဘယ်သူမှ ရသွားတယ်လို့ မကြားမိ သေးဘူး"

ချင်းကိုးက ...

"ရှာလို့မတွေ့တာက တစ်ယောက်ယောက် ရသွားလို့ကော မဖြစ်နိုင်ဘူးလား"

"ရသွားရင် သတင်း ပေါ်ထွက်လာမှာပဲ၊ ရသွားတဲ့လူဟာ သိုင်းကျမ်းတွေကို ဖတ်ရှုလေ့လာပြီး ထိပ်တန်းအဆင့်ကို ရတာနဲ့ သိုင်းလောကမှာ ခြေချမှာပဲ၊ သူ့ရဲ့ သိုင်းပညာကပဲ သိုင်းကျမ်းသေတ္တာ ရခဲ့သူဆိုတာ ပေါ်လွင်စေမှာပေါ့"

ချင်းကိုး မေးလိုက်သည်။

"ဒီနေ့အထိ သိုင်းကျမ်းသေတ္တာကို ဘယ်သူမှ မရသေးတာ သေချာတာပေါ့"

ကျင်းတီက ...

"ဒါ ... အမှန်ပဲ"

"ဦးရဲ့သဘောက ကျွန်တော့်ကို ရှာကြည့်စေချင်တာလားဗျာ"

ကျင်းတီ ခေါင်းညိတ်လိုက်လေသည်။

"ဒါပေါ့ ... ရှာလို့တွေ့ရင် အမြတ်ပဲ၊ မင်းရဲ့ ရည်ရွယ်ချက် ပြည့်ဝအောင်မြင်ဖို့ ဖြည့်ဆည်းဆောင်ရွက် ပေးနိုင်မှာပဲ၊ ပြီးတော့ ဒါမှာ နည်းလမ်းတစ်ခု ရှိသေးတယ်"

"ဟုတ်ကဲ့ ... ပြောပါခင်ဗျာ"

ကျင်းတီက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ပြော သည်။

"နယ်စားကြီးရဲ့ သိုင်းကျမ်းသေတ္တာထဲမှာ ရှိနေတဲ့ သိုင်းကျမ်း ဟာ ဝိဇ္ဇာအသီးသီးက သိုင်းကျမ်းတွေဖြစ်တယ်၊ အဲဒီ ဝိဇ္ဇာတွေဟာ

www.burmeseclassic.com



သူတို့ရဲ့မှုပိုင် ပညာရပ်တွေကို ရေးသား မှတ်တမ်းတင်ထားကြ မယ့် ထက်ဆယ်တော့ သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြ တဲ့ဂိုဏ်းတွေ မဟုတ်ကြပါဘူး။

ဥပမာ ... ရှောင်လင်၊ ဝူတန်းတို့လို ဂိုဏ်းမျိုးတွေ မဟု ကြဘူးပေါ့၊ သူတို့ရဲ့ မှုပိုင်သိုင်းပညာရပ်တွေဟာ ရှောင်လ ဝူတန်းတို့ရဲ့ မှုပိုင် သိုင်းပညာတွေလောက် မစွမ်းနိုင်ဘူး၊ ဆိုလိုတာကို မင်း သဘောပေါက်တယ် မဟုတ်လား"

ချင်းကိုး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ကျွန်တော် သဘောပေါက်ပါတယ်ခင်ဗျာ"

ကျင်းတီက ...

"ရှောင်လင်၊ ဝူတန်းတို့ရဲ့ ပညာကို မမီပေမယ့် သူ့ပညာ အစွမ်းအစ ရှိကြတာကိုတော့ ငြင်းမရပါဘူး၊ ဒါကြောင့် သိုင်းကျ သေတ္တာကို ရမယ်ဆိုရင် သိုင်းကျမ်းတစ်ခုလုံးကို အစအဆုံး လေ့ မယ့်အစား သိုင်းကျမ်းကို သေသေချာချာ ဖတ်ပြီး သိုင်းကျမ်းတ လုံးရဲ့ အနှစ်သာရကို ရှာဖွေဖော်ထုတ် တတ်ရမယ်"

သိုင်းပညာကို သင်ကြားဖို့ဆိုသည်မှာ မလွယ်ကူဘဲ အ ခက်ခဲသော ကိစ္စဖြစ်ကြောင်း ချင်းကိုး တဖြည်းဖြည်းချင်း သ ပေါက်လာလေတော့သည်။

ကျင်းတီက စိတ်ရှည်လက်ရှည် ရှင်းပြနေသည်။

"သိုင်းကျမ်းတစ်ခုချင်းရဲ့ အနှစ်သာရကို ရွေးထုတ်ပြီး အ အကျဆုံး သိုင်းကွက်ကို ရွေးထုတ်နိုင်ရမယ်၊ သိုင်းကျမ်းတ အကောင်းဆုံး သိုင်းတစ်ကွက် တစ်ကွက်စီ ရွေးထုတ်ရမယ်၊ အကောင်းဆုံးဆိုတဲ့ သိုင်းကွက်တွေကို ရွေးချယ်လေ့ကျင့်ရမယ် သိုင်းကွက်အချင်းချင်း ဆက်စပ်ပြီး အသုံးချနိုင်အောင် တီထွင် ကြိုးစားရင် အကျိုးဖြစ်ထွန်းပြီး ကိုယ်ပိုင်တီထွင်ထားတဲ့ သိုင်း



ကောင်းတွေကို အခြေခံပြီး ပေါင်းစပ်တီထွင် နိုင်မယ်ဆိုရင် ပြိုင် ဘက်ကင်းတဲ့ သိုင်းပညာတစ်ရပ် ရရှိလာမှာပဲ"

ချင်းကိုးမှာ အတွေ့အကြုံ နုနယ်သော်လည်း ဉာဏ်အလွန် ကောင်းသူဖြစ်ရကား ကျင်းတီ ပြောလိုသည့် သဘောအဓိပ္ပာယ်ကို ကောင်းစွာ သိရှိမိလေသည်။

စိတ်လှုပ်ရှားလာပြီး မျက်လုံးများလည်း အရောင်တဖိတ်ဖိတ် တောက်ပလာလေတော့သည်။

ချက်ချင်းပင် ကျင်းတီကို ဦးညွှတ် ဂါရဝပြုလုပ်သည်။

"ဦးရဲ့ ကျေးဇူးကို ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူးခင်ဗျာ"

ကျင်းတီက တဟားဟား ရယ်မောလိုက်လေသည်။

"ငါက ကျေးဇူးတင်ခံချင်လို့ ပြောနေတာ မဟုတ်ဘူးကွ၊ မင်းကို သဘောကျလို့ ပြောနေတာ ..."

ချင်းကိုး ပြုံးလိုက်သည်။

ကျင်းတီက ...

"လူတွေကသာ ငါ့ကို အထင်ကြီးနေကြတာ၊ ငါက ဘယ်သူ့ ကိုမှ အထင်ကြီးတာ မဟုတ်ဘူး၊ ဘယ်သူ့ကိုမှလည်း သဘောတွေ့ တာ မဟုတ်ဘူး၊ ဒါပေမယ့် အမှန်အတိုင်း ဝန်ခံရရင် မင်းကိုတွေ့ တာနဲ့ ငါ့စိတ်ထဲမှာ အလိုလို ခင်မင်လာမိတာ၊ ဒါကြောင့် သိုင်း ပညာသင်ပေးဖို့ စိတ်ကူးမိတာပေါ့၊ မင်းက မသင်ချင်ဘူး၊ ဆရာ ခေါ်ချင်ဘူးဆိုရင် ဒီလို လုပ်ပါလား"

"ဘယ်လို လုပ်ရမလဲခင်ဗျာ"

ချင်းကိုးက မေးသည်။

ကျင်းတီက ...

"ငါတို့နှစ်ယောက် မိတ်ဆွေ သူငယ်ချင်းဖွဲ့ကြရင် မကောင်း ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ချင်းကိုး အားတုံ့အားနာ ဖြစ်သွားလေသည်။

"ကျွန်တော်က အသက်ငယ်တာ၊ ဦးက ကျွန်တော့်ထက် အများကြီး ကြီးတယ်၊ ဘယ်လိုလုပ်ပြီး သူငယ်ချင်း လုပ်ရမှာလဲဗျာ"

"ကိစ္စမရှိဘူး၊ ငါလက်ခံရင် ပြီးတာပဲ မဟုတ်လားကွ"

"ကျွန်တော်က လူကြီးကို မရိုမသေ မလေးမစား လုပ် ကျသွားမှာပေါ့၊ မကောင်းပါဘူးခင်ဗျာ"

ကျင်းတီက ပြန်မေးလိုက်သည်။

"ဒါဖြင့် မင်းက ဘယ်လိုလုပ်ချင်သလဲ၊ ပြောစမ်းပါဦး"

ချင်းကိုး မပြောတတ်ဘဲ ဖြစ်နေသည်။

ကျင်းတီသည် စိတ်သဘောထား ထူးဆန်းပြီး ခင်မင် ကောင်းသူဟု သူ သိနားလည်သွားပြီ ဖြစ်ပါသည်။

ကျင်းတီက လက်ဖျော့ယမ်းပြလိုက်သည်။

"အပိုတွေ စဉ်းစားမနေနဲ့၊ အချိန်ကုန်တယ်၊ ငါတို့နှစ်ယော မိတ်ဆွေသူငယ်ချင်း ဖြစ်သွားပြီ၊ ကဲ ... မင်း လက်ခံသလား"

ချင်းကိုးမှာ ပို၍ကောင်းသော နည်းလမ်းကို စဉ်းစားမရသ သဘောတူလိုက်ရလေသည်။

"လက်ခံပါတယ်ဗျာ"

ကျင်းတီ တဟားဟား ရယ်မောလိုက်ပြန်သည်။

"ကဲ ... ငါတို့ မိတ်ဆွေတွေ ဖြစ်ကြပြီဆိုတော့ ငါ မေး မင်း အမှန်အတိုင်း ဖြေရမယ်"

"ဟုတ်ကဲ့ ... မေးပါဗျာ"

ကျင်းတီက ...

"မိုးထိတောင်က မင်း ထွက်လာကာနီးမှာ ဟို ရသေ ဘာပေးလိုက်ရာလဲ၊ ပြောစမ်းပါ၊ မိတ်ဆွေဆိုတာ တစ်ယောက် တစ်ယောက် မလိမ်ရဘူးနော်"



"ဪ ... ဦးက တွေ့မြင်ခဲ့တာကိုး ... ဟောဒီ စာအုပ်လေး လိုက်တာပါ"

ချင်းကိုးက အမှန်အတိုင်းဖြေကာ ရသေ့ကြီး ပေးလိုက်သည့် အုပ်လေးကို ထုတ်ပြလိုက်သည်။

ကျင်းတီယူကာ ဖတ်ကြည့်လိုက်သည်။

"လက်စသတ်တော့ အခြေခံ သိုင်းပညာနဲ့ အတွင်းအား ကျင့်တဲ့နည်း ရေးထားတာကိုး၊ ဒီရသေ့ကြီးက တော်တော် ဝ ကွ၊ သူ့ရဲ့ သိုင်းပညာက လျှမ်းလျှမ်းတောက်ပဲ၊ သူကလည်း အပေါ်မှာ စေတနာထားတယ်ဆိုတော့ မင်း ကံကောင်းတယ်လို့ နိုင်တယ်"

ချင်းကိုးက ...

"ဒီစာအုပ်လေးကို ရွှေဓား ကျင်းကျန်းကို ပေးလိုက်ပါလို့ တော့်ကို မှာလိုက်ပါတယ်"

"ဟား ... ဟား ... ဟား ..."

ကျင်းတီက ရယ်မောပြီးမှ ...

"မင်းကိုလည်း ဖတ်ရှု လေ့လာနိုင်တယ်လို့ မပြောလိုက် လား"

"ဟုတ်ကဲ့ ... ပြောလိုက်ပါတယ်"

ချင်းကိုး ဝန်ခံလိုက်လေသည်။

ကျင်းတီက ...

"ဒီရသေ့က ဉာဏ်တော်တော်များတာပဲ၊ မင်းကို ဖတ်ရှုလေ့ ပြီး လေ့ကျင့်စေချင်လို့ တမင်ပေးလိုက်တာ ကျင်းကျန်းဟာ တန်းသိုင်းသမား တစ်ယောက် ဖြစ်နေပါပြီ၊ အခြေခံနည်းစနစ် ကို လေ့ကျင့်စရာ မလိုတော့ပါဘူး"

ချင်းကိုး သက်ပြင်းချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ရသေ့ကြီး၏ ပရိယာယ်ကို သူလည်း သဘောပေါက်မိခဲ့သ
မဟုတ်ပါလား။

မိဘနှစ်ပါး ဓားပြလက်ချက်ဖြင့် သေဆုံးသွား၍ ကံဆိုး
သော်လည်း သိုင်းလောကသို့ ရောက်လာသောအခါ မထင်မှတ်
ကံကောင်းမှုများနှင့် ကြုံတွေ့နေရပြီ ဖြစ်သည်။ ရသေ့ကြီးကိုေ
ကျင်းတီကိုပါ ကျေးဇူးတင်နေမိလေတော့သည်။

ကျင်းတီက ရှင်းပြသည်။

"ဘယ်လောက် ခက်ခဲ နက်နဲတဲ့ သိုင်းပညာရပ်ကိုပဲဖြစ်
ပြိုင်ဘက်ကင်းတယ်ဆိုတဲ့ လျှမ်းလျှမ်းတောက် သိုင်းပညာကိုပဲ
ဖြစ် လေ့ကျင့်တော့မယ်ဆိုရင် အခြေခံကို ပိုင်ပိုင်နိုင်နိုင် ရှိရ
သိုင်းပညာအသုံးပြုရင် ထိရောက်ထက်မြက်မှုရှိအောင် အတွင်းအ
သုံးရတဲ့အတွက် အတွင်းအား ရှိအောင်လည်း ကြိုတင်လေ့ကျင့်
ရမယ်၊ ရသေ့ကြီးက မင်းရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေး
တာပဲ၊ ရော့ ... မင်းပဲသိမ်းထားပြီး ဂရုစိုက် လေ့လာပါ"

"ကောင်းပါပြီခင်ဗျာ"

ချင်းကိုးက စာအုပ်ကလေးကို ပြန်ယူကာ တရိုတသေ သ
ဆည်း ထားလိုက်လေ၏။

ကျင်းတီက ...

"ကဲ ... ညဥ့်နက်ပြီ၊ အနားယူကြစို့၊ မနက်မိုးလင်း
နယ်စားကြီးရဲ့ သိုင်းကျမ်းသေတ္တာကို ရှာကြည့်ကြတာပေါ့"

"ကောင်းပါပြီခင်ဗျာ"

ထို့နောက် နှစ်ယောက်သား အိမ်ပျက်ကြီး၏ နံရံကို
အနားယူလိုက်ကြလေတော့သည်။

❖ ❖ ❖

အခန်း (၅)

# ပညာသင်စခန်း

"အောက် ... အီး ... အီး ... အွတ် ..."

တောကြက်တွန်သံများ ဟိုမှ သည်မှ ထွက်ပေါ်လာသည်။

အရှေ့ဘက်တွင် အရုဏ်ဦး၏ ရောင်နီများ ထွက်ပေါ်လာပြီ
ဖြစ်ပါသည်။

တစ်ညတာ ကုန်ဆုံးသွားပြီး နေ့သစ်တစ်နေ့ အစပျိုးလာပြီ
ဖြစ်ပါသည်။

"ဝါး ..."

ချင်းကိုး ဝါးခနဲ သမ်းဝေကာ အိပ်ပျော်နေရာမှ နိုးလာသည်၊
မျက်လုံးဖွင့်လိုက်သည်နှင့် အိမ်ပျက်ကြီးအတွင်း၌ ရောက်ရှိနေသည့်
အဖြစ်ကို သတိပြုမိကာ ချက်ချင်း ထရပ်လိုက်လေသည်။

ကျင်းတီကိုလည်း ကြည့်လိုက်မိ၏။

"ဟင် ..."

ကျင်တီသည် ညကနေရာ၌ မရှိတော့ဘဲ ပျောက်ဆုံးနေ၏။

ချင်းကိုးက ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်။

ကျင်းတီ၏ အရိပ်ယောင်ကိုပင် မတွေ့ရသဖြင့် ရင်ထဲပူ
သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ ထွက်သွားပြီလား"

ကျင်းတီသည် သူ့အားထားပြီး ထွက်သွားမည် မဟုတ်ဟု တော့ ယုံကြည်ထားမိသည်။ သူနှင့် ကျင်းတီသည် သူငယ်ချင်း မိတ်ဆွေများ ဖြစ်သွားပြီ မဟုတ်ပါလား။

ချင်းကိုးက အိမ်အပြင်ထွက်ကာ ရှာဖွေကြည့်ရန် စိတ်ကူး လိုက်၏။

ထိုစဉ် ...

"ဒုန်း ... ဒုန်း ..."

အိမ်ပျက်ကြီး၏ အတွင်းဘက်မှ အသံဗလံအချို့ ထွက်ပေါ်လာ သည်ကို ကြားလိုက်ရလေတော့သည်၊

"ဟင် ..."

ချင်းကိုး ချက်ချင်း လှမ်းသွားမိသည်။

နေ့ဘက်အလင်းရောင် ကောင်းစွာရသဖြင့် အိမ်ပျက်ကြီးကို သေသေချာချာ အကဲခတ် ကြည့်မိသည်။

နန်းဆောင်ကြီးရှုံ့ ကြီးမား ခမ်းနားခဲ့သော စံအိမ်ကြီးဖြစ် ကြောင်း ထင်ရှာ ပေါ်လွင်နေသည်။

အဆောင်ဆောင် အခန်းခန်းဖြင့် ဖွဲ့စည်း ဆောက်လုပ်ထား ခြင်း ဖြစ်သည်။

အသံဗလံများသည် အတွင်းဘက်မှ ထွက်ပေါ်လာသည်ဖြစ်ရာ ကျင်းတီ၏ လက်ချက်ဖြစ်မည်ဟု ချင်းကိုး ယူဆမိသည်။

"မိတ်ဆွေကြီး ကျင်းတီ ခင်ဗျား ဘယ်မှာလဲ"

ချင်းကိုးက ခပ်အုပ်အုပ် မေးလိုက်သည်။

မရှောင်းမနှောင်းမှာပင် ကျင်းတီ၏အသံ ပြန်လည်ထွက်ပေါ် လာသည်။

"အတွင်းဘက်ကို မြန်မြန် ဝင်ခဲ့ဟေ့"



ချင်းကိုးလည်း အသံကြားရသည့် နေရာသို့ မှန်းဆကာ သွား လိုက်သည်။

စင်္ကြံလမ်းများ၊ လေသာဆောင်များ၊ ခန်းမများ အစီအရီ ဖွဲ့စည်းထားသော အခန်းများဖြင့် တစ်ချိန်ချိန်က ခမ်းနားထည်ဝါခဲ့ သော်လည်း ယခုအချိန်၌ ပျက်စီးခြင်းမက ပျက်စီး ယိုယွင်းနေပြီ ဖြစ်ပါသည်။

ချင်းကိုးသည် အတွင်းဘက်သို့ ဝင်သွားပြီး အတန်ကြာ ကွေ့ ပတ်လျှောက်သွားပြီးမှ တဒုန်းဒုန်း မြည်သံများ ထွက်ပေါ်နေသည့် အဆောင်တစ်ခုသို့ ရောက်ရှိသွားသည်။

ထိုအဆောင်သည် အခြားအဆောင်များထက် ပို၍ ခမ်းနားစွာ ဆောက်လုပ်ထားခဲ့ကြောင်း အဆောင်ဖွဲ့စည်း တည်ဆောက်ထားပုံက အပျက်အစီးများကြားမှ သက်သေခံနေပါသည်။

ထိုအဆောင်၏ အခန်းတစ်ခုမှ အသံဗလံများ ထွက်ပေါ်နေ ခြင်း ဖြစ်သည်။

ကျင်းတီသည် ထိုအခန်းတွင်း၌ ရှိရပေမည်။

ချင်းကိုး လှမ်းဝင်လိုက်လျှင် သူ ယူဆထားသည့်အတိုင်း ကျင်းတီကို တွေ့ရသည်။

ကျင်းတီသည် တုတ်တစ်ချောင်းကို ကိုင်ကာ နံရံများကိုလည်း ကောင်း၊ ကြမ်းပြင်ကိုလည်းကောင်း တဒုန်းဒုန်းမြည်အောင် လိုက်လံ ထုနက် ကြည့်နေ၏။

ချင်းကိုး ရောက်လာသည်ကို မြင်သည်နှင့် လှမ်းခေါ်သည်။

ကျင်းတီက လက်ထဲမှ တုတ်ကို ဝှေ့ယမ်းရင်း ...

"ငါ့စိတ်ထဲမှာတော့ သိုင်းကျမ်းသေတ္တာဟာ ဒီအခန်းထဲမှာပဲ ရှိရမယ်"

"ဒီအခန်းက ..."

www.burmeseclassic.com

www.burmeseclassic.com



ချင်းကိုး လွှတ်ခနဲ စကားထွက်သွားသည်။

ကျင်းတီက ...

"မင်း သေသေချာချာ ကြည့်လေ ..."

ချင်းကိုးလည်း ဂရုစိုက်ကာ တစ်ခန်းလုံးကို စေ့စေ့စပ်စပ် ကြည့်လိုက်မိ၏။ အခန်းဖွဲ့စည်းထားပုံ၊ ဆွေးမြေ့ပျက်စီးနေသော ပရိဘောဂများ ကိုကြည့်လိုက်သည်။

"မင်း ဘာတွေ့သလဲ"

ကျင်းတီက မေးလိုက်သည်။

ချင်းကိုးက ...

"ဒါဟာ အိပ်ခန်းတစ်ခု ဖြစ်လိမ့်မယ်"

"ဟား ... ဟား ... ဟား ..."

ကျင်းပီက တဟားဟား ရယ်မောလိုက်သည်။

"မှန်လိုက်လေကွာ အိမ်ခန်းပေါ့၊ ရိုးရိုးအိပ်ခန်းဆိုရင် ဒီလောက် မကျယ်နိုင်ဘူး၊ ဒါဟာ ဒီစံအိမ်ရဲ့ အရှင်သခင် နယ်စားကြီး ရှီယောက် ရဲ့ အိပ်ခန်းပဲ ဖြစ်ရမယ်"

အိပ်ခန်းတစ်ခု ဖြစ်သော်လည်း အခြားအိပ်ခန်းများထက် ပို၍ ကျယ်ဝန်းပြီး သာလွန်ကောင်းမွန်အောင် ဖွဲ့စည်း တည်ဆောက်ထား ခြင်းကြောင့် နယ်စားကြီး ရှီယောက်၏ အိပ်ခန်းတစ်ခန်းဖြစ်ကြောင်း ထင်ရှားနေသည်။

ကျင်းတီက ...

"သိုင်းကျမ်းသေတ္တာက ဘာကြောင့် ဒီအခန်းထဲမှာ ရှိနေနိုင် တယ်လို့ ငါပြောရသလဲ၊ မင်း စဉ်းစားကြည့်စမ်း ..."

"ဗျာ ..."

"မင်းက သိုင်းပညာ သင်မယ့်လူဆိုတော့ တွေးခေါ်မြော် မြင်မှု ပညာရှိမှ ဖြစ်မယ်၊ ဒါကြောင့် မင်းကို သုံးသပ်ခိုင်းတာ



"ကောင်းပါပြီခင်ဗျာ"

ချင်းကိုးသည် အိပ်ခန်းကို အကဲခတ်ရင်း တွေးတောစဉ်းစား လိုက်သည်။

"အိပ်ခန်းဆိုတာ လုံခြုံစိတ်ချရတဲ့နေရာ ဖြစ်ရလိမ့်မယ်၊ နယ်စားကြီး ရှီယောက်လို လူစားဟာ သူ့အတွက် လုံခြုံစိတ်ချရ တယ်လို့ ယူဆမှသာ အိပ်စက်မယ့်လူစားမျိုး ဖြစ်ပါလိမ့်မယ်၊ သူ အိပ်စက် အနားယူမယ့်အခန်းကို အလုံခြုံဆုံး စိတ်အချရဆုံး ဖြစ် အောင် ကြိုတင် စီမံ ဆောင်ရွက်ထားပါလိမ့်မယ်"

ကျင်းတီ ခေါင်းညိတ်လိုက်သည်။

"မင်း ပြောတာမှန်တယ်၊ ဆက်ပြောပါဦး"

ချင်းကိုးက ...

"အိပ်ခန်းဟာ တခြားအခန်းတွေ အားလုံးထက် ပိုပြီး လုံခြုံ စိတ်ချရတယ်ဆိုတော့ အရေးကြီးတဲ့ စာရွက်စာတန်းတွေ ဝတ္ထုတွေ ရွှေငွေ လက်ဝတ် ရတနာစတဲ့ အဖိုးတန်ပစ္စည်းတွေကို အိပ်ခန်းထဲ မှာပဲ ထားပါလိမ့်မယ်"

"မှန်လိုက်လေကွာ"

ကျင်းတီက အားပါးတရ ထောက်ခံလိုက်သည်။

ချင်းကိုးက ...

"အိပ်ခန်းထဲမှာ အနှစ်သက်ဆုံး အမြတ်နိုးဆုံး ပစ္စည်းတွေ သိမ်းဆည်း သိုဝှက်ထားတတ်သလိုပဲ အမုန်းဆုံး ပစ္စည်းတွေကိုလည်း သိမ်းဆည်း သိုဝှက်ထားတတ်ကြပါတယ်"

"ဘာဖြစ်လို့လဲ"

"အမုန်းတီးဆုံး ပစ္စည်းတွေ အနီးအနားမှာ ရှိနေရင် မုန်းတီး တဲ့စိတ်ဟာ လျော့ပါးမသွားဘဲ ပိုတိုးလာတာပေါ့၊ ဝေးဝေးမှာ ထားရင် တော့ ကြာရင် မေ့လျော့ပျောက်ကွယ်သွားတတ်ပြီး မုန်းစိတ်လျော့

www.burmeseclassic.com

www.burmeseclassic.com



ပါသွားနိုင်တယ်၊ အနီးဆုံးမှာ ရှိနေတော့ အမြဲသတိရပြီး အမုန်းပွားနေလိမ့်မယ်၊ တချို့က ဒီလို ခံစားရတာကို စိတ်ဓာတ်ခွန်အား တစ်မျိုးလို့ ခံယူတတ်ကြပါတယ်”

“ဟား ... ဟား ... ဟား ...”

ကျင်းတီသည် အတန်ကြာသည်အထိ အဆက်မပြတ် ရယ်မော နေလေတော့သည်။

ချင်းကိုး ကြောင်အမ်းအမ်း ဖြစ်သွားသည်။

“ကျွန်တော်ပြောတာ မှားနေလို့လားဗျာ”

ကျင်းတီ ခေါင်းခါယမ်းလိုက်သည်။

“မမှားဘူး၊ မှန်လွန်းလို့ ကျုပ်က သဘောကျနေတာပါ”

“ဟင်း ...”

ချင်းကိုး ဟူးခနဲ သက်ပြင်းမှုတ်ထုတ်လိုက်သည်။

ကျင်းတီက ...

“ငါ တွေ့ဖူးတဲ့ လူငယ်လူရွယ်တွေထဲမှာ မင်းဟာ အတော်ဆုံးပဲ၊ မင်းနဲ့ငါ မိတ်ဆွေသူငယ်ချင်း ဖွဲ့ရကျိုး နပ်ပါတယ်ကွာ၊ မင်းသာ သိုင်းလေ့ကျင့်ဖြစ်ပြီ ဆိုရင် တစ်နေ့ လျှမ်းလျှမ်းတောက် ကျော်ကြားတဲ့ သိုင်းသမားတစ်ယောက် ဖြစ်လာရမယ်ဆိုရတာ ငါ ရဲရဲကြီး အာမခံတယ်”

ချင်းကိုး အားတက်သွားသည်။

“ကျေးဇူးတင်ပါတယ်ခင်ဗျာ”

“မင်းရဲ့ အတွေးနဲ့ ငါရဲ့အတွေး တစ်ထပ်တည်းပဲ၊ ဒီလို ဘယ်သူမှ တွေးမိကြမှာ မဟုတ်ဘူး၊ ဒါကြောင့်လည်း သိုင်းကျမ်းသေတ္တာဟာ ဒီအခန်းထဲမှာပဲ ရှိရမယ်လို့ ငါ ပြောတာပေါ့”

သူတို့သည် သိုင်းကျမ်းသေတ္တာသည် နယ်စားကြီး ရီယောက်၏ အိပ်ခန်းထဲ၌ ရှိရမည်ဟု ခန့်မှန်းနိုင်ခဲ့ကြသည်။



အိပ်ခန်းထဲ၌ အပျက်အစီးများ စုပုံနေ၏။

ကျင်းတီက ...

“လွယ်လင့်တကူ ထားမယ်ဆိုရင် ဘယ်သူမဆို ရှာတွေ့သွားကြမှာပဲ၊ သိုင်းကျမ်းသေတ္တာကို ခုချိန်ထိ ဘယ်သူမှ ရှာမတွေ့ကြသေးတာ လျှို့ဝှက် သိမ်းဆည်းထားလို့ပဲ ဖြစ်မယ်၊ နယ်စားကြီး ရီယောက်ဟာ ဘုရင်မင်းမြတ်ရဲ့ အပြစ်ပေးခံရပြီးတဲ့ နောက်ပိုင်းမှာ တစ်ချိန်က ထင်ရှားစိုးခဲ့တာကြောင့် မကျေနပ်တဲ့လူတွေ ရှိနေပြီး တစ်ချိန်ချိန်မှာ သူ့ကို ဒုက္ခပေးဖို့ ကြိုးစားနိုင်တယ်ဆိုတာ မရိပ်မိဘဲနေမှာ မဟုတ်ဘူး”

ချင်းကိုးက ...

“ဒီနေရာကို ရောက်လာပြီးတဲ့ နောက်ပိုင်း တစ်ချိန်လုံး ကျိုးလန့်စာ စားဖြစ်နေမှာ အမှန်ပါပဲ”

ကျင်းတီက ...

“အန္တရာယ် ပေါ်ပေါက်လာရင် ရှောင်တိမ်းဖို့ စီစဉ်မယ်၊ တကယ်လို့ ရှောင်တိမ်းချိန် မရခဲ့ရင် ပုန်းအောင်းခိုလှုံဖို့ ကြိုတင်စီစဉ်ထားမှာပဲ”

ချင်းကိုး၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာလေသည်။

“ဦးက ဒီအိပ်ခန်းထဲမှာ မြေအောက်ခန်းလို လျှို့ဝှက်အခန်း တစ်ခုရှိမယ်လို့ ဆိုလိုတာ မဟုတ်လားဗျာ”

“မင်း မဆိုးဘူး”

“ဒါဖြင့် ...”

ကျင်းတီက တုတ်ဖြင့် နံရံကိုလည်းကောင်း၊ ကြမ်းပြင်ကိုလည်းကောင်း အဘယ်ကြောင့် တခုန်းခုန်းမြည်အောင် ခေါက်ကြည့်နေရသည်ကို နားလည် သဘောပေါက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းတီက သစ်သား အကျိုးအပိုင်းတစ်ခုကို ယူကာ ချင်းကိုးအား ပေးလိုက်သည်။

ချင်းကိုးက ဝမ်းသာအားရ လှမ်းယူလိုက်ပြီး ကျင်းတီနှင့်အတူ နံရံများကိုလည်းကောင်း၊ ကြမ်းပြင်များကိုလည်းကောင်း လိုက်လံ ထုနက် ကြည့်လိုက်သည်။

သို့သော် ...

တစ်ခန်းလုံး နေရာအနှံ့ ရှာဖွေလိုက်ကြသော်လည်း သူတို့ မျှော်လင့်သလို လျှို့ဝှက်အခန်းကို ရှာမတွေ့ကြချေ။

ရှာချိန် ကြာလာသောအခါ ...

ကျင်းတီနှင့် ချင်းကိုးတို့ စိတ်ပျက်သွားကြလေတော့သည်။

ကျင်းတီက ညည်းတွားလိုက်သည်။

"နံရံတွေ ကြမ်းပြင်တွေကို ထုနက်ကြည့်လို့ လိုဏ်သံထွက် ပေါ်လာရင် လျှို့ဝှက်အခန်းကို ဖော်ထုတ်နိုင်မှာပဲ၊ အခုတော့ ဘာ လိုဏ်သံမှ မကြားရဘူး၊ ငါတို့ ယူဆထားသလို လျှို့ဝှက်အခန်း မရှိဘူးဆိုရင်တော့ ဘာမှ မတတ်နိုင်ဘူး၊ လက်လျှော့လိုက်ကြဖို့ပဲ ရှိတော့တယ်"

ချင်းကိုးကမူ ဘာမျှ မပြောဘဲ တွေးနေသည်။

"ဘယ်သူမှ ရှာမတွေ့ခဲ့တာ အမှန်ပဲဆိုရင် သိုင်းကျမ်းသေတ္တာ ဟာ ဒီအခန်းထဲမှာပဲ ရှိရမယ်"

တစ်ခန်းလုံးလည်း နှံ့နှံ့စပ်စပ် ရှာဖွေပြီးခဲ့ကြပြီ ဖြစ်ပါသည်။

မရှာရသေးသည့် နေရာဆို၍ တစ်နေရာသာ ရှိတော့သည်။

ရုတ်တရက် ချင်းကိုးသည် တစ်စုံတစ်ခုကို သတိရလာကာ အပေါ် [illegible] မော့ကြည့်လိုက်လေ၏။

ညှိုညစ်ညစ် အရောင်သန်းနေသော မျက်နှာကြက်ကို [illegible] လိုက်ရသည်။



"မျက်နှာကြက်ပေါ်မှာကော မရှိနိုင်ဘူးလား"

သူက တီးတိုး ပြောလိုက်လေ၏။

ကျင်းတီ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ငါ စမ်းကြည့်မယ်"

ကြမ်းပြင်ပေါ် ခြေဆောင့်ကာ အပေါ်ခုန်တက်လိုက်ပြီး လက် ဝါးဖြင့် ပင့်ရိုက်လိုက်လေသည်။

"ဖုတ် ..."

မျက်နှာကြက်ကျောက်ပြား အက်ကွဲသွားခြင်း မရှိချေ။

ကျင်းတီ အောက်သို့ ပြန်ကျလာသည်။

"ဟိတ် ..."

ညာသံပေးကာ ချက်ချင်း ခုန်တက်လိုက်ပြီး နောက်ထပ် လက်ဝါးတစ်ချက် ရိုက်လိုက်ပြန်၏။

ယခုတစ်ကြိမ် ...

အတွင်းအားကို အသုံးပြုကာ ပြင်းပြင်းထန်ထန် ရိုက်ထုတ် လိုက်ခြင်း ဖြစ်သည်။

"ဖုတ် ..."

မျက်နှာကြက် ကျောက်ပြားမှာ ပြင်းထန်စွာ ရိုက်ထုတ်ခြင်း ခံရသဖြင့် တုန်ခါသွားသော်လည်း ကွဲအက် ကြွေမွသွားခြင်း လုံးဝ မရှိချေ။

ကျင်းတီက အောက်သို့ ပြန်ခုန်ဆင်းလာပြီး မျက်နှာကြက်ကို မော့ကြည့်လိုက်၏။

မျက်နှာကြက် ကျောက်ပြား၌ လက်ဝါးရာတစ်ခု အထင်းသား ပေါ်လွင်နေသည်။

ကျင်းတီ သက်ပြင်းချလိုက်သည်။

"အတော်ကို အခိုင်အခံ့ လုပ်ထားတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ချင်းကိုးဘက်သို့ လှည့်ကာ မေးလိုက်၏။

"ခေါင်မိုးမျက်နှာကျက်ကို အခိုင်အမာ လုပ်ထားတဲ့ အိမ်မျိုး မင်း တွေ့ဖူးသလား"

ချင်းကိုး ခေါင်းခါယမ်းလိုက်လေသည်။

"မတွေ့ဘူးပါဘူး၊ ဒီလိုအိမ်မျိုးလည်း ရှိမှာမဟုတ်ပါဘူး"

"သေချာတာပေါ့ကွာ၊ ဆောက်လေ့ဆောက်ထမှ မရှိတာ ပါပေမယ့် ငါတို့ အခု တွေ့နေရပြီ"

ချင်းကိုးက ...

"နယ်စားကြီးက တော်တော် ထူးဆန်းတာပဲ၊ ခေါင်မိုးမျက်နှာကျက်မှာ လျှို့ဝှက်အခန်း လုပ်ထားရင် အရေးအကြောင်း ကြုံတဲ့ အခါ ဘယ်လိုလုပ် တက်နိုင်မှာလဲ"

ကျင်းတီက ...

"တတ်နိုင်အောင်တော့ လျှို့ဝှက်စီမံထားမှာပေါ့၊ ငါတို့က အကြောင်းမသိတော့ ဘယ်ရှာတွေ့နိုင်ပါ့မလဲ"

ချင်းကိုးက ...

"သူ ဘယ်လိုပဲစီမံထားပါစေ ကျွန်တော်တို့က ခေါင်မိုးကို ဖောက်ဝင်ရင် လျှို့ဝှက်တဲ့နေရာကို ရောက်သွားမှာပဲ"

ကျင်းတီ ရယ်မောလိုက်သည်။

"သေချာတာပေါ့ကွာ ... ကဲ ... လာ"

ချက်ချင်း အပြင်ဘက်သို့ ပြေးထွက်သွားလေသည်။

ချင်းကိုးလည်း လိုက်သွားသည်။

အပြင်ဘက်သို့ ရောက်လျှင် ...

"မင်းပါ လိုက်ခဲ့မှ ဖြစ်မယ်"

ကျင်းတီသည် ချင်းကိုး၏ လက်ကိုဆွဲကာ ခေါင်းမိုးပေါ်သို့ ခုန်တက်လိုက်လေသည်။



"ဟူး ... ဟူး ..."

လေတိုးသံများ ထွက်ပေါ်လာ၏။

ချင်းကိုးမှာ လေထဲရောက်သွားသဖြင့် ရင်ထိတ်ကာ မျက်လုံး[illegible]း ပြာဝေသွားလေသည်။

ကျင်းတီ၏ လက်ထဲမှာ ရုန်းထွက်ရန်ပင် ကြိုးစားမိလိုက်၏။

သို့သော် ...

အချိန်ကြာလှသည် မဟုတ်ဘဲ မျက်စိတမှိတ် လျှပ်တစ်ပြက်[illegible]တွင်းမှာပင် ခေါင်မိုးပေါ်သို့ ခြေချမိလေတော့၏။

ကျင်းတီက ချင်းကိုး၏ လက်ကိုလွှတ်ပေးပြီး ...

"သွားစမ်း ..."

ဟု ငေါက်ကာ ခေါင်မိုးကို လက်ဝါးနှစ်ဖက်ဖြင့် ရိုက်ချလိုက်[illegible]သတော့သည်။

"ဝုန်း ..."

ကျယ်လောင်သော အသံ ထွက်ပေါ်လာကာ ခေါင်မိုး၌ [illegible]ပေါက်ကြီး ဖြစ်ပေါ်လာသည်။

"လိုက်ခဲ့ ..."

ကျင်းတီက ချင်းကိုးကို ခေါ်ပြီး အပေါက်ကြီးမှတစ်ဆင့် အတွင်းဘက်သို့ ခုန်ဆင်းလိုက်၏။

ချင်းကိုးလည်း လိုက်သွားသည်။

ခေါင်မိုးအပေါက်ကြီးမှတစ်ဆင့် အတွင်းဘက်သို့ ခုန်ဆင်း[illegible]လိုက်ကြပြီးလျှင် နယ်စားကြီး ရိုပေါက်၏ လျှို့ဝှက်အခန်းသို့ [illegible]ရောက်ရှိသွားကြလေတော့သည်။

ခေါင်မိုးမျက်နှာကြက်၌ လျှို့ဝှက်အခန်းတစ်ခုကို ပြုလုပ်[illegible]ထားသည်။ နယ်စားကြီး ရိုပေါက်၏ဉာဏ်ကို ချီးကျူးစရာ ကောင်း[illegible]သည်။

www.burmeseclassic.com

www.burmeseclassic.com



မှော်မှာကြက်ပေါ်၌ သေတ္တာ ဆယ့်လေးငါးလုံးမျှ ရှိနေသည်

အဖိုးတန် ရွှေငွေရတနာများ ထည့်ထားသည့် သေတ္တာမျ ဖြစ်နေပြီး သေတ္တာတစ်လုံးသာလျှင် သိုင်းကျမ်းများ ထည့်ထားသေ သေတ္တာ ဖြစ်နေသည်။

ကြေးသေတ္တာကြီးဖြစ်ရကား လေးလံလှသဖြင့် ကျင်းတီ သယ်ယူသွားဖို့ မစဉ်းစားချေ။

သေတ္တာထဲမှ သိုင်းကျမ်းများကိုသာ ထုတ်ပိုးပြီး အောက်ဘ သို့ သယ်ဆောင်လာခဲ့သည်။

အဆောက်အဦးပျက်အတွင်းမှ အတော်အသင့် ကောင်းမွ သေးသော အခန်းတစ်ခုကို ရှင်းလင်းပြီး နေရာထိုင်ခင်း ပြင်ဆ ကြသည်။

ချင်းကိုးအား ဤအိမ်ပျက်ကြီးမှာပင် နေထိုင်ကာ သိုင်းပ လေ့ကျင့်သွားစေရန် ကျင်းတီက ရည်ရွယ်ခြင်း ဖြစ်ပေသည်။

နေရာထိုင်ခင်း ပြင်ဆင်ပြီးလျှင် အနီးဆုံး မြို့ကလေး သွားကာ လိုအပ်သည့် အသုံးအဆောင် ပစ္စည်းတချို့ ဝယ်ယူခဲ့သည

ချင်းကိုးမှာ ကျင်းတီအား ကျေးဇူးတင်မဆုံးအောင် ဖြစ်ရသည

နေထိုင်စားသောက်ရေးအတွက် မပူပင်ရလေအောင် ကျင်း က စီမံပေးသည့်အပြင် သိုင်းကျမ်းများကို လေ့လာနိုင်ရန်လည စီစဉ်ပေးသည်။

ချင်းကိုးသည် ရည်ရွယ်ချက် ကြီးမားသူပီပီ သိုင်းကျန်းသေတ္တ ထဲမှာ သိုင်းကျန်းများကို အချိန်ပေးကာ သေသေချာချာ ဖတ် လေ့လာခဲ့သည်။

ရသေ့ကြီး ပေးလိုက်သည့် အခြေခံသိုင်းနှင့် အတွင်းအာ လေ့ကျင့်မှု နည်းစနစ်များကိုလည်း လေ့လာပြီး လက်တွေ့ လေ့ကျ လေသည်။



သိုင်းကျမ်းသေတ္တာအတွင်း၌ သိုင်းကျမ်း ခြောက်ဆယ့်ငါးခု ခွ့ရှိရသည်။

ထို ခြောက်ဆယ့်ငါးခုထဲမှ အကောင်းဆုံးသိုင်းကျမ်း ဆယ့်ငါး ကို ကျင်းတီက ရွေးထုတ်ပေးသည်။

ချင်းကိုး သိုင်းကျမ်းဖတ်ရှု လေ့လာရာ၌လည်းကောင်း၊ လေ့ ကျင့်ရာ၌လည်းကောင်း နံဘေးမှ ဝိုင်းဝန်းကူညီ ပေးခဲ့သည်။

ရသေ့ကြီးကော ကျင်းတီပါ ချင်းကိုးအတွက် သင်ဆရာ၊ င်ဆရာ၊ ကြားဆရာများ ဖြစ်သွားခဲ့ရသည်။

သို့သော် ကျင်းတီက သူ့အား ဆရာအဖြစ် အသိအမှတ် ြုသည်ကို လုံးဝ လက်မခံချေ။

သူတို့က မိတ်ဆွေအဖြစ်သာ သတ်မှတ်ခဲ့ကြသည်။

ထို့ကြောင့်လည်း ပို၍ လွတ်လပ်စွာ ဆက်ဆံနိုင်ခဲ့ကြပြီး င်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ရှိခဲ့ကြသည်။

ကျင်းတီက ...

"သိုင်းဂိုဏ်းအသီးသီးက သူတို့ရဲ့ အကောင်းဆုံးသိုင်းကွက် တွေကို မှတ်တမ်းတင် ထားခဲ့ကြပေမယ့် ထိပ်သီးဂိုဏ်းကြီးတွေရဲ့ သိုင်းပညာနဲ့ ယှဉ်လိုက်မယ်ဆိုရင်တော့ ဘာမှ ပြောပလောက်တော့ ဘာ မဟုတ်ဘူး၊ မင်း သိထားရမှာက သိုင်းကျမ်းတစ်ခုလုံးရဲ့ အနှစ်သာရကို နားလည်သဘောပေါက်ပြီး အခြေခံယူရမယ် ဒါတွေကို ပေါင်းစပ်ပြီး အစွမ်းအထက်ဆုံးဆိုတဲ့ သိုင်းကွက် တီထွင်နိုင်ဖို့ပဲ ..."

"ကျွန်တော် ကြိုးစားပါ့မယ်"

ချင်းကိုးက ကြိုးစားမည်ဖြစ်ကြောင်း ကတိပေးသည်။

ကျင်းတီ ကိုယ်တိုင်လည်း သူ လမ်းညွှန်ပေးသည့်အတိုင်း ချင်းကိုး လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်လိမ့်မည် ဟု ယုံကြည်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်းကိုး၏ ဉာဏ်ပညာနှင့် ဖွဲ့လုံ့လသည် မကြာမီ ပေါ်လွင်
လာ၏။

သိုင်းကျမ်းများ၏ အနှစ်သာရကို ထုတ်နုတ်နိုင်ခဲ့သည်။

ထို အနှစ်သာရများ ပေါင်းစပ်နိုင်ရန်လည်း အထူးပင် ကြိုးစား
နိုင်ခဲ့သည်။

ကျင်းတိ ကျေနပ်သွားလေတော့သည်။

ဤသို့ဖြင့် ...

တစ်လပတ်သောအချိန် ကုန်ဆုံးသွားပြီးသောအခါ ကျင်းတိ
သည် ချင်းကိုးအား စိတ်ချရပြီဟု ယုံကြည်သွား၏။

အဘယ်ကြောင့်ဆိုသော် ...

သိုင်းကွက် အနှစ်သာရများ ပေါင်းစပ်ကာ သိုင်းကွက်အသ
အချို့ပင် ဖော်ထုတ်နိုင်ခဲ့၍ ဖြစ်ပါသည်။

ချင်းကိုး ကြိုးစားလေ့ကျင့်ဖို့သာ ရှိတော့သည်။

သူသည် နံဘေးမှနေ၍ တစ်ချိန်လုံး သွန်သင်ပြသနေပါ
သူ့အား ဆရာမတင်လိုသော ချင်းကိုးအတွက် အခက်အခဲ ရှိမ
မည် ဖြစ်သည်။

ထို့ကြောင့် ...

"ချင်းကိုး မင်းကို ငါ ပြောစရာ ရှိနေတယ်"

"ဟုတ်ကဲ့ ပြောပါဗျာ"

"ဟိုတလောက မြို့မှာ လိုအပ်တဲ့ ပစ္စည်းတွေ သွားဝယ်
သတင်းတစ်ခု ငါ ကြားခဲ့တယ်"

"ဘယ်လို သတင်းများလဲဗျာ"

ကျင်းတိက တည်ကြည်သော မျက်နှာထားဖြင့် ပြောသ

"မြစ်ဝါမြစ်ရိုး တစ်လျှောက်မှာ အထက်လမ်း သိုင်းသမား
နဲ့ ဆိုးသွမ်းသောင်းကျန်းနေကြတဲ့ အောက်လမ်းသိုင်းသမားတွေ



ပဋိပက္ခဟာ ပိုပြီး ကြီးထွားလာနေပြီ၊ အောက်လမ်းသိုင်းသမားတွေ
င်အားကောင်းနေတာကြောင့် အထက်လမ်းသိုင်းသမားတွေ အတော်
လး အထိနာနေတယ်လို့ သတင်းကြားခဲ့ရတယ်"

ချင်းကိုး စိတ်မကောင်း ဖြစ်သွား၏။

အောက်လမ်းသိုင်းသမား လူဆိုး ဓားပြများလည်း လွန်စွာ
တင့်ရဲနေကြသည်ဟုလည်း စိတ်ထဲ တွေးလိုက်မိသည်။

တစ်ဆက်တည်းပင် ရွှေဓား ကျင်းကျွန်းကို သတိရလိုက်မိ၏။

"ရွှေဓားကျင်းကျွန်းရဲ့ သတင်းကိုကော ကြားခဲ့ရသေးသလား
င်ဗျာ"

ကျင်းတိ ခေါင်းခါယမ်းလိုက်သည်။

"သူ့သတင်းကိုတော့ ဘာမှ မကြားခဲ့ဘူး၊ သူလည်း တိုက်ပွဲ
င်နေမှာပေါ့"

ချင်းကိုး သက်ပြင်းချလိုက်သည်။

ကျင်းတိက ဆက်ပြောသည်။

"အောက်လမ်းသိုင်းသမားတွေ အောင်ပွဲခံနေတဲ့ သတင်းကြား
သို့ အနယ်နယ် အရပ်ရပ်က အထက်လမ်းသိုင်းသမားတွေဟာ မြစ်ဝါ
မြစ် ဒေသကို သွားနေကြပြီ၊ ကျုပ်လည်း သွားမှ ဖြစ်တော့မယ်"

"ဗျာ ..."

ကျင်းတိ၏ စကားကြောင့် ချင်းကိုး၏ ရင်ထဲ ဟာသွားလေ
တော့သည်။

ကျင်းတိက ...

"မကြာခင် ငါ ပြန်လာခဲ့မှာပါ၊ မင်း ဘယ်မှမသွားဘဲ ဒီမှာပဲ
နေပြီး သိုင်းလေ့ကျင့်နေတာ ကောင်းမယ်၊ ဒီအနီးတစ်ဝိုက်ကို ဘယ်
သူမှ ရောက်လာစရာ အကြောင်းမရှိဘူး၊ လူဆိုး ဓားပြလည်း ကင်း
ဝေးတယ်၊ အေးအေး ဆေးဆေး သိုင်းလေ့ကျင့်နေလို့ ရမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



ချင်းကိုးက ...

"တကယ် သွားတော့မှာလား"

"ဟား ... ဟား ... ဟား ... ငါက တကယ်မသွားလို့ မင်း နောက်ပြောင် ကျီဆယ်နေရမှာလားကွ"

"ကောင်းပါပြီ ခင်ဗျာ၊ ကျွန်တော်လည်း ဒီမှာပဲ လေ့ကျင့် မှာပါ"

"ကောင်းတယ် ... ကောင်းတယ် ... မကြာခင် ငါ ပြန်လာ ခဲ့မှာပါကွာ"

ကျင်းတီသည် ချင်းကိုးအား နှုတ်ဆက်ကာ အမှန်တကယ် ထွက်ခွာသွားခဲ့လေတော့သည်။

ချင်းကိုးလည်း သိုင်းပညာသင်ဖို့ အိမ်ကထွက်လာသည် ဖြ ရကား ဘာကိုမှ စဉ်းစားမနေတော့ဘဲ သိုင်းလေ့ကျင့်မှုတွင် အာ ပြန်နှစ်ကာ အရာရာကို မေ့ထားလိုက်လေတော့သည်။

***

အခန်း (၆)

# ကြောက်လန့်စရာ မိန်းမချော

"ဟူး ... ဟူး ... ဟူး ..."

အဝတ်အစား လေတိုးသံများ ထွက်ပေါ်နေသည်။

မိန်းကလေးတစ်ယောက်သည် တောအုပ်ကိုဖြတ်ကာ အူလျား းလျား ပြေးလွှားနေသည်။

ထိုမိန်းကလေးမှာ အသက် ဆယ့်ရှစ်နှစ်ခန့်ရှိပြီး နုတ်မိမယ် လးအလား ချောမောလှပသူလေး ဖြစ်သည်။

မိန်းကလေး၏ လှပချောမောသော မျက်နှာတွင် ကြောက်ရွံ့ ထိတ်လန့်မှုများ ဖြစ်ပေါ်နေသည်။

သူမသည် ရင်ခွင်ထဲ၌ အထုပ်ကလေး တစ်ထုပ်ကို ပိုက်ကာ ပြေးနေခြင်း ဖြစ်ပါသည်။

"ပေ့တာ ... ညည်း ပြေးလို့ မလွတ်ဘူး"

ရုတ်တရက် ကျယ်လောင်သော အော်ဟစ်သံ ထွက်ပေါ်လာ သည်။

တောအုပ်ထဲမှ အနီရောင် လူရိုပ်တစ်ခုက ရိုင်ခနဲ ရိုပ်ခနဲ လှုပ်ရှားကာ ပြေးလိုက်လာနေသည်ကို တွေ့မြင်လိုက်ရသည်။

ပေ့တာဆိုသော မိန်းမချောလေး ပိုပြီး ထိတ်လန့်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ခုက္ခပါပဲ ... အစ်မကြီး ယိုဟုန် လိုက်လာပြီ၊ ငါ့ကိုမီရင် ကျိန်းသေ အပြစ်ပေးမှာပဲ"

သူမသည် တောအုပ်ထဲမှနေ၍ မြေနီလမ်းပေါ်သို့ ပြေးထွက်လိုက်သည်။

ထိုအချိန်မှာပင် ...

"ခွပ် ... ခွပ် ... ခွပ် ..."

"ခွပ် ... ခွပ် ... ခွပ် ..."

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မြေနီလမ်းအတိုင်း မြင်းစီးသမား သုံးယောက် ခရီးနှင်လာကြသည်ကို တွေ့ရ၏။

ကိုယ်ကြပ်အင်္ကျီများ ဝတ်ဆင်ထားကာ လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသဖြင့် သိုင်းသမားများ ဖြစ်ကြောင်း ထင်ရှားနေသည်။

ပေ့ဟွာက လက်ဝှေ့ယမ်းပြရင်း အော်ဟစ်လိုက်လေသည်။

"ကယ်တော်မူကြပါရှင် ..."

မြင်းစီးသမား သုံးယောက်သည် ပေ့ဟွာ၏ အသံကြောင့် ချက်ချင်း မြင်းရပ်တန့်လိုက်ကြသည်။

"ဟော ... ဟော ..."

"ဟီး ... ဟီး ... ဟီး ..."

မြင်းငေါက်သံ မြင်းဟီသံများ ကျယ်လောင်စွာ ထွက်ပေါ်လာကာ ပေ့ဟွာနှင့် မလှမ်းမကမ်း၌ ရပ်တန့်သွားကြသည်။

မြင်းစီးသမား တစ်ယောက်က မေးသည်။

"ညီမလေး ... ဘယ်လို အန္တရာယ်များ ကြုံတွေ့နေရလို့လဲ ကျုပ်တို့ကို ပြောပါဦး"

ပေ့ဟွာက တောအုပ်ထဲ ညွှန်ပြလိုက်သည်။



"ကျွန်မ တောအုပ်ထဲက ဖြတ်လာတော့ မိန်းမလူဆိုးတစ်ယောက်က ကျွန်မပစ္စည်းတွေကို လုယူဖို့ ကြိုးစားနေပါတယ်ရှင်"

"ဘာ ..."

"ညီမလေးကို လုယက်ဖို့ကြိုးစားတယ် ဟုတ်လား"

"ဘယ်မှာလဲ၊ ပြောစမ်း ကျုပ်တို့ ဆုံးမပေးမယ်"

ပေ့ဟွာမှာ ချောမော လှပလွန်းသောကြောင့် မြင်းစီးသမားသုံးယောက် စိတ်ဝင်စားသွားကြသည်။

စေတနာပိုကာ ကူညီရန် မြင်းပေါ်မှ ဆင်းလာခဲ့ကြသည်။

မိန်းမချော မိန်းမလှလေး တစ်ယောက်အား ကူညီရမည်မို့ ဝမ်းသာ ဂုဏ်ယူနေကြ၏။

ပေ့ဟွာ၏ ရှေ့တွင် သူရဲကောင်း လုပ်ပြလိုစိတ်များ ဖြစ်ပေါ်နေသည်။

ထိုစဉ် ...

"ညည်း ဘယ်ပြေးမလဲ"

အော်ငေါက်သံနှင့်အတူ ရုပ်ဆိုးဆိုး အမျိုးသမီးတစ်ယောက် တောအုပ်ထဲမှ ပြေးထွက်လာသည်။

ပေ့ဟွာ မျက်နှာပျက်သွားသည်။ သူ တွေးလိုက်သည်။

"အစ်မကြီးယိုဟုန်က ငါ့ကို အလွတ်ပေးတော့မှာ မဟုတ်ဘူး"

သူမ ချက်ချင်း အော်ပြောလိုက်သည်။

"ကယ်ကြပါဦးရှင် ... ဟိုမှာ လိုက်လာနေပြီ"

မြင်းစီးသမား သုံးယောက်သည် လက်နက်ကိုယ်စီ ဆွဲထုတ်ကာ ရုပ်ဆိုးဆိုး အမျိုးသမီးအား ဝိုင်းရံ ဟန့်တားလိုက်ကြလေသည်။

"ရပ်လိုက်စမ်း ..."

"ခင်ဗျား ဘာမတရား လုပ်ချင်တာလဲ"

"သေသွားမယ်၊ မှတ်ထား ..."

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဝန်း ကြိမ်းမောင်း အော်ငေါက်လိုက်ကြသည်။

ပေ့ဗွာသည် ရရှိလာသည့် အခွင့်အရေးကို လက်လွှတ်မခံဘဲ တစ်ဟုန်ထိုး ပြေးထွက်သွားတော့သည်။

"မပြေးနဲ့ . . ."

ရုပ်ဆိုးဆိုး အမျိုးသမီးက ပြေးလိုက်သွားဖို့ ကြိုးစားလိုက်သော်လည်း သိုင်းသမားသုံးယောက်က ဟန့်တားနေကြသဖြင့် ရှေ့တရက် လိုက်မသွားနိုင်တော့ပါ။

"လမ်းဖယ် ပေးကြစမ်း"

ရုပ်ဆိုးဆိုး အမျိုးသမီးက ဒေါသွကာ တိုက်ခိုက်လိုက်သည်။

ထို လူသုံးယောက်ကလည်း ဝိုင်း၍ တိုက်ခိုက်ကြသည်။

ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

ပေ့ဗွာသည် တိုက်ပွဲဖြစ်နေသည်ကို အခွင့်ကောင်းယူကာ ထွက်ပြေးသွားရင်း မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

❖ ❖ ❖

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုး ပျောက်ကွယ်သွားပေတော့မည်။

ပေ့ဗွာသည် ပြေးရင်းလွှားရင်း မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာလေ၏။

သူမသည် မောပန်း နွမ်းနယ်နေသည့်အပြင် ဗိုက်ထဲ၌လည်း တကြုတ်ကြုတ်မြည်အောင် ဆာလောင်နေသည်။

ဘာမှ မစားရ မသောက်ရပါဘဲ အသက်လုကာ ပြေးလွှားလာခဲ့ရသည်မှာ သုံးရက်ရှိနေပြီ မဟုတ်ပါလား။ တကယ်တော့ သူမ မောပန်းနွမ်းနယ်နေပေပြီ။

မြို့ထဲဝင်မိလျှင် လမ်းဘေး တစ်ဖက်တစ်ချက်မှ အိမ်များသည် မီးထွန်းညှိထားကြပြီး လမ်းပေါ်၌ လူသွားလူလာ ရှိနေသေးသည်ကို တွေ့ရ၏။



မင်းလမ်းမကြီးအတိုင်း လျှောက်လာရင်း စားသောက်ဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်သောအခါ ဆာလောင်မွတ်သိပ်မှုကို မထိန်းချုပ်နိုင်တော့ချေ။

သူမ ဘာကိုမှ အမှုမထားနိုင်တော့ဘဲ ဆိုင်ထဲလှမ်းဝင်လိုက်၏။

ဆိုင်လုလင်များက ကြိုဆိုကြပါသည်။

"ကြွပါ အမလေး . . . ဘာများ သုံးဆောင်မလဲ၊ အမိန့်ရှိပါ"

ပေ့ဗွာသည် စားပွဲတစ်လုံး၌ နေရာယူကာ ကောင်းပေ့ဆိုသော ဟင်းလျာများကို မှာကြားလိုက်သည်။

နေဝင်မိုးချုပ်အချိန်မှာ မိန်းမချော မိန်းမလှလေးတစ်ယောက်တည်း လာရောက် စားသောက်ခြင်းဖြစ်၍ ဆိုင်ထဲ၌ ရှိနေသူများက စိတ်ဝင်စားစွာ အကဲခတ်ကြည့်နေကြသည်။

'ကျန်းပို' ဆိုသူက အားလုံးထဲတွင် အကဲဆုံးဖြစ်သည်။ ကျန်းပိုသည် မုဆိုးဖို သူဌေးတစ်ဦးဖြစ်ပြီး မိန်းမပွေသူ ဖြစ်သည်။

အသက်လေးဆယ်ခန့် ရှိပြီး ဇနီးသည် ကွယ်လွန်သွားပြီးကတည်းက နောက်ထပ် အိမ်ထောင်မပြုတော့ပေ။

သားသမီးလည်း မရှိသဖြင့် တစ်ကိုယ်တည်း လွတ်လပ်စွာ ပျော်ပါး သုံးဖြုန်းနေသူဖြစ်သည်။

ကျန်းပိုသည် ပေ့ဗွာတွင် အဖော်ပါလာခြင်း ရှိ၊မရှိ အကဲခတ်နေလိုက်သည်။

"ဒီမြို့မှာ တစ်ခါမှ မတွေ့ဘူးပါလား၊ ရပ်ဝေးကပဲ ဖြစ်မယ်၊ ကြည့်ရတာ ခုက္ကရောက်လာပုံပဲ"

စားနေကျ ကြောင်ဖားပိပိ ပေ့ဗွာနှင့်ပတ်သက်ပြီး သုံးသပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပေ့ဂှာကား ဘာကိုမှ ဂရုမစိုက်နိုင်ဘဲ အားရပါးရ စားသောက်နေပါသည်။

မကြာမီ ... အခြေအနေ စောင့်ကြည့်နေသော ကျန်းပိုအတွက် အခွင့်အရေး ပေါ်လာလေတော့သည်။

ပေ့ဂှာမှာ ငွေတစ်ပြားတစ်ချပ်မှ ပါမလာသဖြင့် စားသောက်ခ ကျသင့်ငွေ မပေးနိုင်ဘဲ အခက်ကြုံနေခြင်း ဖြစ်သည်။

"ဟင် ... ဒုက္ခပါပဲ၊ ငါ ဘာလို့ မှားလိုက်ရတာလဲ၊ ပိုက်ဆံလည်း တစ်ပြားမှ ပါမလာဘူး"

ကျန်းပို ချက်ချင်း ကြားဝင်လိုက်သည်။

"ညီမလေးကို ကြည့်ရတာ အကြောင်းတစ်ခုခုကြောင့် ဒုက္ခရောက်လာပုံ ရတယ်၊ ကျုပ် ဘာများ အကူအညီပေးရမလဲ၊ ပြောပါ ဘာမှ အားမနာနဲ့နော်"

ပေ့ဂှာမှာ အလွန်ပင် သနားစရာကောင်းသော မိန်းကလေး တစ်ယောက်ကဲ့သို့ ဖြစ်နေပါသည်။

"အစ်ကိုကြီးရယ် ... လမ်းမှာ လူဆိုးဓားပြတွေ လိုက်လာကြလို့ ထွက်ပြေးလာရင်း ပိုက်ဆံအိတ် ဘယ်နားမှာ ကျပျောက်သွားတယ် မသိဘူး၊ စားသောက်ပြီးတော့မှ ငွေရှင်းဖို့ရှာတော့ မရှိ ..."

သူမသည် မျက်ရည်လေးဝဲလာပြီး ဆက်မပြောနိုင်အောင် ဖြစ်သွားသည်။

ကျန်းပိုက ရယ်မောလိုက်လေသည်။

"ဒါများ ညီမလေးရယ်၊ ဘာမှ စိတ်မကောင်း မဖြစ်ပါနဲ့ ကျုပ် ကူညီ ဖြေရှင်းပေးပါ့မယ်"

အကျီအိတ်ထဲမှ ငွေလွှဲလက်မှတ် အထပ်လိုက်ကို ပေ့ဂှာ မြင်သာအောင် ထုတ်လိုက်ပြီး စားသောက်ခ ကျသင့်ငွေများကို စိုက်ပေးလိုက်သည်။



ပေ့ဂှာ ဝမ်းသာအားရ ဖြစ်သွားသည်။

"အို ... ဝမ်းသာလိုက်တာရှင်၊ အစ်ကိုကြီး ကျေးဇူးကို ဘယ်လို ပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူး"

ကျန်းပိုက တဟဲဟဲ ရယ်မောလိုက်သည်။

"ကိစ္စမရှိပါဘူး၊ ဒီငွေလောက်က ဘာမှ မှုစရာ မရှိပါဘူး၊ ကျုပ်နာမည်က ကျန်းပိုပါ၊ သူဌေးလေး ကျန်းပိုဆိုရင် တစ်မြို့လုံးက သိကြပါတယ်"

"သြော် ... အစ်ကိုကြီးဟာ သူဌေးလေးတစ်ယောက်ကိုး ..."

"ဟုတ်တယ် ... ညီမမှာ ဘယ်လိုအခက်အခဲ ရှိနေသလဲ၊ ပြောပါ၊ ကျုပ် ကူညီပါ့မယ်"

"ကျွန်မ ... ကျွန်မ ..."

"ပြောသာပြောပါ ညီမ၊ ဘာမှ အားနာစရာ မလိုဘူး၊ ကိုယ့်အစ်ကိုကြီးတစ်ယောက်လို သဘောထားပြီး ပြောပါ၊ ကျုပ် မတတ်နိုင်တာ ဘာမှ မရှိပါဘူး ... ဟဲ ... ဟဲ ..."

ကျန်းပိုသည် ပိုင်ပြီဟု သဘောထားကာ ကိုယ်ရည်သွေးနေတော့သည်။

မိန်းမလှလေး ပေ့ဂှာက မျက်ရည်များ ရစ်ဝဲနေသော မျက်လုံးများဖြင့် ကျန်းပိုကို ကြည့်လိုက်လေသည်။

သူမ၏ အသံကလည်း ငိုရှိုက်သံ စွက်နေသည်။

"ကျွန်မရဲ့ မိဘနှစ်ပါး ကွယ်လွန်သွားရာကြောင့် အဒေါ်ရှိတဲ့မြို့ကို အားကိုးတကြီး လာခဲ့တာပါရှင်၊ ဒါပေမယ့် အဒေါ်လုပ်သူကလည်း အိမ်ပြောင်းသွားလို့ ကျွန်မ ဘယ်သွားလို့ ဘယ်လာရမှန်း မသိတော့ဘဲ ဒုက္ခရောက်ခဲ့ရပါတယ်၊ လူသုံးယောက်က အကူအညီပေးမယ်လို့ ခေါ်လာပြီး လမ်းမှာ သူတို့ မရိုးမသားတာကို သိရလို့ ထွက်ပြေးရင်း တစ်ခါမှ မရောက်ဘူးတဲ့ ဒီမြို့ကို ရောက်လာခဲ့တာပါ၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ထမင်းမစားရတာ သုံးရက်ရှိနေပါပြီ၊ ဒါကြောင့် ဝင်စားခဲ့တာပါ၊ စားပြီးမှ ဗိုက်ဆံအိတ် ကျပျောက်သွားလို့ ...”

ကျွန်းပို စုပ်သပ်လိုက်သည်။

“ညီမအဖြစ်က တော်တော်ဆိုးတာပဲ၊ ကဲ ... ကျုပ်နဲ့တွေ့မှတော့ ဘာမှ မပူနဲ့တော့၊ ဒုက္ခအားလုံးက လွတ်မြောက်ပြီး အေးချမ်းသာယာတဲ့ဘဝကို ရောက်ပြီလို့သာ မှတ်ထားလိုက်ပေတော့၊ အစစအရာရာ အားလုံးကို အစ်ကိုကြီး တာဝန်ယူမယ်၊ အစ်ကိုကြီးနဲ့ လိုက်ခဲ့၊ ဟုတ်ပြီလား”

ပေ့ဗှာက မငြင်းဘဲ သဘောတူလိုက်သည်။

“ကျေးဇူးပါပဲရှင်”

ကျွန်းပိုက ပေ့ဗှာအား ခေါ်သွားသည်ကို မြင်လျှင် စားသောက်ဆိုင်ထဲမှ လူများက အမျိုးမျိုး ဝေဖန်ပြောဆိုရင်း ကျန်ရစ်ခဲ့ကြလေတော့သည်။

ကျွန်းပို၏ အိမ်သည် မြို့စွန်ရှိ ကျယ်ဝန်းသော ခြံဝင်းကြီးတစ်ခုထဲ၌ ရှိလေသည်။

ကျွန်းပိုသည် ပေ့ဗှာကို သူ၏အိမ်သို့ ခေါ်ဆောင်သွားခဲ့လေတော့သည်။

မိန်းမပွေသူ ဖြစ်သည့်အတိုင်း သူ၏အကြောင်းကို လူသိမခံလိုသဖြင့် အခိုင်းအစေများ၊ အိမ်ဖော်များကိုပင် မထားဘဲ တစ်ယောက်တည်း နေထိုင်ခဲ့သည်မှာ ကြာပြီ ဖြစ်လေသည်။

ပေ့ဗှာက မငြင်းဘဲ လိုက်လာခြင်းကြောင့် ကျွန်းပိုမှာ ပျော်ရွှင်နေသည်။

ပေ့ဗှာကဲ့သို့ ငယ်ရွယ်နုပျိုပြီး နတ်မိမယ်လေးပမာ ချောမောလှပသူလေး တစ်ယောက်အား မည်သည့်နည်းနှင့်မျှ လက်လွှတ်မခံလို့ချေ။



ကျွန်းပိုက အိမ်တံခါးများဖွင့်ကာ မီးထွန်းညှိလိုက်၏။

တစ်အိမ်လုံး လင်းလင်းချင်းချင်း ဖြစ်သွားသည်။

မီးရောင်အောက်တွင် အဖိုးတန် အိမ်ထောင်ပရိဘောဂများကို အတိုင်းသား တွေ့မြင်နေရသည်။

ကျွန်းပိုမှာ သူပြောခဲ့သည့်အတိုင်း ချမ်းသာကြွယ်ဝသူ ဖြစ်ကြောင်း ထင်ရှားသည်။

ကျွန်းပိုက ရယ်ရယ်မောမော ပြောလိုက်သည်။

“ကဲ ... ညီမ ကိုယ့်အိမ်ကိုယ့်ယာလို သဘောထားပြီး လွတ်လွတ်လပ်လပ် နေနိုင်တယ်”

“ကျေးဇူးတင်ပါတယ်ရှင်”

“အိမ်ထဲမှာ နည်းနည်းတော့ ရှုပ်ပွနေမယ်ထင်တယ်၊ ဘယ်လိုမှ သဘောမထားပါနဲ့နော်၊ အိမ်ရှင်မ မရှိတော့ ဒီလိုပဲပေါ့ ညီမရယ်”

“အစ်ကိုကြီးက တစ်ယောက်တည်း နေတာကိုး”

“ဟုတ်တယ် ... တစ်ယောက်တည်းနေရတာ ပျင်းရိခြောက်သွေးလွန်းလှပါတယ်၊ ပစ္စည်းဥစ္စာ ဘယ်လောက်ပဲရှိရှိ မပြည့်စုံနိုင်ပါဘူး”

ကျွန်းပိုက ရမ္မက်လွှမ်းသော အကြည့်ဖြင့် ပေ့ဗှာကို စိုက်ကြည့်ရင်း ဆက်ပြောလိုက်သည်။

“ညီမလေးသာ ကူညီမယ်ဆိုရင် သိပ်ကောင်းမှာပဲ”

ပေ့ဗှာ ဘာမှပြန်မပြောချေ။

ကျွန်းပိုက ...

“ပြောပါ ... ညီမလေး ဘယ်မှသွားစရာ မရှိတဲ့အတူတူ ဒီမှာပဲနေပါလား၊ အစ်ကိုကြီး တစ်သက်လုံး စောင့်ရှောက်ပါရစေကွယ်”

ပေ့ဗှာက ရှက်ကိုးရှက်ကန်းဖြင့် ဟန်ဆောင်လိုက်၏။

“အို ... အစ်ကိုကြီးကလည်း ကျွန်မတို့ အခုမှ တွေ့ကြတာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား ကျွန်မဟာ မိန်းမသားတစ်ယောက်ပါ၊ ဒါကြောင့် စဉ်းစားပါရစေဦးရှင်”

ကျွန်းပို ခေါင်းခါယမ်းလိုက်သည်။

“ဘာမှ စဉ်းစားမနေပါနဲ့တော့၊ ကျုပ်မှာ ပစ္စည်းဥစ္စာ ရှိတယ်၊ ညီမကို တင့်တောင်းတင့်တယ် ထားနိုင်ပါတယ်၊ ကျုပ်ကို လက်ထပ်လိုက်တာ ညီမဘဝအတွက် အလုံခြုံဆုံး ဖြစ်လိမ့်မယ်၊ ကျုပ်ကိုယ်တိုင်လည်း ညီမကို မြင်မြင်ချင်း သံယောဇဉ် ဖြစ်မိပါပြီကွယ်”

ကျွန်းပိုသည် အပိုင်တွက်ဆကာ ရှေ့တိုးပြီး ပေ့ဝှာအား သိုင်းဖက်လိုက်လေသည်။

ပေ့ဝှာက လျှပ်တစ်ပြက် လှုပ်ရှားလိုက်၏။

ကျွန်းပိုအား လက်လိမ်ချိုးပြီးသား ဖြစ်သွားသည်။

သူမ၏ လှုပ်ရှားမှုမှာ လျင်မြန်လှ၏။

“အမလေးဗျ ...”

နာကျင်မှုကြောင့် ကျွန်းပို အော်ဟစ်လိုက်သည်။

ပေ့ဝှာသည် အိမ်ထဲသို့ ရောက်ကတည်းက အကဲခတ်ထားသဖြင့် မလှမ်းမကမ်း၌ ကြိုးတစ်ချောင်း ရှိနေသည်ကို တွေ့ရှိထားပြီး ထိုကြိုးကိုယူကာ ကျွန်းပိုအား တုပ်နှောင်ထားလိုက်လေသည်။

အသံ မထွက်နိုင်အောင် ပါးစပ်ကိုလည်း အဝတ်ဆို့ထားလိုက်သည်။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ကျွန်းပိုမှာ ပေ့ဝှာ၏ အကျဉ်းသားဘဝသို့ ရောက်ရှိသွားလေတော့သည်။

ပေ့ဝှာ ရယ်မောလိုက်သည်။

“အခု ကျွန်မက အိမ်ကြီးရှင် သခင်မ ဖြစ်သွားပြီပေါ့”

ကျွန်းပို ထိတ်လန့်လာသည်။

ကျေချမှ ဓားပြမှန်း သိလိုက်ရသည်။



ပေ့ဝှာအား သနားစရာကောင်းသော မိန်းမလေးဟု ထင်မှတ်ခဲ့သည်မှာ အမှားကြီး မှားနေပြီ ဖြစ်ပါသည်။

သူမသည် မြွေဟောက်ထက်ပင် ကြောက်စရာကောင်းသော မိန်းကလေးတစ်ယောက် ဖြစ်နေသည်တကား ...

ကျွန်းပို ကြောက်ရွံ့နေသော်လည်း ကယ်မည့်သူမရှိဘဲ ပေ့ဝှာ၏ လက်ထဲ အဖမ်းခံနေရလေတော့သည်။

ဤသို့ဖြင့် ...

တဖြည်းဖြည်း မှောင်လာသည်။ ထိုမှ ညဥ့်နက်သည်ထက် ညဥ့်နက်လာသည်။

ပေ့ဝှာ အိပ်မပျော်နိုင်သေးပါ။

အိပ်စက်ခြင်းလည်း မပြုနိုင်သေးဘဲ အလုပ်များနေ၏။

ကျွန်းပို၏ တစ်အိမ်လုံးကို မွှေနှောက်ရှာဖွေလိုက်ခြင်း ဖြစ်လေသည်။

စားပွဲပေါ်၌ စိန်ရွှေရတနာ ပစ္စည်းများ ငွေများ တစ်ပုံတစ်ပင်ကြီး ရှိနေသည်။

ပေ့ဝှာ၏ မျက်လုံးများက အရောင်တဖိတ်ဖိတ် တောက်ပနေလေသည်။

သူမ ပြေးရင်းလွှားရင်း ကံကောင်းလိုက်ခြင်း ဖြစ်သည်။

“ငါ့အတွက် ဘဝသစ်တစ်ခု ထူထောင်ဖို့ အလုံအလောက်ရလိုက်တာပဲ”

သို့သော် ...

သူမ ကောင်းစွာ မပျော်ရွှင်နိုင်ပါ။

ရုပ်ဆိုးဆိုးနှင့် အမျိုးသမီးကို မြင်ယောင်လာခြင်းကြောင့် ဖြစ်လေသည်။

“အစ်မကြီး ယိုဟုန်က ငါ့ကို ချမ်းသာပေးမှာ မဟုတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဟို မြင်းစီးသမား သုံးယောက်ကလည်း ကြာကြာ ဟန့်တားနိုင်မှာ မဟုတ်ဘူး"

သူမသည် ယိုဟန်နှင့် ပတ်သက်ပြီး တွေးတော စဉ်းစားလိုက်သည်။

သူမနှင့် ယိုဟန်တို့သည် သိုင်းလောက၌ ထင်ရှားသော ကြာပန်းဒေဝီ၏ တပည့်မများ ဖြစ်ကြသည်။

ကြာပန်းဒေဝီသည် အထက်လမ်း သိုင်းသမား ဖြစ်သော်လည်း တပည့်များကို ဘယ်တုန်းကမှ စဉ်းစားခဲ့သူ မဟုတ်ချေ။

သို့သော်...

ကြာပန်းဒေဝီသည် လမ်းပေါ်၌ လေလွင့်နေသော မိဘမဲ့ ကလေးနှစ်ယောက်ကို တွေ့ရလေသောအခါ ကရုဏာသက်ကာ ခေါ်ယူကျွေးမွေး စောင့်ရှောက်ထားခဲ့မိတော့သည်။

ထိုကလေးနှစ်ယောက်သည် ကြာပန်းဒေဝီ၏ လက်ပေါ်၌ ကြီးပြင်းလာခဲ့ကြသည်။

ကြာပန်းဒေဝီက တပည့်အဖြစ် သတ်မှတ်ကာ ပညာသင်ပေးခဲ့လေသည်။

တပည့်ကြီး ယိုဟန်သည် ရုပ်ဆိုးသော်လည်း သဘောမကောင်းပြီး ဆရာကျေးဇူးကို သိတတ်သူ သိုင်းပညာကို စွဲနှဲ့စွာ သင်ယူသူ ဖြစ်သည်။

တပည့်ငယ်ဖြစ်သော ပေ့ဗှာသည် နတ်မိမယ်လေးအလား လှပချောမောသူလေး ဖြစ်လေသည်။

သူမသည် သိုင်းပညာကို စိတ်မဝင်စားဘဲ အလှအပ မက်မောသူ ဖြစ်လာသည်။

တစ်ချိန်လုံး လှသည်ထက်လှအောင် ကိုယ့်ကိုကိုယ် သ[illegible]တတ်သည်။



ပေ့ဗှာက ကြိုးစားအားထုတ်မှု မရှိသဖြင့် ကြာပန်းဒေဝီက ဆူပူ ကြိမ်းမောင်းလေသောအခါ သူမ စိတ်ဆိုးသွားသည်။

ယိုဟန်၏ ခြေရာများကိုပင် မမီဟု အပြောခံရသဖြင့် ယိုဟန်ထက်သာအောင် ကြိုးစားပြမည်ဟု စိတ်ထဲ ကြုံးဝါးခဲ့သည်။

အခွင့်အရေးရသည့် တစ်နေ့တွင် ကြာပန်းဒေဝီ၏ မူပိုင်သိုင်းကျမ်းကို ခိုးယူထွက်ပြေးဖို့ ကြိုးစားခဲ့သည်။

ကြာပန်းဒေဝီသည် ပေ့ဗှာက သိုင်းကျမ်းကို ခိုးယူနေသည်ကို တွေ့ရှိသွားသဖြင့် ဆုံးမရာ ပေ့ဗှာသည် မိုက်မဲစွာဖြင့် ဆရာဖြစ်သူကို တဆုံးတဆ တိုက်ခိုက်ကာ ထွက်ပြေးလာခဲ့ခြင်း ဖြစ်သည်။

ကြာပန်းဒေဝီမှာ သူ့တပည့်မက ဤသို့ တိုက်ခိုက်မည်ဟု လုံးဝ မထင်ခဲ့သဖြင့် ဒဏ်ရာရသွားသည်။

နောက်ပိုင်းတွင်...

သူမ၏ လက်ချက်ကြောင့် ကြာပန်းဒေဝီ သေဆုံးသွားသည်ဟု သိရပြီး ယိုဟန်က သဲကြီးမဲကြီး လိုက်ရှာနေကြောင်း သိရသည်။

ပေ့ဗှာသည် တိတ်တစ်ဆိတ် ရှောင်တိမ်းနေခဲ့ရာမှ တစ်နေ့တွင် မမျှော်လင့်ဘဲ ယိုဟန်နှင့် ဆုံတွေ့မိခဲ့သည်။ ပေ့ဗှာမှာ သေပြေးရှင်ပြေး ပြေးရင်းက နောက်ဆုံးတွင် ကျန်းပိုနှင့် ဆုံတွေ့မိခြင်း ဖြစ်ပေတော့သည်။

ကျန်းပိုသည်လည်း ပေ့ဗှာ၏ လက်တွင်း၌ ရောက်ရှိနေပြီ ဖြစ်ပါသည်။

ပေ့ဗှာက အဖိုးတန် စိန်၊ ရွှေ၊ ရတနာများကို အဝတ်ဖြင့် သေသေချာချာ ထုပ်လိုက်သည်။

မိုးလင်းသည်နှင့် ဤနေရာမှ ထွက်သွားတော့မည် ဖြစ်လေသည်။

သူမ အိပ်စက်ဖို့ မစဉ်းစားတော့ပါ...

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆက်ရမည့် ခရီးတွင် ငွေလမ်းခင်းသွားနိုင်တော့မည် ဖြစ်၍ ယိုဟုန်၏ အန္တရာယ်ကို သူမ မပူတော့ချေ။

သိုင်းလောက၌ မွမ်းရည်ရှိသော ကြေးစားလူသတ်သမားများ ရှိနေသည် မဟုတ်ပါလား။

ငွေပေးပြီး ကြေးစားလူသတ်သမား ငှားကာ ယိုဟုန်ကို ရှင်းပစ်ဖို့ သူမ စဉ်းစားထားပြီး ဖြစ်သည်။

ပေ့ဗှာက သူမ ခိုးယူလာသော ကြာပန်းဒေဝီ၏ သိုင်းကျမ်းကို ဆွတ်ယူကာ စစ်ဆေးကြည့်လိုက်သည်။

"ဟင် ..."

ပေ့ဗှာမှာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်၊

သူမ ယူလာမိသည်မှာ သိုင်းကျမ်းမဟုတ်ဘဲ ဆေးကျမ်းဖြစ်နေပါသည်။

ကြာပန်းဒေဝီသည် ဆေးပညာကိုလည်း ဝါသနာပါသူ ဖြစ်ရာ ဆေးကျမ်းများလည်း ရေးဆောင်းထားရှိသည်။

"ဖြစ်မှဖြစ်ရလေတယ်၊ သိုင်းကျမ်းနဲ့ ဆေးကျမ်းကို မှားယူလာမိပြီ၊ ဘာလုပ်ရမှာလဲ"

ချက်ချင်းပင် ဆေးကျမ်းကို ဒေါသတကြီး ဆုတ်ဖြဲပစ်လိုက်လေတော့သည်။

ကျန်းပိုသည် မျက်လုံးကြီးပြူးကာ ကြောက်ရွံ့ထိတ်လန့်စွာ ကြည့်နေသည်။

ပေ့ဗှာကို အလွန်ကြောက်ရွံ့နေမိပြီ ဖြစ်သည်။

သူမအား နတ်မိမယ်လေး တစ်ယောက်ဟုလည်း မထင်မှတ်တော့ချေ။

သူမသည် ဘီလူးထက်ပင် ဆိုးကြောင်း ကောင်းကောင်းကြီး နားလည်နေပြီ ဖြစ်သည်။



ပေ့ဗှာက ခြေဆောင့်ကာ ထိုင်ရာမှ ထလိုက်သည်။

ကျန်းပိုက မျက်လုံးပြူးကာ သူ့မအား ကြည့်နေသည်ကို မြင်ရလျှင် ချက်ချင်း ကျန်းပိုဆီသို့ တစ်လှမ်းချင်း လျှောက်သွားလေတော့သည်။

"ရှင်က ဘာကြောင့်နေတာလဲ၊ မကျေနပ်ဘူးလား"

အော်ငေါက်ရင်း ရိုက်ပစ်လိုက်လေသည်။

"ဖြန်း ... ဖြန်း ... ဖြန် ..."

ကျန်းပို၏ နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီး၍ ကျလာလေတော့သည်။

ကျန်းပိုသည် နာ၍လည်း အော်၍မရတော့ပါ။

ပေ့ဗှာကိုလည်း မကြည့်ရဲတော့ဘဲ မျက်လုံးမှိတ်ကာ ခေါင်းငုံ့ထားလိုက်သည်။

ပေ့ဗှာသည် ဒေါသတကြီးဖြင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

သူမ စွန့်စားခဲ့သမျှ အကျိုးမဲ့ ဖြစ်ရချေပြီ ...

အတော်ကလေးကြာမှ ထိုင်ခုံတစ်လုံး၌ သွား၍ ထိုင်ချကာ သက်ပြင်းချလိုက်သည်။

"ခုမှ မထူးတော့ဘူး၊ ယိုဟုန်ကို သုတ်သင်ရှင်းလင်း ပစ်နိုင်အောင် အရင်ဆုံး ကြိုးစားရမယ်၊ ပြီးတော့မှ ငါ ဘဝသစ် ထူထောင်မယ်"

ကျန်းပို၏ ငွေများသည်လည်းကောင်း၊ စိန် ရွှေရတနာများသည်လည်းကောင်း ယိုဟုန်အား သုတ်သင်ဖို့ ကြေးစားငှားရန်နှင့် ဘဝသစ် ထူထောင်ရန် လုံလောက်နေပါသည်။

ပေ့ဗှာက စိတ်ညစ်စရာများကို ဦးခေါင်းထဲမှ မောင်းထုတ်ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု လောလောဆယ် ကြေးစားသိုင်းသမားငှားရန် ဦးစားပေး စဉ်းစားလိုက်သည်။

"ဘယ်သူ့ကို ငှားရင် ကောင်းမလဲ"

သူမ အတန်ကြာအောင် ဆွေးတောစဉ်းစားလိုက်ပြီးမှ လူတစ် ယောက်ကို သတိရလာလေသည်။

ပေ့ဂှာ၏ မျက်လုံးများ ဝင်းလက်သွားသည်။

"ဟုတ်ပြီ ... သူ့ကို ငှားရမယ်"

သူမ တွေးမိလိုက်သူမှာ 'မရဏာနတ်ဆိုး'ဟု အမည်ရသော အမှောင်သိုင်းသမား 'လီရှုစိမ်း'ဖြစ်လေတော့၏။

❖ ❖ ❖

အခန်း (၇)

# ထူးခြားသော မိတ်ဆွေဖွဲ့ခြင်း

ရေကန်ကြီးအတွင်း၌ ကြာဖြူပန်းများ ရှိနေ၏။

ကြည်စိမ်းနေသော ကန်ရေပြင်ကြောင့် ကူးခတ်သွားသော နေကြသော ငါးကလေးများကို အတိုင်းသား တွေ့မြင်နေရ၏။

လေပြေလေညင်းများကို ဖွေ့ယမ်း တိုက်ခိုက်လာသောခါ မွှေး ကြိုင်သော ကြာပန်းရနံ့များသည် ဝန်းကျင်တစ်ခုလုံး ကြိုင်လှိုင်သင်း ပျံ့သွားလေတော့သည်။

'ဖုံးချီ'သည် ကန်ဘောင်ပေါ်၌ ရပ်ကာ လေပြည်ကို အားရ ပါးရ ရှူရှိုက်လိုက်သည်။

သူ၏ တစ်ကိုယ်လုံး လန်းဆန်း တက်ကြွလာသည်။

ဖုံးချီ၏ လက်တစ်ဖက်သည် ခါး၌ ချိတ်ဆွဲထားသော ဓားဆီ သို့ ရောက်ရှိသွား၏။

"ခွမ်း ..."

ဓားကို လျှပ်တစ်ပြက် ဆွဲထုတ်ကာ ...

"ယား ..."

ညာသံပေးရင်း ဖွေ့ယမ်းလိုက်သည်။

ဓားကွက်နှင့်အညီ ခန္ဓာကိုယ် ရွေ့လျားလိုက်ရာ ဓားသွား

www.burmeseclassic.com

www.burmeseclassic.com



အချိန် တချေသည်ကလေးများ ကခုန်နေသည့် အသွင်နှင့်ပင် ရှုရသည်။

ဖိုးချို၏ ဓားသိုင်းမှာ ထက်မြက်နေပြီး ဓားရေး လေ့ကျင့်မှုများလည်း ကြည့်၍ ကောင်းလှသည်။

ဖိုးချိုသည် အလားအလာရှိသော သိုင်းသမားတစ်ယောက် အဖြစ် အများ၏ ချီးကျူးမှုကို ခံရသူဖြစ်သည်။

မကြာသေးမီက ...

ကျင်းပခဲ့သော ချန်အန်းမြို့ သိုင်းပြိုင်ပွဲ၌ ဖိုးချိုက ပထမ ဗိုလ်စွဲခဲ့သည်။

ဖိုးချိုသည် ချန်အန်းမြို့ ပြိုင်ပွဲ၌ ပထမရရုံဖြင့် မတင်းတိမ် နိုင်သေးဘဲ သိုင်းလောက၌ ကျင်းပသော အခြားပြိုင်ပွဲများ၌ [illegible] အနိုင်ရ ဗိုလ်စွဲလိုသူ ဖြစ်သည်။

ထို့ကြောင့် ...

နံနက်တိုင်း မြို့ပြင်ရေကန်ကြီး အနီး၌လာရောက်၍ ဓားရေး လေ့ကျင့်နေခဲ့ခြင်း ဖြစ်လေတော့သည်။

ဖိုးချိုသည် အတန်ကြာအောင် လေ့ကျင့်ပြီးမှ ...

"ဝှစ် ..."

လေ့ကျင့်မှုကို ရပ်တန့်လိုက်ကာ ဓားကို ဓားအိမ်အတွင်းသို့ ထိုးသွင်းလိုက်သည်။

သူ၏ လှုပ်ရှားပုံမှာ လှပသည့်အပြင် သေသပ်သည်။

ဓားကွက်များကလည်း အပြစ်ပြောစရာ မရှိချေ။

တော်တော်ကလေး ထက်မြက်နေသည်။

ဖိုးချို သိုင်းလေ့ကျင့်၍ ပြီးဆုံးသွားချိန်၌ ...

"ဖြောင်း ... ဖြောင်း ... ဖြောင်း ..."

လက်ခုပ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။



ဖိုးချို အံ့ဩသွားပြီး လှမ်းကြည့်လိုက်လျှင် မလှမ်းမကမ်းရှိ သစ်ပင်အောက်၌ ရပ်နေသည့် အဖြူရောင် ဝတ်ဆင်ထားသော လူငယ်တစ်ယောက်ကို တွေ့လိုက်ရသည်။

ဖိုးချိုက လူငယ်ထံသို့ လှမ်းသွားလိုက်သည်။

လူငယ်ကလည်း သစ်ပင်အောက်မှ ထွက်လာသည်။

နှစ်ယောက်သား ရေကန်ဘေး မြေကွက်လပ်တွင် မျက်နှာချင်း ဆိုင်မိလိုက်ကြလေ၏။

ဖိုးချိုက မေးလိုက်မိသည်။

"ငါ့ညီက ဘယ်သူများလဲ"

သူ သိုင်းလေ့ကျင့်နေသည်ကို ကြည့်ရှုနေသူတစ်ဦး ရှိနေခြင်း ကြောင့် သဘောမကျ ဖြစ်မိသည်။

မည်သူကမျှ လေ့ကျင့်မှုကို တခြားလူက ကြည့်ရှုနေခြင်းကို သဘောမကျပေ။

"ကျွန်တော့်နာမည် စီမင်ချူးလို့ ခေါ်ပါတယ်၊ နောင်ကြီး ဖိုးချိုရဲ့ ဓားသိုင်းဟာ အတော်ကို ထက်မြက်လှပါတယ်ဗျာ"

လူငယ်က ...

ချီးကျူးထောပနာစကား ပြောဆိုလိုက်သည်။

ဖိုးချို ပို၍ ဘဝင်မကျ ဖြစ်နေသည်။

လူငယ် (ဝါ) စီးမင်ချူးသည် သူ၏အမည်ကိုပင် သိရှိနေသည် မဟုတ်ပါလား။

အဘယ့်ကြောင့် သိရှိနေပါသနည်း။

ဖိုးချိုက စီးမင်ချူးအား ခြေဆုံးခေါင်းဆုံး အကဲခတ်၍ ကြည့် လိုက်သည်။

"မင်းက ကျုပ်နာမည်ကို သိနေတယ် ဟုတ်လား"

စီးမင်ချူး ရယ်မောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ချန်အန်း သိုင်းပြိုင်ပွဲမှာ နောင်ကြီးက ပထမရ ဗိုလ်စွဲခဲ့တာပဲ။ နောင်ကြီးကို လူတိုင်း သိထားကြသလို ကျွန်တော် သိနေတာလဲ မဆန်းပါဘူး"

ဖုံးချီက...

"ငါကတော့ မင်းကို မသိရပါလားကွ"

စီးမင်ချူးက ...

"နောင်ကြီးမပြောနဲ့ သိုင်းလောကသား အတော်များများက ကျွန်တော့်ကို မသိကြပါဘူး၊ ကျွန်တော် သိုင်းလောကထဲကို ခြေချခဲ့တာ ဘာမှ မကြာသေးပါဘူး၊ ဒါပေမယ့် တစ်နေ့မှာ သိုင်းလောက ပထမဘွဲ့ ဆွတ်ခူးနိုင်လိမ့်မယ်လို့ ကိုယ့်ကိုကိုယ် ယုံကြည်ထားပါတယ်ဗျာ"

စီးမင်ချူး၏စကား ကြီးကျယ်လှသည်ဟု ဖုံးချီ ထင်မိသည်။

စီးမင်ချူး၏ ခါး၌ဓားတစ်လက် ချိတ်ဆွဲထားသည်ကိုလည်း သတိပြုမိလာ၏။

သိုင်းလောက ပထမဘွဲ့ကို သိုင်းလောကသားတိုင်း လိုချင်မက်မောကြသည်။ အထူးသဖြင့် လူငယ် လူရွယ်များက ပို၍ လိုချင်မက်မောကာ ကြိုးစားကြသည်။

ဖုံးချီသည်လည်း ပထမဘွဲ့ ရယူမည်ဟူသော ရည်မှန်းချက်ဖြင့် ကြိုးစားနေခြင်း မဟုတ်ပါလား ...။

သိုင်းလောက တိုးတက်ရေးနှင့် မျိုးဆက်သစ်များ ပေါ်ထွန်းလာရေးအတွက် သိုင်းလောက ဂိုဏ်းချုပ်ကြီးများ ဆွေးနွေးတိုင်ပင်ကာ သိုင်းပြိုင်ပွဲ ကျင်းပပြီး အနိုင်ရဗိုလ်စွဲသူအား ပထမဘွဲ့ ချီးမြှင့်ပေးအပ်သည်။

ထို သိုင်းပြိုင်ပွဲအား အလွန် သာယာလှပသော ကျန်းနန်နယ် ကျင်းလိမ်မြို့၌ ကျင်းပခဲ့သည်။



ကျင်းလိမ်မြို့၌ ကျင်းပရသည်မှာ အကြောင်းရှိပါသည်။

ကျင်းလိမ်မြို့စားကြီးသည် ထိပ်သီးသိုင်းပညာရှင် တစ်ယောက်ဖြစ်ပြီး သိုင်းပြိုင်ပွဲကျင်းပသည့် ကိစ္စအဝဝကို တာဝန်ယူ ဆောင်ရွက်ကာ ထောက်ပံ့ပေးခြင်းကြောင့် ဖြစ်ပါသည်။

ဖုံးချီသည် အခြားသော ယှဉ်ပြိုင်ပွဲများ၌ ပါဝင်ဆင်နွှဲကာ ဆုတံဆိပ်များ ရယူပြီး မိမိ၏ပညာကို စိတ်ချရပြီဆိုမှ ကျင်းလိမ် သိုင်းပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ရည်ရွယ်ထား၏။

ကျင်းလိမ် ပြိုင်ပွဲသို့ အနယ်နယ် အရပ်ရပ်မှ သိုင်းသမားများ ရောက်ရှိလာကြသဖြင့် တော်ရုံ သိုင်းပညာဖြင့် ဝင်တိုးနိုင်မည် မဟုတ်ပါချေ။

ဖုံးချီ မဲ့ပြုံးပြုံးလိုက်သည်။

"ငါ့ညီရဲ့ ရည်ရွယ်ချက်ကတော့ ချီးကျူးစရာကောင်းအောင် မြင့်မားပါတယ်၊ ဒါပေမယ့် အပြောနဲ့အလုပ် ညီဖို့က အရေးကြီးပါတယ်၊ ငါ့ညီရဲ့ သိုင်းပညာကကော တကယ်ပဲ မြင့်မားရဲ့လား ..."

"ဟား ... ဟား ... ဟား ..."

စီးမင်ချူးက တဟားဟား ရယ်မောလိုက်သည်။

ပြီးလျှင် ...

"ကျုပ်ရဲ့ သိုင်းပညာ ဘယ်လောက် မြင့်မားသလဲဆိုတာ သိချင်ရင် လက်တွေ့ စမ်းသပ်ကြည့်နိုင်ပါတယ်ဗျာ"

ရင်ကော့ကာ ပြောလိုက်လေသည်။

ဖုံးချီ မြင်ပြင်းကပ်သွားသည်။

စီးမင်ချူးနှင့် ယှဉ်ပြိုင်ကြည့်ရန်လည်း ဆုံးဖြတ်လိုက်သည်။

"ငါ့ညီ ... တကယ်ပြောနေတာလား"

စီးမင်ချူးက ...

"ပွင့်ပွင့်လင်းလင်း ပြောရရင် ချန်အန်းမှာ ပထမရခဲ့ ဖုံးချီရဲ့

www.burmeseclassic.com

www.burmeseclassic.com



ပညာ တကယ်တော်ရဲ့လားဆိုတာ လက်တွေ့ စမ်းသပ်ကြည့်ချင်လို့ ကျုပ် လာခဲ့တာပါဗျာ”

ဖိုးချို ခေါင်းညိတ်လိုက်သည်။

“ကောင်းပြီလေ ငါ့သိရဲ့ဆန္ဒကို ဖြည့်ဆည်းပေးရမှာပေါ့ ကဲ … မားထုတ်လိုက်ပါ”

“နောင်ကြီး ခုလို လက်ခံတာ ဝမ်းသာပါတယ်ဗျာ၊ ကျေးဇူးတင်ပါတယ်”

စီးမင်းချူးသည် ခါးမှဓားကို ခြွမ်းခနဲမြည်အောင် ဆွဲထုတ်လိုက်သည်။

လေတိုက်ခတ်မှုပင် ရုတ်တရက် ရပ်တန့်သွားသည်ဟု ထင်လိုက်ရသည်။

ပင်ယံထက်၌ ဘာသာဘာဝ တေးသီကျူးနေသော ငှက်ကလေးက အဝေးသို့ ပျံသန်းသွားသည်။

ရေကန်နံဘေး မြေကွက်လပ်၌ စီးမင်းချူးနှင့် ဖိုးချိုတို့ မျက်နှာချင်းဆိုင် ရပ်နေကြသည်။

ဖိုးချို၏ လက်ထဲ၌လည်း ဓားတစ်လက် ရောက်ရှိနေပြီ ဖြစ်ပါသည်။

ဖိုးချိုသည် ဘဝင်မြင့်ပြီး မောက်မာသော စီးမင်းချူးအား ဆုံးမရန် ဆုံးဖြတ်ထားသည်။

စီးမင်းချူးက ထိပ်တန်းဓားသမား တစ်ယောက်ပမာ ရင်ကော့ကာ ရပ်နေသည်။

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် မျက်တောင်မခတ် စိုက်ကြည့်နေကြသည်။

မျက်လုံးများက အေးစက်နေသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။



ဖိုးချိုသည် စီးမင်းချူးကို ကြည့်ရင်းမှ အားမလိုအားမရ ဖြစ်လာသည်။

စီးမင်းချူး ရပ်နေပုံက တကယ့် ထိပ်တန်းသိုင်းသမားတစ်ယောက် ပုံသဏ္ဌာန်ရှိနေသည်။

သို့သော် ဓားကိုင်ထားပုံက လေ့ကျင့်ရေးလျော့ရဲ နိုင်လှသည်။

ဟာကွက်များကလည်း တစ်ကိုယ်လုံး၌ ဖြစ်ပေါ်နေ၏။

ဖိုးချိုစိတ်ထဲ တွေးမိသည်။

“ငါသာ တကယ်တန်း တိုက်ခိုက်လိုက်ရင် ဒီကောင်လေး ဓားကွက် ငါးကွက်တောင် ခံနိုင်မှာ မဟုတ်ဘဲ သေသွားလိမ့်မယ်”

စီးမင်းချူး ထိခိုက်ဒဏ်ရာရသွားခြင်း၊ သေဆုံးသွားခြင်းကိုတော့ သူ မလိုလားပါ။

ကိုယ့်ကိုကိုယ် အထင်ကြီးမှု၊ ဘဝင်မြင့်မှုများ ပျောက်သွားရန် ပညာပေး ဆုံးမလိုစိတ်သာ ရှိသည်။

ဖိုးချို မတိုက်ခိုက်သေးဘဲ တွေးတောစဉ်းစားရင်း …

“ငါ့ကို တမင် အထင်သေးအောင်လုပ်ပြီး ထောင်ချောက်ဆင်နေတာများလား”

ဖျတ်ခနဲ ဝင်လာသော အတွေးကြောင့် မပေါ့ဆဝံ့တော့ချေ၊ သူက လှမ်းပြောလိုက်သည်။

“ကျုပ်ကို အခွင့်အရေးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ခင်ဗျား သတိထားပါ”

စကားဆုံးလျှင် စတင် တိုက်ခိုက်လိုက်သည်။

လျှပ်တစ်ပြက် ရှေ့တိုးလာပြီး ရန်သူနှင့် သူသေ ကိုယ်သေ တိုက်ခိုက်သည့်ပမာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

စီးမင်းချူးသည် မိမိအား တိုက်ခိုက် နစ်နာစေရန် ရည်ရွယ်ကာ တိုက်ခိုက်လိုက်မှန်း ဖိုးချို ရိပ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ငါ ရန်ငြိုးရန်စ မရှိဘဲ ဘာကြောင့် ဒီလောက်တောင် ရန်းကားရတာလဲ"

"ဟား ... ဟား ... ဟား ... အနိုင်ရဖို့ အခွံပဲလေ၊ ဘာလဲ ခင်ဗျား ကြောက်နေပြီလား၊ မယှဉ်ပြိုင်ရဲတော့ဘူးလား"

"ကျုပ်က မင်းကို ကြောက်နေရမှာလား"

ဖုံးချီလည်း စိတ်ဆိုးသွားပြီး ထက်မြက်သော ဓားကွက်များကို ထုတ်ဖော်ကာ ပြင်းပြင်းထန်ထန် ပြန်လည် ဘိုက်ခိုက်လိုက်သည်။

ဖုံးချီက သိုင်းကွက်များ ထုတ်ဖော်လိုက်သည်နှင့် အခက်ကြုံ သွားရသူမှာ စီးမင်ချူး ဖြစ်သည်။

စီးမင်ချူးမှာ အပြောနှင့်အလုပ် လဲကလဲတွေ့မညီညွတ်သူဖြစ် နေသည်။

ဖုံးချီ အပြင်းအထန် တိုက်ခိုက်လိုက်သည်နှင့် ကောင်းစွာ မယှဉ်နိုင်တော့ဘဲ နောက်ဆုတ် ပေးလိုက်ရသည်။

"ခြွမ်း ... ခြွမ်း ... ခြွမ်း ..."

ဓားနှစ်လက် ပြင်းထန်စွာ ထိတွေ့မိလိုက်လေသည်။

"ခြွမ်း ..."

စီးမင်ချူး၏ လက်ထဲမှဓားသည် ဖုံးချီက ဓားဖြင့် ရိုက်ထုတ် လိုက်သောအခါ မြဲမြဲစွာ မကိုင်နိုင်တော့ဘဲ အဝေးသို့ လွင့်စင်သွား လေတော့သည်။

"မလှုပ်နဲ့ ..."

ဖုံးချီက လျှပ်တစ်ပြက် ရှေ့တိုးသွားပြီး စီးမင်ချူး၏ ရင်ဝကို ဓားဖြင့် ထောက်ထားလိုက်သည်။

စီးမင်းချူးသည် ပွတ်ကာသီကာ အရေးနိမ့်သွားခြင်းမျိုး မဟုတ် ဘဲ အရှုံးကြီး ရှုံးသွားခြင်း ဖြစ်ပါသည်။

ဖုံးချီကသာ မညှာမတာ တိုက်ခိုက်လိုက်မည် ဆိုပါလျှင်



အသက် မသေဆုံးသည့်တိုင်အောင် ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိ သွားပေလိမ့်မည်။

အပြောကြီးလှသော စီးမင်ချူးမှာ အရေးနိမ့်သွားသောအခါ မည်သို့ ရှိမည်နည်း။

"ဟား ... ဟား ... ဟား ..."

စီးမင်ချူးသည် ကြောက်ရွံ့ ထိပ်လန့်သွားခြင်း မရှိသည့်အပြင် တဟားဟား ရယ်မောလိုက်လေသည်။

"ဟင် ..."

ဖုံးချီ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"မင်း ရှုံးသွားပြီ၊ သေရမှာ မကြောက်ဘူးထင်တယ်"

"ခင်ဗျားက ကျုပ်ကို တကယ်ပဲ သတ်ပစ်မှာလား"

"ဟုတ်တယ် ... မင်းက ငါ့ကို စော်ကားမော်ကား ပြောခဲ့တယ်၊ ယှဉ်ပြိုင်တိုက်ခိုက်ဖို့ ကြိုးစားခဲ့တယ်၊ မင်းကို ဘယ်လိုလုပ် ခွင့်လွှတ် ရမှာလဲ"

စီးမင်ချူ က ...

"ကျုပ်ကို ခွင့်မလွှတ်ဘူး ဆိုရင်တော့ ခင်ဗျားဟာ သူရဲကောင်း ပီသတော့မှာ မဟုတ်ဘူး"

"ဘာကွ ..."

"သူရဲကောင်းတွေဟာ စိတ်သဘောထား ပြည့်ဝကြတယ်၊ အနာ ခွင့်လွှတ်နိုင်ကြတယ်၊ မာန်မာန မထားကြဘူးလေဗျာ၊ ကျုပ် က ခင်ဗျား ဘယ်လောက်များ သူရဲကောင်း ပီသ,သလဲ သူရဲကောင်း စိတ်ဓာတ်ရှိသလဲ ဆိုတာကို စမ်းသပ်ကြည့်တာပါ"

"မင်း ..."

ဖုံးချီ မည်သို့ပြောရမှန်း မသိ ဖြစ်နေသည်။

မည်သို့ဆိုစေ ...

www.burmeseclassic.com

www.burmeseclassic.com



စီးမင်ချူး၏ စကားက သူ့အား စိတ်လှုပ်ရှား သွားစေခဲ့သည်က အမှန်ပင် ဖြစ်လေသည်။

ထို့ကြောင့်လည်း စီးမင်ချူး၏ ရင်ဝ၌ထားသော ဓားကို ရုပ်သိမ်းလိုက်သည် မဟုတ်ပါလား။

စီးမင်ချူးက ...

"ချန်အန်း သိုင်းပြိုင်ပွဲမှာ နောင်ကြီး ဝါဝင်ယှဉ်ပြိုင်ပြီး ပထမဆုဘွဲ့ ရခဲ့တယ်၊ ကျွန်တော်ဟာ ပြိုင်ပွဲတစ်လျှောက်လုံးမှာ နောင်ကြီးရဲ့ ယှဉ်ပြိုင်ပုံကိုကြည့်ပြီး အားကျမိတယ်၊ နောင်ကြီးရဲ့ ပညာကို လေးစား ချီးကျူးမိပါတယ်၊ နောင်ကြီးနဲ့ မိတ်ဖွဲ့ပြီး ခင်မင်ရင်းနှီးချင်တယ်၊ ဒါကြောင့် ခုလို လာတွေ့တာပါပဲ"

ဟု ပြောသည်။

ဖုံးချီ မျက်စိလည်သွားသည်။

"မင်း စကားက ဘယ်လိုလဲ၊ စောစောက တစ်မျိုး၊ အခု တစ်မျိုးပါလားကွ"

စီးမင်ချူး လက်နှစ်ဖက်ကိုဆုပ်ကာ ဦးညွှတ်လိုက်သည်။

"ကျွန်တော် ဒီနေ့တာကို ရောက်လာတော့ စိတ်ကူးတစ်မျိုး ပေါ်ပေါက်လာပါတယ်၊ နောင်ကြီးရဲ့ပညာကို လက်တွေ့ လေ့လာကြည့်ချင်တဲ့စိတ်ပါ၊ နောင်ကြီးကို အကျိုးအကြောင်း ပြောပြပြီး ယှဉ်ပြိုင်ခွင့်တောင်းရင် နောင်ကြီး လက်ခံမှာ မဟုတ်ပါဘူး၊ ဒါကြောင့် တမင် မခံချင်အောင် ပြောပြီး စိန်ခေါ် တိုက်ခိုက်ခဲ့တာပါ၊ နောင် ကြီးကို ဘယ်လိုမှ မယှဉ်နိုင်ဘဲ ရှုံးနိမ့်သွားလိမ့်မယ်ဆိုတာ အစကြီးကတည်းက သိပါတယ်၊ ကျွန်တော်ရဲ့ စိတ်ဆန္ဒကြောင့် နောင်ကြီး အပေါ် ရိုင်းပျ စော်ကားမိတာကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်၊ ဒီကိစ္စအတွက် အပြစ်ပေးမယ် ဆိုရင်လည်း ကြည်ကြည်ဖြူဖြူ ခံယူပါမယ် ခင်ဗျာ"



ဖေ့ဝှာအား သနားစရာကောင်းသော မိန်းကလေးဟု ထင်မှတ်ခဲ့သည်မှာ အမှားကြီး မှားနေပြီ ဖြစ်ပါသည်။

သူမသည် မြွေဟောက်ထက်ပင် ကြောက်စရာကောင်းသော မိန်းကလေးတစ်ယောက် ဖြစ်နေသည်တကား ...

ကျုန်းပို ကြောက်ရွံ့နေသော်လည်း ကယ်မည့်သူမရှိဘဲ ဖေ့ဝှာ၏ လက်ထဲ အဖမ်းခံနေရလေတော့သည်။

ဤသို့ဖြင့် ...

တဖြည်းဖြည်း မှောင်လာသည်။ ထိုမှ ညဉ့်နက်သည့်ထက် ညဉ့်နက်လာသည်။

ဖေ့ဝှာ အိပ်မပျော်နိုင်သေးပါ။

အိပ်စက်ခြင်းလည်း မပြုနိုင်သေးဘဲ အလုပ်များနေ၏။

ကျုန်းပို၏ တစ်အိမ်လုံးကို မွှေနှောက်ရှာဖွေလိုက်ခြင်း ဖြစ်လေသည်။

စားပွဲပေါ်၌ စိန်ရွှေရတနာ ပစ္စည်းများ ငွေများ တစ်ပုံတစ်ပင်ကြီး ရှိနေသည်။

ဖေ့ဝှာ၏ မျက်လုံးများက အရောင်တဖိတ်ဖိတ် တောက်ပနေလေသည်။

သူမ ပြေးရင်းလွှားရင်း ကံကောင်းလိုက်ခြင်း ဖြစ်သည်။

"ငါ့အတွက် ဘဝသစ်တစ်ခု ထူထောင်ဖို့ အလုံအလောက်ရလိုက်တာပဲ"

သို့သော် ...

သူမ ကောင်းစွာ မပျော်ရွှင်နိုင်ပါ။

ရုပ်ဆိုးဆိုးနှင့် အမျိုးသမီးကို မြင်ယောင်လာခြင်းကြောင့် ဖြစ်လေသည်။

"အစ်မကြီး ယိုဟုန်က ငါ့ကို ချမ်းသာပေးမှာ မဟုတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

# အကူအညီ

မိုးထိတောင် . . . ။

သာယာလှပနေသော မိုးထိတောင်ခြေ တစ်နေရာရှိ ဝါး တောထဲ၌ ရသေ့ ကျောင်းသခ်မ်းတစ်ခု ရှိနေသည်။

တစ်ချိန်က သိုင်းရာဇာ ရှမ်းကုံးအဖြစ် ထင်ရှားခဲ့သော ရှ ကြီး နေထိုင်သည့် ကျောင်းသခ်မ်း ဖြစ်သည်။

သိုင်းရာဇာ ရှမ်းကုန်း တစ်ဖြစ်လဲ ရသေ့ကြီးသည် ကျော ပြင်ပ မြေကွက်လပ်၌ ရှုပ်ပွနေသော ဝါးရွက်ခြောက်များအား တံမြ လှဲကာ သန့်ရှင်းရေး ပြုလုပ်နေ၏။ ဝါးရွက်ခြောက်များကို တစ်နေ စီ စုပုံပြီး မီးရှို့ရန် စိတ်ကူးခြင်းဖြစ်သည်။

ရသေ့ကြီး တံမြက်လှဲကျင်းနေစဉ် . . .

"ဟူး . . ."

လေပွေတစ်ချက် တိုက်ခတ်လာပြီး စုပုံထားသော ဝါးရွ ခြောက်များ ပြန့်ကျဲသွားတော့သည်။

"ခက်ပါလား . . ."

ရသေ့ကြီးက ညည်းတွားရင်း ထပ်မံ လှဲကျင်းကာ တစ်နေ စုပုံလိုက်ပြန်သည်။



ကျောင်းသခ်မ်းရှေ့ မြေကွက်လပ်တစ်ခုလုံး လှဲကျင်းပြီးစီး လုလုအချိန်တွင် . . .

"ဟူး . . ."

လေရူးတိုက်ခတ်လာပြန်ကာ ဝါးရွက်ခြောက်များ ပြန့်ကျဲသွား ပြန်တော့သည်။ ရသေ့ကြီးက ထပ်မံ လှဲကျင်းလိုက်ပြန်၏။

လှဲကျင်း ပြီးစီးလုတွင် လေက တိုက်ခတ်လာပြန်သည်။

သုံးကြိမ် သုံးခါတိတိ ဖြစ်ပေါ်လာသောအခါ ရသေ့ကြီးက တံမြက်စည်းကို မြေပေါ်သို့ ပစ်ချလိုက်သည်။

သူက လှဲကျင်းပြီး အမှိုက်များကို စုပုံထားလိုက်၏။

လေရူးဝေ့ယမ်း တိုက်ခတ်လာကာ အမှိုက်များ ပြန့်ကျဲသွား လိုက် အကြိမ်ကြိမ်အခါခါ ဖြစ်နေရာ တစ်နေ့လုံး လှဲကျင်း၍ ဆုံး နိုင်တော့မည် မဟုတ်ပါ။

ရသေ့ကြီးသည် နဖူးပေါ်မှ ချွေးများကိုသုတ်ကာ ပတ်ဝန်းကျင် ကို အကဲခတ် ကြည့်လိုက်သည်။

လေငြိမ်နေပါသည်။

ရသေ့ကြီး မျက်မှောင်ကြုတ်သွားသည်။

"တစ်မနက်ခင်းလုံး လေငြိမ်နေတာပဲ"

သူ၏ မျက်နှာ ချက်ချင်း ခက်ထန် တင်းမာသွားလေသည်။

"ခင်ဗျား ဘာကြောင့် နှောင့်ယှက်ချင်နေရတာလဲ"

သူက ဒေါသဖြင့် အော်လိုက်လေ၏။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မရှေးမနှောင်းမှာပင် . . .

"ဟား . . . ဟား . . . ဟား . . ."

ကျယ်လောင်သော ရယ်မောသံများ ဝါးရုံပင်များ နောက်ကွယ် မှ ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရယ်မောသံဆုံးလျှင် လူတစ်ယောက် ခုန်ထွက်လာ၏။ လူထူးဆန်းကြီး ကျင်းတီပင်တည်း။

ရသေ့ကြီးက ...

"ကျုပ်က အကောင်းမှတ်နေတာ၊ နောက်မှ မင်းရဲ့လက်… ဆိုတာ ရိပ်မိလိုက်တာပဲ"

ကျင်းတီက ...

"ကျုပ် ရောက်နေတာကြာပြီ၊ ခင်ဗျားကို ကျီစယ်ချင်… ဝါးရုံပင်တွေနောက်မှာ ပုန်းနေတာ"

လေရူးဇော့ယမ်း တိုက်ခတ်လာကာ စုပုံထားသော အမှိုက်… ပြန့်ကျဲသွားခြင်းသည် ကျင်းတီ၏ လက်ချက်ဖြစ်နေပါတော့သ…

ရသေ့ကြီး စိတ်ဆိုးသွားပြီး မြေပေါ်မှ တံမြက်စည်းကို … ယူလိုက်သည်။

ကျင်းတီ ရှေ့သို့ပစ်ပေးလိုက်သည်။

"ရော့ ... အမှိုက်တွေကို ပြောင်အောင်လှဲကျင်းပေးရ…"

ကျင်းတီ လက်ကာပြလိုက်သည်။

"အမှိုက်ကိစ္စ အသာထားလိုက်စမ်းပါ၊ ကျုပ်က အရေးကြီး… လာခဲ့တာ"

ရသေ့ကြီးက ...

"ခင်ဗျား အရေးကြီးတာ ဘေးဖယ်ထား၊ အမှိုက်တွေ ပြ… ပေးရမယ်"

"ကျုပ်က ..."

"ဒါမှမဟုတ်ရင် ကျုပ်နဲ့ စကားပြောဖို့ စိတ်မကူးနဲ့…"

ရသေ့ကြီးက ခပ်ပြတ်ပြတ်ပြောကာ ကျောခိုင်းထားလိုက်… တော့သည်။

"ခက်တာပဲ ..."



ကျင်းတီ ညည်းတွားလိုက်မိ၏။

ရသေ့ကြီး (ဝါ) သိုင်းရာဇာ ရှမ်းကုံးသည်လည်း စိတ်နေ… …ဘာထား ထူးဆန်းသူ ဖြစ်ပါသည်။

လျှမ်းလျှမ်းတောက် ကျော်ကြားပြီး သိုင်းလောက တစ်ခုလုံး၏ …သို့ လေးစားမှုခံရကာ လိုလေသေးမရှိ ပြည့်စုံနေသော ဘဝကို …ာ ရသေ့ဝတ်ခဲ့သူ မဟုတ်ပါလား။

ယခုတစ်ကြိမ်

ကျင်းတီသည် ရသေ့ကြီးအား အရှုံးပေးလိုက်ရသည်။

တံမြက်စည်း ကောက်ကိုင်ပြီး အမှိုက်များ လှဲကျင်းပေးလိုက် …ည်။

တစ်ခဏ အတွင်းမှာပင် ဝါးရွက်ခြောက်များကို မြေကွက်လပ် …ထက်တွင် လှဲကျင်း စုပုံပြီးသား ဖြစ်သွားလေသည်။

"မီးရှို့လိုက်ပါ ..."

ရသေ့ကြီးကပြောလျှင် ကျင်းတီ အမှိုက်ကို မီးရှို့လိုက်သည်။

ကျင်းတီ စိတ်ပါလက်ပါ ရှင်းပေးသဖြင့် မြေကွက်လပ်၌ …က် တစ်စက်ကလေးမျှ မရှိဘဲ ပြောင်ရှင်းသွားလေတော့သည်။

"ဟူး ..."

ကျင်းတီက တံမြက်စည်းကို မြေပေါ်ပစ်ချကာ နဖူးပေါ်မှ …များကို သုတ်လိုက်လေသည်။

ရသေ့ကြီးက မြေကွက်လပ်ကို ဝေ့ကြည့်ပြီး ပြောင်ရှင်းနေသည် …တွေ့ရသဖြင့် ကျေနပ်သွားသည်။

ကျင်းတီနှင့် မျက်နှာချင်း ဆိုင်လိုက်၏။

"ကဲ ... ပြောပါ"

ကျင်းတီက ...

"ခင်ဗျား ဒီအတိုင်းပဲ နေမလား မေးချင်လို့ လာခဲ့တာပဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ဒီအတိုင်းမနေလို့ ဘယ်လို နေရမလဲ ပြောစမ်းပါဦး၊ မျောက်လွှဲကျော်လို သစ်ကိုင်းပေါ် ခိုနေရမလား"

ကျင်းတီ ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူးလေ၊ ခင်ဗျားရဲ့ သိုင်းပညာတွေ ခင်ဗျားသေသွားရင် မြေမြှုပ်ပစ်လိုက်ရမှာ နှမြောစရာ ကောင်းနေတာပေါ့"

ရသေ့ကြီးက မျက်နှာထားတင်းတင်းဖြင့် ...

"ဒါ ကျုပ်ကိစ္စပါ၊ ခင်ဗျားနဲ့ မဆိုင်ပါဘူး"

"ကျုပ်နဲ့ မဆိုင်မှန်း သိပါတယ်၊ ဒါပေမယ့် သိုင်းလောကအတွက် နစ်နာလို့ ပြောနေတာ"

"ဟား ... ဟား ... ဟား ..."

ရသေ့ကြီး ရယ်မောလိုက်လေသည်။

"ကျုပ်က သိုင်းလောကကို ကျောခိုင်းလိုက်တာ ဘယ်လောက်ကြာပြီလဲ၊ သိုင်းလောကဟာ ကျုပ်နဲ့ မဆိုင်တော့ဘူးလေ ..."

ကျင်းတီက ...

"ဒါဖြင့် ကောင်လေးတစ်ယောက်ကြောင့် ဆိုရင်ကောဗျာ"

"ကောင်လေးတစ်ယောက် ..."

"ဟုတ်တယ်"

"ဘယ်သူလဲ"

"ချင်းကိုး ..."

ရသေ့ကြီး မျက်မှောင်ကြုတ်သွားသည်။

"ချင်းကိုးက ဘယ်သူလဲ၊ ကျုပ် မသိပါလား"

ကျင်းတီ နှာခေါင်းရှုံ့လိုက်သည်။

"ခင်ဗျား တော်တော် ဟန်ဆောင်ကောင်းတာပဲ၊ ချင်းကိုးကို တောင် မသိတော့ဘူးလား၊ ခင်ဗျားပဲ အခြေခံလေ့ကျင့်နည်း ပေးလိုက်တဲ့ ကောင်လေးလေဗျာ"



"သြော် ..."

ရသေ့ကြီး ခေါင်းညိတ်လိုက်သည်။

"ကျုပ် မှတ်မိပြီ၊ သူက ဘာဖြစ်လို့လဲ"

"သူဟာ သိုင်းလောကသားတွေ စိတ်ဝင်စားနေကြတဲ့ နယ်စားကြီး ရိုဟောက်ရဲ့ သိုင်းကျမ်းသေတ္တာကို ရှာဖွေတွေ့ရှိ သွားပြီဗျ"

ကျင်းတီက ဝမ်းသာအားရ လေသံဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

သို့သော် ရသေ့ကြီး၏မျက်နှာ ရှုံ့မဲ့သွားသည်။

"နယ်စားကြီး ရိုဟောက်ရဲ့ သိုင်းကျမ်းသေတ္တာက ဘာများ ထင်ကြီးစရာ ရှိလို့လဲ"

မှန်ပေသည်။ ရသေ့ကြီးကဲ့သို့ ထိပ်သီး သိုင်းသမားကြီးများအား သိုင်းကျမ်းသေတ္တာကို အထင်ကြီးလိမ့်မည် မဟုတ်ချေ။ အခြားသိုင်းထိပ်သီးများကလည်း စိတ်မဝင်စားချေ။

ထို့ကြောင့်သာ ချင်းကိုးနှင့် ကျင်းတီတို့ စိတ်အေးလက်အေး ရှာဖွေနိုင်ခြင်း ဖြစ်သည်။

"ချင်းကိုးက သိုင်းကျမ်းသေတ္တာထဲက သိုင်းကျမ်းတွေကို လေ့လာပြီး ..."

ရသေ့ကြီးက ဖြတ်၍ ပြောလိုက်၏။

"ဒီကောင်လေး သက်သက် အချိန်ဖြုန်းနေတာပဲ"

"ခင်ဗျား ဒီလိုထင်ရင် မှားသွားလိမ့်မယ်၊ ချင်းကိုးက ဉာဏ်သိပ်ကောင်းတယ်၊ ထိုးထွင်းဉာဏ်လည်း ရှိတယ်၊ တီထွင်ကြံဆတတ်တယ်၊ သူဟာ သိုင်းကျမ်းတွေကို လေ့လာပြီး အကောင်းဆုံး သိုင်းကွက်တွေကို အနှစ်ချုပ် ထုတ်နုတ်လိမ့်မယ်၊ ပြီးရင် အဲဒီ သိုင်းကွက်တွေကို ပေါင်းစပ်ပြီး သိုင်းပညာတစ်မျိုး တီထွင်လိမ့်မယ်၊ သူအောင်မြင် မသွားနိုင်ဘူးလို့ ခင်ဗျား ပြောနိုင်သလား"

www.burmeseclassic.com



ရသေ့ကြီး စိတ်မဝင်စားဘဲ မနေနိုင်တော့ပါ။

"ဒီလို ဉာဏ်ရှိရင်တော့ ဘယ်ပြောနိုင်ပါ့မလဲ၊ သိုင်းကျမ်း သေတ္တာထဲက သိုင်းပညာရပ်တွေကို ကျုပ် အထင်မကြီးဘူး၊ ဒါပေမယ့် သိုင်းကျမ်း တစ်ခုစီရဲ့ အနှစ်သာရကို ထုတ်ပြီး ပေါင်းစပ်လိုက်ရင်တော့ ခင်ဗျား ပြောသလို ဖြစ်ပေါ်လာမယ့် သိုင်းကွက်တွေ အခြေအနေ ဘယ်လို ရှိမယ်ဆိုတာ ကျုပ် မခန့်မှန်းနိုင်ဘူး၊ အစွမ်းထက်တဲ့ သိုင်းပညာတစ်ရပ် ပေါ်ထွက်လာနိုင်သလို ဘာမှ မထူးခြားတာမျိုးလည်း ဖြစ်သွားနိုင်တာပဲ"

ရသေ့ကြီးက ကျင်းတိကို စိုက်ကြည့်လိုက်သည်။

"ချင်းကိုးကို ဒီလိုလုပ်ဖို့ ခင်ဗျားပဲ အကြံပေးခဲ့တာ မဟုတ်လား"

ကျင်းတိ ပခုန်းတွန့်လိုက်သည်။

"ကျုပ် သင်ပေးမယ်ဆိုတာကို သူ လက်မခံတော့ ကျုပ်က ဖြစ်နိုင်တဲ့ နည်းလမ်းကိုပဲ အသုံးပြုရတော့တာပေါ့၊ ပြီးတော့ ဒီကောင်လေးကို တော်ရုံတန်ရုံ သိုင်းပညာမျိုး ရသွားတာထက် သိုင်းလောကမှာ ရင်ကော့ရပ်တည်နိုင်တဲ့ သိုင်းပညာမျိုး ရသွားစေချင်တာလဲ အမှန်ပါပဲဗျာ"

သူ၏မျက်နှာ ပြုံးယောင်သန်းလာလေသည်။

"ကျုပ် ကူညီနေတာကို အပြစ်မပြောနဲ့လေ၊ ခင်ဗျားတောင်မှ အခြေခံ လေ့ကျင့်နည်းကို ပေးခဲ့သေးတာပဲ မဟုတ်လား"

ရသေ့ကြီး မျက်နှာပျက်သွား၏။

"ကျုပ် ... ကျုပ်က ..."

"ချင်းကိုး ပြောပြတာ မဟုတ်ပါဘူး၊ ကျုပ် ကိုယ်တိုင်တွေ့မြင်ခဲ့တာပါ"

ရသေ့ကြီး သက်ပြင်းချလိုက်သည်။



"ရှေးရေစက်ပဲ၊ သူ့ကို တွေ့မြင်ရတာနဲ့ ကရုဏာသက်ပြီး ကူညီချင်စိတ် ပေါ်လာတယ်၊ သူဟာ သိုင်းပညာ လိုချင်ပေမယ့် သူတိုင်းကို ဆရာတင်ချင်တာ မဟုတ်ဘူး၊ ရဲရင့်တယ်၊ သတ္တိရှိတယ်၊ ဖြောင့်မတ်တယ်၊ ယောကျ်ားကောင်းတို့ရဲ့ ကြန်အင်လက္ခဏာနဲ့ ပြည့် စုံတယ်၊ ပြောစရာတစ်ခုပဲ ရှိတယ်၊ သူ့မိဘတွေကို သတ်ဖြတ်သွားတဲ့ လူဆိုးဓားပြတွေဟာ တကယ့်ကို လောကပေါ်မှာ ရှိသင့် မရှိထိုက်တဲ့ လူဆိုးဓားပြတွေကို လက်စားချေချင်တဲ့စိတ် ရှိနေတာပဲ"

ကျင်းတိက ...

"လူငယ်လေး တစ်ယောက်ဟာ ဘဝတစ်ခုလုံး ပျက်စီးသွားရတော့ ဘယ်လို ခံစားရမယ်ဆိုတာ တွေးတောစဉ်းစားကြည့်လို့ ရတယ်၊ ကျုပ်က မြှောက်ပင့်ပေးနေတာ မဟုတ်ဘူး၊ သူ့ရဲ့မိဘတွေကို သတ်ဖြတ်သွားတဲ့ လူဆိုးဓားပြတွေဟာ တကယ့်ကိုလောကပေါ်မှာ မရှိသင့် မရှိထိုက်တဲ့ လူတွေဖြစ်နေတယ်"

ရသေ့ကြီးက မေးသည်။

"အဲ့တို့ ဘယ်သူဘယ်ဝါဆိုတာ ခင်ဗျားသိလို့လား"

ကျင်းတိ ခေါင်းညိတ်လိုက်သည်။

"ကျုပ် စုံစမ်းပြီးပြီ"

"ဘယ်သူတွေလဲ"

"နဂါးရဲ့ လူတွေပဲ"

"ဟင် ..."

ရသေ့ကြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

နဂါးဆိုသော အမည်ကို သိုင်းလောကတစ်ခုလုံးသိထားကြ၏။

နဂါးသည် တစ်ချိန်က သိုင်းလောကအား လွှမ်းမိုးဖို့ ကြိုးစားဖူးသည့် အောက်လမ်းသိုင်းရာဇာကြီး တစ်ဦးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နဂါး၏ လက်အောက်တွင် အောက်လမ်းသိုင်းသမားများ လူဆိုး ဓားပြများ စုရုံးမိကြသည်။

သိုင်းလောကတစ်ခုလုံး ဖရိုဖရဲဖြစ်အောင် မွှေနှောက်သောင်းကျမ်းခဲ့ကြသည်။

နဂါးတို့လူစု၏ လက်ချက်ကြောင့် အပြစ်မဲ့ပြင်သူများ အထက်လမ်း သိုင်းသမားများ သေဆုံးခဲ့ကြရသည်။

ဒုက္ခ ရောက်ခဲ့ကြရသည်။

နဂါးအား သုတ်သင် ရှင်းလင်းပစ်ဖို့ အထက်လမ်း သိုင်းသမားများ ကြိုးစားခဲ့ကြသော်လည်း မအောင်မြင်ဘဲ နဂါး၏လက်ချက်ဖြင့် အသက် ဆုံးရှုံးသွားရသူ များပြားလာသောအခါ ထိပ်သီး သိုင်းသမားကြီးများ၊ ဝိုဏ်းချုပ်ကြီးများသည် လက်ပိုက်ကြည့် မနေနိုင်တော့ဘဲ စုပေါင်းကာ နှိမ်နင်းကြလေ၏။

နဂါးနှင့် ထိပ်သီး သိုင်းသမားကြီးများ၊ ဝိုဏ်းချုပ်ကြီးများ၏ တိုက်ပွဲမှာ ပြင်းထန်လှသည်။

ထိုတိုက်ပွဲတွင် လူထူးဆန်းကြီး ကျင်းတီ၊ သိုင်းရာဇာ ရှမ်းကုံးတို့လည်း ပါဝင်ကြသည်။

နဂါး အခြေစိုက်ထားသော နဂါးတောင်ကုန်း၌ သုံးရက်သုံးညတိုင်တိုင် တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး နောက်ဆုံးတွင် နဂါးဦးဆောင်သော လူဆိုးဓားပြများ၊ အောက်လမ်း သိုင်းသမားများ အရေးနိမ့်ကာ ထွက်ပြေး တိမ်းရှောင်သွားကြသည်။

ထိုအချိန်မှစ၍ ...

နဂါးသည် သိုင်းလောကမှ ပျောက်ကွယ်သွားပြီး ယနေ့တိုင်သတင်း မကြားရတော့ချေ။

အချို့က နဂါး သေဆုံးသွားပြီဟု ဆိုကြသည်။

ကျင်းတီက ...



"မြစ်ဝါမြစ်ရိုး တစ်လျှောက်မှာ ခုတလော လူဆိုး ဓားပြတွေ ထကြွ သောင်းကျန်းနေပြီး တစ်စထက်တစ်စ အင်အားကောင်းနေလို့ သိုင်းလောကသွားတွေ လက်ပိုက်ကြည့် မနေနိုင်တော့ဘဲ မိုးထိတောင်မှာ လာပြီး စည်းဝေးကြတယ်၊ အားလုံး သဘောတူ ဆွေးနွေးညှိနှိုင်းကြပြီး လူဆိုး ဓားပြတွေကို စုပေါင်း နှိမ်နင်းဖို့ ဆုံးဖြတ်ခဲ့ကြတယ်ဆိုတာကို ခင်ဗျား သိပြီးပါပြီ"

ရသေ့ကြီး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ၊ ဆုံးမ နှိမ်နင်းဖို့ တချို့ဆိုရင် မြစ်ဝါမြစ်ကိုတောင် သွားနေကြပြီ မဟုတ်လား"

ကျင်းတီက ...

"အဲဒီမှာ ထကြွသောင်းကျန်းနေတာ နဂါးတို့လူစုပဲဗျ"

ရသေ့ကြီး မျက်နှာပျက်သွား၏။

"လက်စသတ်တော့ နဂါးက မသေသေးဘဲ သိုင်းလောကကို နှောင့်ယှက်ဖျက်ဆီးဖို့ ပြန်ပေါ်ထွက်လာပြီကိုး ..."

ကျင်းတီက ...

"ဒီတစ်ခါတော့ နဂါးက မပိုင်ဘဲ ထွက်လာမှာ မဟုတ်ဘူး၊ သိုင်းလောကအရေး အတော်ကို ရင်လေးစရာ ကောင်းနေပြီဗျ"

ရသေ့ကြီး သက်ပြင်းချလိုက်သည်။

"ကျုပ်က သိုင်းလောကကို ကျောခိုင်းလိုက်ပါပြီ၊ ဒါကြောင့် ဘာမှ စွမ်းဆောင်နိုင်တော့မှာ မဟုတ်ပါဘူးလေ"

ကျင်းတီက ...

"ဒါကြောင့် ခင်ဗျားရဲ့ ပညာတွေကို နမြောဖို့ ကောင်းတယ်ဆိုပြီး ကျုပ် ယူကြုံးမရ ဖြစ်နေတာပေါ့ဗျာ၊ ခင်ဗျား သေရင် ခင်ဗျားနောက် ပါသွားမယ်၊ မြေကြီးထဲရောက်ပြီး ပျောက်ဆုံးသွားရတော့မှာပဲ၊ ဒီလို အလဟဿ အဖြစ်ခံမယ့်အစား အကျိုးရှိအောင် တစ်ခုခု

www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့ရင် ပို 'မကောင်းဘူးလား"

ရသေ့ကြီးက ...

"ကျုပ် ဘာလုပ်ပေးရမှာလဲ၊ ချင်းကိုးကို သင်ပေးခဲ့ရမှာလား၊ ကျုပ်က စိတ်ပါလက်ပါ သင်ပေးချင်တယ် ဆိုရင်တောင် သူက လက်ခံမှာ မဟုတ်ဘူးဆိုတာ ခင်ဗျား သိပါတယ်"

ကျင်းတိ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ကျုပ် သိတယ်၊ သူက လက်ခံမှာ မဟုတ်လို့ အတင်းအကြပ် သင်ပေးလို့လဲ ရမှာမဟုတ်ဘူး၊ ဒါပေမယ့် ခင်ဗျား သာ စေတနာ ထားမယ်ဆိုရင် အခြေခံနည်းလမ်း ပေးခဲ့သလို ခင်ဗျား ဆီက ပေးနိုင်တဲ့ အဖိုးမဖြတ်နိုင်တဲ့ အရာတစ်ခု ရှိပါသေးတယ်"

ရသေ့ကြီး သက်ပြင်းချလိုက်ပြန်သည်။

"ခင်ဗျားက အတင်းအကြပ်ကို တိုက်တွန်းနေတာကိုး၊ ကဲ ... ဘာများလဲ ပြောပါဦး"

ကျင်းတိက ...

"ခင်ဗျားရဲ့ အတွင်းအားပေါ့"

"ဘာ ..."

"သိုင်းရာဇာ ရှမ်းကုံးဟာ သိုင်းလောကရဲ့ အတွင်းအား အကောင်းဆုံး ထိပ်သီးသိုင်းသမား ဆယ်ယောက်ထဲမှာ ပါဝင်တယ် ဆိုတာ လူတိုင်းသိကြတယ်၊ ခင်ဗျား သေသွားရင် သိုင်းပညာကော အတွင်းအားပါ အလကားဖြစ်သွားမယ့် အတူတူ ချင်းကိုးကို ပေးလိုက် ရင် ကောင်းမယ်၊ အတွင်းအား ဆက်နည်းနဲ့ ခင်ဗျား ပေးလိုက်မယ် ဆိုရင် ချင်းကိုး ဘာမှသိလိုက်မှာ မဟုတ်ဘူး"

ရသေ့ကြီး တွေဝေသွားလေတော့သည်။

ကျင်းတိက ...



"အံ့ဩစရာ ကောင်းတယ်၊ ခင်ဗျားပြောသလို ရွေးရေစက်ပဲ၊ ကျုပ်က သိုင်းလောကမှာ နေလာတာကြာပြီ၊ ဘယ်သူ့ကိုမှ သဘော ကျမိတာ မဟုတ်ဘူး၊ ဘယ်သူနဲ့မှလည်း တည့်ခဲ့တာ မဟုတ်ဘူး၊ ခင်ဗျားလည်း ကျုပ်အကြောင်း သိတာပဲ၊ ချင်းကိုးနဲ့တွေ့မှ ဘယ်လို ဖြစ်မှန်း မသိပါဘူးဗျာ"

ရသေ့ကြီး သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ ... ချင်းကိုးကို ကျုပ် ကူညီမယ်"

ကျင်းတိ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"ခင်ဗျား ထကယ်ပြောတာနော်"

ရသေ့ကြီး ခေါင်းညိတ်လိုက်၏။

ကျင်းတိ ဝမ်းသာအားရ ဖြစ်သွားလေတော့သည်။

"ချင်းကိုးဟာ တစ်နေ့ သိုင်းလောကရဲ့ သူရဲကောင်းတစ် ယောက် ဖြစ်လာပါလိမ့်မယ်ဗျာ၊ သူ့ကို ကူညီမိလို့ ကျုပ်တို့နှစ် ယောက် နောင်တရ ရမှာမဟုတ်ပါဘူး၊ ကဲ ... အချိန်ရှိတုန်း ချင်းကိုး ဆီကို သွားကြရအောင်လားဗျာ"

"ကောင်းပြီ ..."

ရသေ့ကြီးက သဘောတူလိုက်လေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

# ပွဲတွေ့

ည...။

ကောင်းကင်ပေါ်၌ လဝန်း ထိန်ထိန်သာနေသည်။

ကြယ်ကလေးများကလည်း လဝန်းကို ခြံရံကာ လင်းလ တောက်ပနေသည်။

ချင်းကိုးသည် ကောင်းကင်ပေါ်မှ လဝန်းကို မော့ကြည့်ရ အိမ်ကို လွမ်းဆွတ်သောစိတ်များ ဖြစ်ပေါ်လာ၏။

အိမ်တွင် မိဘနှစ်ပါးနှင့် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ခဲ့ များ၊ ပူပင်သောကဟူ၍ ဘာတစ်ခုမှ မရှိခဲ့ပုံများ။

ယခုတော့ ချင်းကိုး ဝမ်းနည်း ကြေကွဲလာသည်။

"ဒုစရိုက်သမားတွေ လူဆိုး ဓားပြတွေကို ဆုံးမနှိမ်နင်းနိုင် ငါ့လို ဝမ်းနည်းကြေကွဲမှု ခံစားရသူတွေ လျော့ပါးသွားမှာပဲ၊ ရှ ရမယ်၊ သူတို့ကို ဆုံးမရမယ်"

ဒုစရိုက်သမားများ၊ လူဆိုး ဓားပြများအား သုတ်သင် ရှင်း ပစ်နိုင်ဖို့ သူ့တွင် သိုင်းပညာရှိမှ ဖြစ်မည်။

အခြေခံ သိုင်းပညာ လမ်းညွှန်စာအုပ်ကို ပေးခဲ့သည့် ရသေ့ ကို ကျေးဇူးတင်မိသည်။



သိုင်းပညာ လေ့ကျင့်မည်ဆိုသော်လည်း မည်သည့်နေရာမှ စတင် လေ့ကျင့်ရမည်ကို ချင်းကိုး မသိပါ။

ရသေ့ကြီး၏ လမ်းညွှန် စာအုပ်လေးကြောင့်သာလျှင် အစစ အရာရာ အဆင်ပြေ ချောမွေ့သွားခြင်း ဖြစ်သည်။

လူထူးဆန်းကြီး ကျွင်းတိ၏ ကျေးဇူးလိုလည်း ချင်းကိုး ဘယ်သောအခါမှ မေ့သွားမည် မဟုတ်ပါ။

ကျွင်းတိက နယ်စားကြီး၏ သိုင်းကျမ်းသေတ္တာကို ရှာဖွေပေးခဲ့သည်။

သိုင်းကျမ်းများထဲမှ အကောင်းဆုံး ဆိုသည်ကို ရွေးချယ်ပေးခဲ့သည်။

တဖန် ...

သိုင်းကျမ်းများကို ဖတ်ရှုလေ့လာကာ အနှစ်ချုပ် ထုတ်ယူပုံ သိုင်းကွက်များ ပေါင်းစပ်ပုံ သဘောတရားများ ပြောပြခဲ့သည်။

မြစ်ဝါမြစ်သို့ သွားမည်ဆိုခြင်းမှာလည်း သူတစ်ယောက်တည်း အေးချမ်းစွာ လေ့ကျင့်နိုင်ရန် ရှောင်ထွက်သွားခြင်း ဖြစ်ကြောင်း ချင်းကိုး နားလည်ထားသည်။

ချင်းကိုးသည် အတန်ကြာအောင် တွေဝေ ငေးမောနေပြီးမှ အတွေးများကို ဖြတ်တောက်ပစ်လိုက်လေသည်။

သူ့အတွက် အိပ်ချိန်၊ စားချိန်မှအပ ကျန်သည့်အချိန်တိုင်းသည် သိုင်းလေ့ကျင့်ဖို့ မဟုတ်ပါလား။

ချင်းကိုးသည် အိမ်ပျက်ကြီးရှေ့ မြေကွက်လပ်၌ သိုင်းလေ့ကျင့်လိုက်သည်။

သိုင်းကျမ်းများမှ အကောင်းဆုံး သိုင်းကွက်များ ရှာဖွေ ရွေး ထုတ်ကာ အနှစ်ချုပ် ထုတ်နုတ်ပြီး ပေါင်းစပ်ကာ ကိုယ်ပိုင်ဉာဏ် ဖြင့် သိုင်းကွက်တီထင်ပြီး လေ့ကျင့်နေခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပညာနှင့် ပတ်သက်လာလျှင် ဘာဆိုဘာမှ မသိ… အစိမ်းသက်သက် ဖြစ်နေသည့်တိုင် ပင်ကို ပါရမီရှိခြင်း၊ ဉာဏ်… ထက်မြက်ခြင်းနှင့် ရသေ့ကြီး၏ လမ်းညွှန်စာအုပ် ရှိနေခြင်းကြော… သိုင်းကွက်အချို့ကို လိုက်လျောညီထွေစွာ တီထွင်နိုင်ခဲ့သည်။

သိုင်းကွက်တို့၏ သဘောသဘာဝ အနှစ်သာရနှင့် သိုင်းဖျာ… ခြင်း ပေါင်းစပ်ပုံ သဘောတရားများကို ကျင်းတိကလည်း ရှင်းလ… ပြောပြခဲ့သည် မဟုတ်ပါလား။

"ယား …"

ချင်းကိုးက ညာသံပေးကာ သူတီထွင်ထားသော သိုင်းကွ… များကို လေ့ကျင့်လိုက်သည်။

သူ၏ လှုပ်ရှားမှုမှာ ဝါရင့် သိုင်းသမားတစ်ယောက်၏ … ရှားပုံမျိုး ဖြစ်နေသည်။

သူ လေ့ကျင့်နေသော သိုင်းကွက်များသည်လည်း ထက်မြ… ရှိနေသည်။

သို့သော် …

သိုင်းကွက်များကို လေ့ကျင့်တိုင်း လိုအပ်ချက်တစ်ခုခု … သည်ဟု ခံစားနေရလေသည်။

မည်သို့သော လိုအပ်ချက် ဖြစ်သည်ကိုမူ စဉ်းစား၍… ချင်းကိုးမှာ အားမလိုအားမရဖြင့် ပို၍ ကြိုးစားကာ လေ့… နေပါသည်။

❖ ❖ ❖

လသာနေသော်လည်း တောအုပ်ထဲ၌ အမှောင်ရိပ်များ … နေပါသည်။

သစ်ပင်တစ်ပင် နောက်ကွယ်၌ လူနှစ်ယောက် ရှိနေ…



ထိုလူနှစ်ယောက်သည် သစ်ပင် နောက်ကွယ်မှနေ၍ အိပ်ပျက်ကြီးရှေ့ မြေကွက်လပ်၌ သိုင်းလေ့ကျင့်နေသည့် ချင်းကိုးအား အကဲခတ် ကြည့်နေကြသည်။

ကျင်းတီနှင့် ရသေ့ကြီးတို့ပင်တည်း။

အတန်ကြာ အကဲခတ်ကြည့်ပြီးမှ ကျင်းတီက မေးလိုက်သည်။

သူ လေ့ကျင့်နေတာကို ခင်ဗျား ဘယ်လိုမြင်သလဲဗျ"

ရသေ့ကြီးက …

"မဆိုးပါဘူး၊ တစ်ခုခု လိုအပ်နေသလိုတော့ ရှိတယ်"

ထိပ်သီးသိုင်းသမားကြီးပီပီ အခြေအနေကို ချက်ချင်း သဘောပေါက်လိုက်သည်။

ကျင်းတီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒီကောင်လေးဟာ ကိုင်ပိုင်ဉာဏ်စွမ်း ဉာဏ်စနဲ့ ဒီအခြေအနေ ရောက်အောင် ကြိုးစားနိုင်ခဲ့တာကို ချီးကျူးရမှာပဲ၊ သူ့ရဲ့ သိုင်းကွက်မှာ လိုအပ်ချက် တစ်ခုခုရှိနေတာကို ကျုပ် သတိပြုမိတယ်၊ အတွင်းအားမရှိလို့ ဖြစ်ရမယ်လို့ တွက်ဆပြီး ခင်ဗျားဆီကို ထွက်လာခဲ့တာပဲဗျ"

ရသေ့ကြီးက ကျင်းတီ၏စကားကို လက်ခံသည်။

"ဖြစ်နိုင်ပါတယ်၊ တချို့ သိုင်းကွက်တွေဟာ အတွင်းအား ထည့်သွင်း အသုံးပြုမှ ထက်မြက်တတ်တဲ့ သဘောရှိတာပဲ၊ ချင်းကိုးမှာ အတွင်းအား ပြည့်စုံသွားရင် အခြေအနေ ပြောင်းလဲသွားမှာပါ"

ကျင်းတီ ကျေနပ်သွားလေ၏။

"ခင်ဗျားဟာ လူတော်လူကောင်း တစ်ယောက်ကို သိုင်းလောကအတွက် ပြုစုပျိုးထောင် ပေးနိုင်ခဲ့ပြီလို့သာ မှတ်ယူထားလိုက်ပေတော့ဗျို့"

www.burmeseclassic.com

www.burmeseclassic.com



ချင်းကိုးသည် ညနက်သည်အထိ သိုင်းလေ့ကျင့်ပြီးမှ လေ့ကျင့်မှုကိုရပ်ကာ အိမ်ပျက်ကြီးအတွင်းသို့ ဝင်သွားလေတော့သည်။

ရသေ့ကြီးနှင့် ကျင်းတီတို့က စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေလိုက်ကြသည်။

အတော်လေးကြာမှ ...

"ဒီလောက်ဆိုရင် စိတ်ချရပြီ ထင်ပါတယ်"

ကျင်းတီက ပြောလိုက်သောခါ ရသေ့ကြီးက ပြုံးလိုက်သည်။

"သူ အိပ်မပျော်သေးရင်လည်း အိပ်ပျော်သွားစေမယ့် ဆေးလမ်း ကျွပ်မှာ ရှိပါတယ်၊ ဘာမှ မပူပါနဲ့"

"ဒါဖြင့် သွားကြစို့ ..."

"ကောင်းပြီ"

နှစ်ယောက်သား သစ်ပင်နောက်ကွယ်မှ ထွက်ကာ အိမ်ပျက်ကြီးအနီးသို့ တိတ်တဆိတ် ချဉ်းကပ်သွားလိုက်ကြလေတော့သည်။

❖ ❖ ❖

"အောက် ... အီး ... အီး ... အွတ် ..."

ကြက်တွန်သံများ ဟိုမှဒီမှ ထွက်ပေါ်လာသည်။ တောကြက်တွန်သံများသာတည်း။

အရှေ့ဘက်တွင် အရုဏ်ဦး၏ ရောင်နီများ ထွက်ပေါ်လာသည်။

မကြာမီ ...

မိုးစင်စင် လင်းတော့မည်ဖြစ်သည်။

"ဝါး ..."

ချင်းကိုးသည် ဝါးခနဲ သမ်းဝေကာ အိပ်ရာမှ နိုးလာလေ၏။

ယနေ့ ...



အိပ်ရာမှ နိုးလာသည်နှင့် ထူးခြားမှု တစ်ခုခု ရှိနေသည်ဟု ခံစားလိုက်ရသည်။

သူသည် ဘစ်ကိုယ်လုံး ပေါ့ပါးကာ ခွန်အားများ ပြည့်ဖြိုးနေသည်ဟု ခံစားရခြင်း ဖြစ်သည်။

အိပ်ရေးဝဝ အိပ်လိုက်ရသဖြင့် ခွန်အားပြည့်ဖြိုးကာ လန်းလန်းဆန်းဆန်း ဖြစ်နေခြင်းဟု သဘောထားလိုက်သည်။

အိပ်ရာမှထကာ အိမ်ပျက်ကြီး အပြင်ဘက်သို့ ထွက်ခဲ့သည်။

အိမ်ပျက်ကြီးနှင့် မလှမ်းမကမ်း၌ စမ်းချောင်းလေးတစ်ခု ရှိနေပါသည်။

ချင်းကိုးသည် ထိုစမ်းချောင်းလေးသို့ သွားကာ မျက်နှာသစ်ကိုယ်လက် သန့်စင်လိုက်သည်။

ထို့နောက် ...

စမ်းချောင်းလေး နံဘေး၌ပင် သိုင်းလေ့ကျင့်လိုက်လေသည်။

သူ၏ ခြေလက်များ လှုပ်ရှားလိုက်သည်နှင့် ...

"ဟူး ... ဟူး ..."

လေတိုးသံများ ထွက်ပေါ်လာလေသည်။

အနီးပတ်ဝန်းကျင်၌ ရှိနေသော ချုံပုတ်ကလေးများမှာ လေပြင်း တိုက်ခတ်ခြင်း ခံလိုက်ရသည့်အလား လှုပ်ယမ်းသွားသည်။

"ဟင် ..."

ချင်းကိုး ရင်ထိတ်သွား၏။

သိုင်းလေ့ကျင့်မှုကို ရပ်ကာ ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်သည်။

လူသူ တစ်စုံတစ်ယောက်မှ မတွေ့ရပါ။

လေတိုက်ခတ်ခြင်းလည်း မရှိပါ။

ချင်းကိုး အံ့ဩနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"လေးမတိုက်ဘဲ ချုံပုတ်တွေက ဘာကြောင့် ဒီလောက်ထော လှုပ်ယမ်းသွားရတာလဲ"

ချုံပုတ်များ လှုပ်ယမ်းသွားရသည့် အကြောင်းရင်းကို မတွေ့ရဘဲ ဖြစ်နေသည်။

အတန်ကြာသည့် တိုင်အောင် စဉ်းစားမရသဖြင့် ဆက် စဉ်းစားမနေတော့ဘဲ သိုင်းဆက်ပြီး လေ့ကျင့်လိုက်လေသည်။

ယနေ့အဖို့ ...

သိုင်းလေ့ကျင့်ရသည်မှာ အလွန်ပေါ့ပါး သွက်လက်စွာ နေပါသည်။

အားကြီးမာန်တက် စိတ်တိုင်းကျ လေ့ကျင့်၍ ရသည်ဟု ခံစားရသည်။

သို့သော် ...

သူ၏ သိုင်းကွက်များတွင် လိုအပ်ချက် တစ်ခုခု ရှိနေသည် သော ခံစားချက်ကမူ ပျောက်ကွယ်မသွားချေ။

ကြာသော် ဆရာမပြ နည်းမကျ ဆိုသကဲ့သို့ ချို့ယွင်းချက် ရှိနေသည်ဟူ၍ တစ်ထစ်ချ ခံယူထားလိုက်လေတော့သည်။

"ယား ..."

ချင်းကိုးသည် မြေပေါ်ခြေဆောင့်ကာ အပေါ်ခုန်တက်ပြီး ထဲ၌ လက်ဝါးရိုက်ထုတ်လိုက်သည်။

အားယူ လှုပ်ရှားလိုက်သည်နှင့် အံ့သြစရာ ကောင်းသော အောင်ပင် သူ၏ခန္ဓာကိုယ်သည် လေထဲသို့ ဝေ့ခနဲ မြောက်တက် လေသည်။

လက်ဝါးရိုက်ထုတ်လိုက်သော အရှိန်ကြောင့် ...

"ဟူး ... ဟူး ... ဟူး ..."

လေတိုးသံများ တဟူးဟူးမြည်သံ ထွက်ပေါ်လာပြီး ...



"ဖျောင်း ..."

သစ်ကိုင်းတစ်ကိုင်းမှာ ဖျောင်းခနဲမြည်ကာ ထက်ပိုင်း ကျိုးကျ လေတော့သည်။

"ဟာ ..."

ချင်းကိုး အံ့သြနေပြီး လေထဲမှ ခြေကားလျား လက်ကားလျား မြေပေါ်သို့ ပြုတ်ကျသွားတော့သည်။

"ဝုန်း ..."

ချင်းကိုးသည် နာကျင်မှုကို အမှုမထားအားဘဲ ကပျာကယာ လိမ့်ထလိုက်သည်။

ကျိုးကျသွားသော သစ်ကိုင်းကို မျက်လုံးပြူးကာ ကြည့်လိုက် သည်။

တစ်ဖန် သူ၏ လက်ဝါးကို ငုံ့ကြည့်လိုက်လေသည်။

"ဒါ ... ဒါ ... တကယ်ပဲလား"

သူက အားယူကာ မြေပေါ် ခြေဆောင့်လိုက်သည်နှင့် အံ့သြ ကောင်းအောင် အပေါ်ကြွတက်ကာ လေထဲရောက်သွားသည်။

သူ၏လက်ဝါးကို ရိုက်ထုတ်လိုက်လျှင်လည်း ပြင်းထန်သော င်အားတစ်ခု ထွက်ပေါ်လာကာ တဟူးဟူးမြည်၍ သစ်ကိုင်းထက် း ကျိုးသွားစေသည် မဟုတ်ပါလား။

မယုံကြည်နိုင်စရာ ကောင်းသော အဖြစ်အပျက်နှင့် ကြုံတွေ့ က်ရခြင်း ဖြစ်လေတော့သည်။

ချင်းကိုးက လက်ဝါးတစ်ဖက် ဆန့်ထုတ်ကြည့်လိုက်သည်။

"ဟူး ..."

ချင်းကိုးသည် သူ၏ ခန္ဓာကိုယ်တွင်း၌ ကြောက်မက်ဖွယ်ကောင်း အောင် ကြီးမားပြင်းထန်သော အင်အားများ ကိန်းအောင်းနေပြီ ကြောင်း တွေးလာမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုဟို ဒီဒီ ကြည့်လိုက်သောအခါ မလှမ်းမကမ်း၌ ကျောက်တုံး တစ်တုံး ရှိနေသည်ကို တွေ့ရ၏။

ချင်းကိုးက စိတ်မြန်လက်မြန်ဖြင့် ကျောက်တုံးအနီးသို့ လှမ်း သွားပြီး လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

"ဝုန်း ..."

ကျယ်လောင်သောအသံ ထွက်ပေါ်လာကာ ကျောက်တုံးကြီး မှာ အစိတ်စိတ်အမွှာမွှာ ကွဲအက်ကြေမွသွားလေတော့သည်။

"ဟူး ..."

ချင်းကိုး ကပျာကယာ နောက်သို့ ခုန်ဆုတ်လိုက်၏။

သူ၏ ယူဆချက် မှန်ကန်သွားချေပြီ။

"ငါ့ရဲ့ ခန္ဓာကိုယ်ထဲမှာ ခွန်အားတွေ ဘယ်လိုကြောင့် ဖြစ်ပေါ် လာရတာလဲ"

မည်သို့မျှ စဉ်းစားမရပါ။

ချင်းကိုး သိုင်းပညာကို ဆက်၍ မလေ့ကျင့်နိုင်တော့ဘဲ အိမ် ပျက်ကြီးဆီသို့ ပြန်လာမိခဲ့သည်။

အိမ်ပျက်ကြီးနှင့် မလှမ်းမကမ်းသို့ ရောက်လာသောအခါ အော် ပြောသံတစ်သံကို ကြားလိုက်ရသည်။

"မြန်မြန် လာဟေ့ ..."

အသံနှင့်အတူ လူတစ်စု ပြေးလွှားလာနေသည်ကို တွေ့လိုက် ရလေသည်။

ထိုလူများမှာ နယ်စားကြီး၏ သိုင်းကျမ်းသေတ္တာကို လာ ရောက် ရှာဖွေကြသည့် သိုင်းသမားများ ဖြစ်ကြသည်။ ချင်းကိုးလည်း ခြေလှမ်းရပ်ကာ ကြောင်အမ်းအမ်းဖြင့် ကြည့်နေစဉ် သိုင်းသမားများ လည်း သူ့အား တွေ့မြင်သွားကြသည်။

"ဟေ့ ... မင်းက ဘယ်သူလဲ"



"ဒီမှာ ဘာလုပ်နေတာလဲ"

"မင်း တစ်ယောက်တည်းလား၊ အဖော်မပါဘူးလား"

တစ်ယောက်တစ်ပေါက် မေးမြန်းရင်း အနီးသို့ ရောက်ရှိလာ ခဲ့ပြီး ဝိုင်းရံထားလိုက်ကြသည်။

ချင်းကိုး ရင်ထိတ်နေသည်။

ရုတ်တရက် ...

မည်သို့ ပြန်ပြောရမှန်းမသိ ဖြစ်နေသည်။

ဝိုင်းရံထားသူများအနက် တစ်ယောက်က မေးသည်။

"မင်းလည်း ဒီနေရာကိုလာပြီး နယ်စားကြီးရဲ့ သိုင်းကျမ်းကို လာရှာတာ မဟုတ်လား"

ချင်းကိုး ခေါင်းညိတ်ကာ အမှန်အတိုင်း ပြောလိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျာ"

ထိုလူများ အချင်းချင်း ကြည့်လိုက်ကြသည်။

တစ်ဖန် ...

"ဒီကောင်လေးကလည်း သိုင်းကျမ်းသေတ္တာကို လာရှာတာ ပဲကွ"

"တို့နဲ့ အကြံချင်း တူနေပြီ"

"အကြံချင်းတူတော့ ရန်သူပေါ့ကွာ"

ထိုလူများသည် ချင်းကိုးဘက်သို့ ပြန်လှည့်လိုက်ကြသည်။

သိုင်းကျမ်းသေတ္တာ ဘယ်ဆီနေမှန်း ထိုလူများမသိကြသေးပါ။

သို့သော် သိုင်းကျမ်းသေတ္တာနှင့် ပတ်သက်၍ လောဘဇော တတ်ကာ ချင်းကိုးအား ရန်ပြုကြတော့မည် ဖြစ်သည်။

ထိုလူများ ရန်မူမည့်အသွင် ရှိနေသည်ကို တွေ့လိုက်ရလျှင် ချင်းကိုး မျက်နှာပျက်သွားသည်။

"ကျုပ် သွားပါရစေဗျာ"

www.burmeseclassic.com



ထွက်သွားရန် ဟန်ပြင်လိုက်သည်။

ထိုလူများက ခွင့်မပြုကြချေ။

"မင်း ဒီအတိုင်း ထွက်သွားလို့ ရမလား"

"ချက္ကာ ..."

ချက်ချင်းပင် ညာသံပေးကာ ချင်းကိုးအား တိုက်ခိုက်လိုက်ကြလေသည်။

ငယ်စဉ်ကပင် တစ်ကြိမ်တစ်ခါမှ ခိုက်ရန်မဖြစ်ဖူးဘူးသော ချင်းကိုးသည် လက်တွေ့ တိုက်ပွဲနှင့် ရင်ဆိုင်လိုက်ရသောအခါ ထိတ်လန့်သွားသည်။

"ခင်ဗျားတို့ မတရား မလုပ်နဲ့"

အော်ပြောရင်း နောက်ဆုတ်လိုက်သည်။

ထိုလူများမှာ ချင်းကိုးအား အနိုင်ရမည်ဟု တွက်ခါထားကြပြီး တဟားဟား ရယ်မောလိုက်ကြသည်။

"ခွေးကောင်လေး ကြောက်နေပြီ"

"ထွက်ပြေးတော့မယ်ကွ"

"မြန်မြန် ဆုံးမလိုက်ကြစမ်းပါ"

အနိုင်ရလျှင် ပို၍ အနိုင်ယူလိုသည်မှာ လူတို့၏ သဘာဝပင် ဖြစ်သည်။

ချင်းကိုးအား ဆုံးမမည်ဟု တစ်ယောက်က ရှေ့တိုးလာသည်။

"မလောက်လေး မလောက်စားနဲ့ သိုင်းကျမ်းသစ္စာကို ရှာချင်သေးတယ်၊ သိုင်းကျမ်းတော့ မရဘူး၊ ငါ့လက်သီးပဲ ရမယ်"

အော်ငေါက်ပြီး ချင်းကိုး၏မျက်နှာဆီသို့ လက်သီးတစ်လုံး ပစ်သွင်းလိုက်လေသည်။

ကျန်လူများက တဟားဟား တဝါးဝါး ရယ်မောနေကြပေသည်။



ချင်းကိုးမှာ မဟုတ်မခံစိတ်ရှိသူ ဖြစ်သည်။

ထိုလူများက အကြောင်းမဲ့ မတရားလုပ်လာသည်ကို ခေါင်းငုံ့ခံလိုချေ။

ထို့ကြောင့် ...

"ခင်ဗျား မတရားမလုပ်နဲ့"

အော်ဟစ်ကာ လက်ဝါးရိုက်ထုတ်လိုက်သည်။

ရန်သူကို ရင်ဆိုင်ဖို့ သိုင်းလေ့ကျင့်ထားခြင်း ဖြစ်သည်။

မတရား အနိုင်ကျင့်လိုသူများနှင့် ရင်ဆိုင်နေရသဖြင့် လေ့ကျင့်ထားသော သိုင်းပညာကို ထုတ်ဖော် အသုံးပြုလိုက်ခြင်း ဖြစ်သည်။

ချင်းကိုးက လက်ဝါး ရိုက်ထုတ်လိုက်သည်နှင့် ...

"ဟူး ..."

လေတိုးသံ ထွက်ပေါ်လာ၏။ မမြင်ရသော လေဝှေ့လှိုင်းများသည် ထိုလူထံသို့ တိုးဝင်သွား လေတော့သည်။

"ဝုန်း ..."

"အား ..."

ထိုလူများ အထိတ်တလန့် အော်ကာ အသေးသို့ လွင့်စဉ်သွားလေတော့သည်။

"ဟင် ..."

"ဟာ ..."

ချင်းကိုးအား အနိုင်ကျင့်ဖို့ ကြိုးစားနေကြသူများမှာ အံ့သြသွားကြသည်။

ချင်းကိုးအားလည်း မယုံကြည်နိုင်အောင် ဖြစ်သွားပြီး ငေးမောကြည့်မိကြလေ၏။

ချင်းကိုးသည်လည်း ကိုယ့်ကိုကိုယ် မယုံနိုင်အောင် ဖြစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ လက်ဝါးရိုက်ချက် ဤမျှ ပြင်းထန်နေလိမ့်မည်ဟု မထင်မိချေ။

ယခုတော့ သူ့အထင် မှားနေလေပြီ။

ချင်းကိုး၏ လက်ချက်မိသွားသူမှာ မြေပေါ်လဲကျကာ သတိလစ်မေ့မျောနေပြီ ဖြစ်သည်။

ဒီထက် အားအနည်းငယ် ထုတ်လိုက်လျှင် သူ သေသွားမည် ဖြစ်သည်၊

ထိုလူများသည် ခံလိုက်ရသော အဖော်ဖြစ်သူကို တစ်လှည့်၊ ချင်းကိုးကိုတစ်လှည့် ကြည့်နေကြပြီးမှ သက်ဝင်လာကြသည်။

"ဒီကောင် စော်ကားတာကို ခေါင်းငုံ့ခံမနေကြနဲ့ဟေ့"

"ချကွာ ..."

"သေဖို့ ပြင်ထား"

တစ်ယောက်တစ်ပေါက် အော်ငေါက်ကာ တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လာကြလေတော့သည်။

အများနှင့်တစ်ယောက် ဖြစ်သော်လည်း အံ့သြစရာကောင်းလောက်အောင်ပင် ချင်းကိုး၏ ရင်ထဲမှာ ကြောက်ရွံ့ထိတ်လန့်မှုစိုးရွံ့မှုများ ပျောက်ကွယ်နေပြီ ဖြစ်သည်။ လေ့ကျင့်ထားသော သိုင်းပညာကို ယုံကြည်မှု ရှိသွားပြီ ဖြစ်သည်။

ထို့အပြင် ...

သူက မတရားမှုကို တွန်းလှန်ရသည်ဖြစ်၍ သိုင်းပညာအသုံးပြုကာ ခုခံတိုက်ခိုက်ရခြင်းသည် မှန်ကန်သော လုပ်ရပ်ဟု ခံယူထားလိုက်ပြီ ဖြစ်ပါသည်။

ချင်းကိုးသည် လက်ဝါးနှစ်ဖက်ကို အသုံးပြုကာ လေ့ကျင့်ထားသော သိုင်းကွက်များကို ထုတ်ဖော်လိုက်လေသည်။

"ဟူး ... ဟူး ... ဟူး ..."



လေတိုးသံများ ထွက်ပေါ်လာ၏။

ပြင်းထန်သော လေပွေလှိုင်းများသည် ဝိုင်းရံတိုက်ခိုက်လာကြသူများအား အဝေးသို့ လွင့်စဉ်သွားစေတော့သည်။

"ဝုန်း ..."

"အား ..."

"အမယ်လေး ..."

"သေပါပြီဗျ ..."

စူးရှကျယ်လောင်သော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

ထိုလူများ၏ အဖော်ဖြစ်ပြီး ပါဝင်တိုက်ခိုက်ခြင်း မပြုဘဲ ခပ်လှမ်းလှမ်းမှ ရပ်နေသူ တစ်ယောက်က ...

"ငါတစ်ယောက်လုံး ရှိနေသေးတယ်ကွ"

အော်ပြောရင်း ဓားတစ်လက် ဆွဲထုတ်ကာ ပြေးဝင်လာ၏။

ထိုလူ၏ လက်ထဲတွင် ဓားပါလာသော်လည်း ချင်းကိုး မကြောက်တော့ပေ။

သိုင်းလေ့ကျင့်ထားသည့်အတိုင်း ခုတ်ချလာသော ဓားချက်များကို ခန္ဓာကိုယ် ယိမ်းနွဲ့ကာ ရှောင်တိမ်းပေးလိုက်ပြီး ...

"ယား ..."

ညာသံပေးကာ ခြေထောက်ဖြင့် ကန်ကျောက်ပစ်လိုက်၏။

"ဝုန်း ..."

ထိုသူလည်းလည်း လူတခြား ဓားတခြားဖြစ်ကာ အဝေးသို့ လွင့်စဉ်သွားတော့သည်။

သိုင်းကျမ်းသေတ္တာရှာဖို့ လာကြသူများသည် လူများပြီး သိုင်းပညာတတ်မြောက်ထားကြသော်လည်း ချင်းကိုးအား မယှဉ်နိုင်ဘဲ မရှုမလှ အရေးနိမ့်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆက်၍ ရင်မဆိုင်ဝံ့ကြတော့ဘဲ သတိလစ် မေ့မျောနေသူကို သယ်ဆောင်ကာ ဒရောသောပါး ထွက်ပြေးသွားကြလေတော့သည်။

ချင်းကိုးက ငှုငှုကြီး ရပ်နေမိလေသည်။

သူ့အား အနိုင်ကျင့်ဖို့ ကြိုးစားသူများအား မောင်းထုတ်နိုင်ခဲ့ပြီ ဖြစ်သော်လည်း ဝမ်းမသာနိုင်သေးဘဲ အံ့ဩစိတ်ဖြင့် ငှုငှုကြီး ရပ်နေမိခြင်း ဖြစ်သည်။

အတန်ကလေးကြာမှ သတိဝင်လာသည်။

သူ၏ မျက်နှာ ပြုံးရွှင်သွားသည်။

ယခုမှ ...

ဝမ်းသာအားရ ဖြစ်လာသည်။

"ဟေး ..."

ကျယ်လောင်စွာ အော်ဟစ်လိုက်လေသည်။

သူ၏ အသံကြောင့် ဝန်းကျင်တစ်ခုလုံး တုန်ခါသွားသည်ဟု ထင်လိုက်ရသည်။

ချင်းကိုး၏ အသံသည် ခြင်္သေ့ဟိန်းသံဟုပင် ထင်မှတ်ရလေတော့သည်။

"ချချိန်ကစပြီး ငါ့ကို ဘယ်သူမှ စော်ကားလို့ မရတော့ဘူး"

အနိုင်ကျင့်စော်ကား ဒုက္ခပေးလာသူများအား ခုခံကာကွယ်သွားမည်ဖြစ်ပြီး မတရားမှုများကို လက်ပိုက်ကြည့်မနေဘဲ ရင်ဆိုင်ဖြေရှင်းနိုင်တော့မည် ဖြစ်ပါသည်။

ချင်းကိုးသည် မြေပေါ်၌ ကျနေသော ဓားကို ကောက်ယူလိုက်သည်။

တစ်ခုခု လိုအပ်နေသေးသည်ဟု စိတ်တိုင်းမကျ ဖြစ်နေသည့်တိုင် သူတတ်မြောက်ထားသော သိုင်းကွက်များမှာ ထိရောက်မှု ရှိနေပါသည်။



ထို့ကြောင့် ...

ရှေ့ဆက် လေ့ကျင့်သွားဖို့ အားတက်နေခြင်း ဖြစ်ပါသည်။

ချင်းကိုးသည် သိုင်းသမားများ ကျကျန်ရစ်ခဲ့သော ဓားကို သိမ်းဆည်းကာ အိပ်ပျက်ကြီးထဲ ဝင်လာခဲ့လေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၁)

## အတားအဆီးလို ကျော်ဖြစ်ခြင်း

မြို့တော်ဘက်၌ ဘုံကျောင်းတစ်ခု ရှိနေသည်။

ဘုံကျောင်းလေးရှေ့၌ ဒုက္ခိတ အဘိုးအိုတစ်ယောက်က လာ ရောက်ဝတ်ပြုသူများအား တောင်းရမ်းနေ၏။

နေအတော်ကလေး မြင့်လာသောအခါ ချောမောလှပသော မိန်းကလေးတစ်ယောက် ရောက်ရှိလာသည်။

ပေ့ဝှာ ဖြစ်ပါသည်။

ဒုက္ခိတက ခွက်ကို တကျောက်ကျောက်မြည်အောင် ခေါက်ကာ တောင်းရမ်းနေသည်။

ပေ့ဝှာသည် ရွှေတုံးကလေးတစ်တုံး နှိုက်ယူကာ ခွက်ထဲသို့ ထည့်ပေးလိုက်သည်။

"ကျောက် ..."

ရွှေတုံးကလေး ခွက်ထဲ ရောက်လာသည်ကို မြင်လျှင် ဒုက္ခိတ ကြောင်အမ်းအမ်း ဖြစ်သွားရလေသည်။

ပေ့ဝှာကို မော့ကြည့်လိုက်သည်။

"နောက်ထပ် ဒီလို ရွှေတုံးကလေးတွေ ရမယ်ဆိုရင် ရှင် မလိုချင်ဘူးလား"



"ဟင် ..."

ဒုက္ခိတ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"မိန်း ... မိန်းကလေး သဘောကောင်းလှချည်လား၊ ကျုပ်ကို ပေးမလို့လား"

ပေ့ဝှာ ခေါင်းညိတ်လိုက်သည်။

"ကျွန်မ သိချင်တာလေးတွေကို ပြောပြမယ်ဆိုရင် ရှင့်ကို ပေးရမှာပေါ့"

"ဟာ ..."

ဒုက္ခိတ မျက်နှာပျက်သွားသည်။

ကပျာကယာ နောက်ဆုတ်လိုက်သည်။

"ကျုပ် ... ကျုပ် ဘာမှ မသိဘူး ... မသိဘူး ..."

အလန့်တကြားပြောပြီး ထွက်သွားရန် ဟန်ပြင်လိုက်သည်။

ပေ့ဝှာက ဟန့်တားလိုက်လေ၏။

"ရှင် သွားလို့ မဖြစ်သေးဘူး၊ ရှင် သိလျက်နဲ့ မပြောဘဲနေရင် ဘာကယ်လို့ ဗိုင်းဖြူမင်းသားလေးနဲ့ ကျွန်မ ဆုံတွေ့မိခဲ့ရင် ရှင့် အကြောင်း ပြောပြလိုက်မယ်၊ ဒါဆိုရင် သူက ရှင့်ကို ခွင့်လွှတ်မှာ မဟုတ်ဘူးရှင့်"

ဒုက္ခိတ ဘာပြောရမှန်း မသိဘဲ ဖြစ်သွားသည်။

ပေ့ဝှာကို မျက်လုံးပြူးကာ ကြည့်ရှုလိုက်သည်။

"မင်း ... မင်းက ဗိုင်းဖြူ မင်းသားလေးနဲ့ သိနေတယ် ဟုတ်လား"

"ဟုတ်တယ် ... ကျွန်မမှာ အရေးကြီးတဲ့ ကိစ္စတစ်ခုရှိနေတယ်၊ ဒါကြောင့် သူနဲ့ အမြန်ဆုံး တွေ့ရမှ ဖြစ်မယ်"

ဒုက္ခိတသည် ဘာမှမပြောဘဲ ပေ့ဝှာအား အကဲခတ်သည်။

ပေ့ဝှာက ...

www.burmeseclassic.com

www.burmeseclassic.com



"ဖိုးဖြူမင်းသားလေး ဘယ်မှာရှိတယ်ဆိုတာ ပြောပြပါရှင်"

ဒုက္ခိတ ခေါင်းခါယမ်းလိုက်သည်။

"မင်း လိမ်ပြောနေတာ"

"ဘာရှင့် ..."

"ဖိုးဖြူမင်းသားလေးနဲ့ သိတယ်ဆိုတာ မင်း လိမ်ပြောနေတာပဲ၊ ကျုပ် ဘာကြောင့် မရိုပ်မိရမှာလဲ"

ပေ့ဟ္ဟား သက်ပြင်းချလိုက်သည်။

"ဟုတ်ပါတယ်ရှင် ... ကျွန်မမှာ အခက်အခဲ ရှိနေတယ်၊ ဖိုးဖြူမင်းသားလေးရဲ့ အကူအညီရမှ ဖြစ်မယ်၊ ဒါကြောင့် သူနဲ့ တွေ့ချင်နေတာပါရှင်"

ဒုက္ခိတသည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ပြီး လေသံကို ကာ နှစ်ကိုယ်ကြား ပြောလေသည်။

"မင်းက ကြေးစားဟ္ဟားချင်တာလား"

ပေ့ဟ္ဟား ခေါင်းညိတ်လိုက်သည်။

"အမှန်ပါပဲရှင်"

"ဟား ... ဟား ... ဟား ..."

ဒုက္ခိတ သဘောကျစွာ ရယ်မောလိုက်လေသည်။

"ဒီလို ပွင့်ပွင့်လင်းလင်း ပြောပြမှပေါ့၊ မြစ်ဝါမြစ်ဝှမ်းမှာ ပြဿနာတွေ ဖြစ်ပေါ်နေတယ်၊ ဒါကြောင့် အထက်လမ်း သိုင်းသမားတွေ ခြေရှုပ်နေကြတယ်၊ ဖိုးဖြူမင်းသားလေးလည်း သတိထားပြီး နေနေရတယ်၊ မိန်းကလေးက သူ့ကိုလာပြီး စုံစမ်းတော့ ရုတ်တရက် ယုံကြည်စိတ်ချလို့ ဘယ်ဖြစ်နိုင်ပါ့မလဲလေ"

ပေ့ဟ္ဟာက ...

"ဒါတွေ ကျွန်မ မသိဘူး၊ ကျွန်မသိတာက လူတစ်ယောက်ကို သုတ်သင်ရှင်းလင်းပစ်ဖို့ ဖိုးဖြူမင်းသားလေးကို ဌားရမ်းချင်တာ"



ဒုက္ခိတက ...

"ဖြစ်ပါတယ်၊ မိန်းကလေးက ငွေငါးသောင်း တတ်နိုင်ရင် ရပါတယ်၊ ဘယ်သူ့ကို ရှင်းပစ်စေချင်တာလဲ၊ ပြောပါ"

"ကျွန်မရဲ့ ပညာသင်ဘက်အစ်မ ယိုဟုန်ကို သုတ်သင်ပေးစေချင်ပါတယ်"

"ကောင်းပြီ ... ယိုဟုန်ကို ဘယ်မှာတွေ့နိုင်မလဲ၊ ပြောပါ"

ပေ့ဟ္ဟာ တွေဝေသွားလေသည်။

သူမ ခေါင်းကုတ်လိုက်သည်။

"ယိုဟုန် ဘယ်ကိုရောက်နေသလဲ ဆိုတာ ကျွန်မ မသိပါဘူး၊ ဒါပေမယ့် သူ့ကို သေချာပေါက် တွေ့နိုင်တဲ့ နည်းလမ်းတော့ ရှိပါတယ်"

ဒုက္ခိတက ...

"ဘယ်လို နည်းလမ်းများလဲ၊ ပြောပါ"

"သူက ကျွန်မကို လိုက်ရှာနေတာ၊ ကျွန်မက လူယောင်ပြလိုက်တာနဲ့ သူက ကျွန်မဆီကို ရောက်လာမှာပဲရှင့်"

"ဒါဆိုရင် ကောင်းတာပဲ၊ သူ့ကို သုတ်သင်ရှင်းလင်းပစ်ဖို့က အခက်ကပဲ မဟုတ်လား"

"ဟုတ်တယ်"

"ကောင်းပြီ၊ ကျုပ်က ဖိုးဖြူမင်းသားလေးကို သွားပြောပေးပါ့မယ်၊ မိန်းကလေးဆီကို အကြောင်းပြန်ဖို့က ဘယ်မှာ တွေ့ရနိုင်မလဲဆိုတာ ပြောပါ"

ပေ့ဟ္ဟာက ...

"ကျွန်မလိုက်ခဲ့ပြီး ဖိုးဖြူမင်းသားလေးနဲ့ တွေ့လို့ မဖြစ်ဘူးလားရှင်"

"မိန်းကလေးက တွေ့ချင်သေးလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ရှင်"

"ကောင်းပြီလေ၊ ကျုပ်နောက် လိုက်ခဲ့ပါ"

ဒုက္ခိတက လမ်းပြ ခေါ်ဆောင်သွားသည်။

မေ့ဝှာလည်း ကောက်ကောက်ပါအောင် လိုက်သွားလေသည်။

ဘုံကျောင်း အနောက်ဘက်တွင် တောအုပ်ကလေးတစ်ခု ရှိနေသည်။

ထိုတောအုပ်ထဲ၌ သစ်လုံးများဖြင့် ဆောက်လုပ်ထားသော အိမ်ကလေးတစ်လုံး ရှိသည်။

ဒုက္ခိက ထိုသစ်လုံးအိမ်ကလေးသို့ မေ့ဝှာအား ခေါ်ဆောင်သွားခြင်း ဖြစ်သည်။

သစ်လုံးအိမ်ကလေးရှေ့သို့ ရောက်လျှင် အိမ်ထဲမှ စကားသံ ထွက်ပေါ်လာသည်။

"ဒုက္ခိတ ခင်ဗျား ရောက်လာပြီလား၊ ဘယ်သူ့ကို ခေါ်လာတာလဲ"

ထိုစကားကြောင့် မေ့ဝှာ ကျေနပ်သွားသည်။

အိမ်ထဲမှလူသည် တံခါးဖွင့်ကြည့်ဘဲ လူပိုတစ်ယောက် ပါလာသည်ကို သိနေသဖြင့် ထိုလူ၏ သိုင်းပညာ အဆင့်မနိမ့်ကြောင်း ပေါ်လွင်စေသည် မဟုတ်လား။

ဒုက္ခိတက ...

"မင်းသားလေးကို အလုပ်အပ်ချင်တဲ့ လူတစ်ယောက် ပါလာပါတယ်"

"ဘယ်သူလဲ"

"မိန်းကလေး တစ်ယောက်ပါ"

ဒုက္ခိတ၏ စကားအဆုံးတွင် သစ်လုံးအိမ်ကလေး၏ တံခါးဝုန်းခနဲ ပွင့်သွားကာ လူတစ်ယောက် ခုန်ထွက်လာလေသည်။



နေရောင်ဖြင့် ငွေရောင် တဖျပ်ဖျပ် ဝင်းလက်သွား၏။

ငွေမှိုင်းဖြူတစ်ကောင် ပျံဝဲကာ ထွက်ပေါ်လာပုံမျိုးဖြင့် လူတစ်ယောက်သည် မေ့ဝှာတို့နှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာသည်။

ထိုလူမှာ ငွေရောင်အဝတ်အစားများ ဝတ်ဆင်ထားသည့် ...သက်လေးဆယ်ခန့် ရှိသူ ဖြစ်သည်။

အောက်လမ်း သိုင်းလောက၌ ထင်ရှားသော မှိုင်းဖြူမင်းသား ...ထင်းဟို ဖြစ်ပါတော့သည်။

မှိုင်းဖြူမင်းသား ထင်းဟိုအား ကြောက်စရာကောင်းသော ...ကြားစားလူသတ်သမား တစ်ယောက်အဖြစ် သိုင်းလောကတစ်ခုလုံး ...သက်ခံထားကြသည်။

မှိုင်းဖြူမင်းသား ထင်းဟိုက မေ့ဝှာအား ခြေဆုံးခေါင်းဆုံး ...ကဲခတ် ကြည့်လိုက်၏။

သူက မေးလာသည်။

"မိန်းကလေးက ကျုပ်ကို ငှားရမ်းချင်တယ်ဆိုတော့ ငွေ...းသောင်း တတ်နိုင်ပါ့မလား"

မေ့ဝှာသည် ကျန်းပိုထဲမှ ရွှေ ငွေ ရတနာများ ရရှိလာသည် ...ဖြစ်၍ ငွေငါးသောင်းဆိုသည်မှာ သူမအတွက် အသေးအဖွဲ ဖြစ်နေ...တော့သည်။ မေ့ဝှာက ငါးသောင်းတန် ငွေလွှဲလက်မှတ်တစ်စောင် ...ထုတ် ယူကာ ဒုက္ခိတကို ပေးလိုက်၏။

ဒုက္ခိတက သေသေချာချာ စစ်ဆေးကြည့်လိုက်ပြီးမှ မှိုင်းဖြူ...င်းသား ထင်းဟိုကို ပေးလိုက်သည်

ထင်းဟိုသည် ငွေငါးသောင်းကို လက်ခံရရှိသဖြင့် ကျေနပ်...သွားလေ၏။

"ကဲ ... ကျုပ်က ဘယ်သူ့ကို သုတ်သင် ရှင်းလင်းပေးရမှာလဲ ...ပြောပါ"

www.burmeseclassic.com

www.burmeseclassic.com



ပေ့ဗှာက ယိုဟုန်အကြောင်း ပြောပြလိုက်သည်။

ထင်းဟိုက ...

"သူက မင်းရဲ့နောက်ကို လိုက်လာလိမ့်မယ်ဆိုတာ သေ... ရဲ့လား"

"သေချာပါတယ်ရှင်၊ ကျွန်မကို သတ်ပစ်ချင်နေတာ... ဒါကြောင့် ကျွန်မက လက်ဦးမှုရယူဖို့ ကြိုးစားနေတာပါ"

"ဒါဆိုရင် မင်းက ဒီမြို့မှာပဲ လူရိပ်လူယောင်ပြပြီး လှုပ်... နေပါ၊ ကျုပ်က မင်းကို စောင့်ကြည့်နေမယ်၊ မင်းနဲ့ ပညာသင်ဘ... အစ်မ ယိုဟုန် ရောက်လာပြီတာနဲ့ ကျုပ်တို့ ချက်ချင်းထွက်... သုတ်သင်ရှင်းလင်းပေးမယ်၊ ဘယ်လို သဘောရသလဲ"

"ကောင်းပါပြီရှင် ... ကျွန်မ မြို့ထဲက တည်းခိုခန်းတစ်... တည်းခိုနေလိုက်ပါမယ်"

"စိတ်ချ ... ကျုပ်တို့က မင်းရှိနေတဲ့ တည်းခိုခန်း ပတ်... ကျင်ကနေပြီး အခြေအနေကို စောင့်ကြည့်နေကြမယ်၊ စိတ်ချလက်... သာ နေပေတော့"

သူတို့သည် ယိုဟုန်အား သုတ်သင် ရှင်းလင်းရေးအတွ... တိုင်ပင်ကြပြီး လမ်းခွဲလိုက်ကြလေသည်။

"ကဲ ... ကျွန်မကို သွားခွင့်ပြုပါဦး"

"ကောင်းပြီ"

ပေ့ဗှာက နှုတ်ဆက်ကာ ထွက်လာခဲ့သည်။

ဖိုင်းဖြူမင်းသား ထင်းဟို နေထိုင်သော အိမ်ကလေး... ဝါးတစ်ရိုက်ခန့် အကွာသို့ ရောက်လျှင် ...

"ပေ့ဗှာ ညည်း ဘယ်ပြေးမလဲ"

အော်ဟစ်သံနှင့်အတူ လူရိပ်တစ်ခု ပြေးလွှားလာနေသည်... တွေ့မြင်လိုက်ရသည်။



"ဟာ ..."

ပေ့ဗှာ အလန့်တကြား ဖြစ်သွားလေသည်။

ယိုဟုန် လိုက်လာနေပြီ မဟုတ်ပါလား။

"သူ လာနေပြီ"

ပေ့ဗှာသည် အော်ပြောရင်း ဖိုင်းဖြူမင်းသား ထင်းဟိုတို့ထံ... လှည့်ပြေး သွားလိုက်လေတော့သည်။

ထင်းဟိုနှင့် ဒုက္ခိတပင်လျှင် ပေ့ဗှာ၏ အသံကြောင့် အထိတ်... လန့် ဖြစ်သွားကြသည်။

ပေ့ဗှာသည် ပြေးလွှားလာရင်း သူတို့နှစ်ယောက်၏ အနီးသို့... ...က်ရှိလာသည်။

"သူ ... သူ လိုက်လာပြီ"

ထင်းဟိုက မေး၏။

"ဘယ်သူလဲ၊ ယိုဟုန်လား ..."

"ဟုတ်တယ်"

"ဘယ်မှာလဲ"

ပေ့ဗှာ အဖြေပေးစရာ မလိုတော့ပါ၊ ပြေးလွှားလာနေသည့်... ...ဟုန်ကို တွေ့လိုက်ရရပီ မဟုတ်ပါလား။

"ဟား ... ဟား ... ဟား ..."

ထင်းဟိုက သဘောကျစွာ ရယ်မောလိုက်သည်။ ရေငတ်တုန်း... ...တွင်းထဲကျနေပြီ မဟုတ်ပါလား။

ထင်းဟိုက သဘောကျစွာ ရယ်မောလိုက်သည်။ ရေငတ်တုန်း... ...တွင်းထဲ ကျနေပြီ မဟုတ်ပါလား။

"ကျုပ်ရဲ့ ကြေးစားဘဝ တစ်လျှောက်လုံးမှာ ဒီတခါလောက်... ...်သာတာ တစ်ခါမှ မရှိဖူးဘူး"

ထင်းဟိုသည် ယိုဟုန်အား ကြုံတွေ့ရမည့်ရက်အတွက် စိတ်

www.burmeseclassic.com

www.burmeseclassic.com



စောနေသည်။ ယိုဟုန်ကို မတွေ့ပါက သူ အလုပ်ဖြစ်တော့မည် မဟုတ်ချေ။

ဒုက္ခိတက ထောက်ခံလိုက်သည်။

"မှန်လိုက်လေဗျာ ... ခင်ဗျားက အလုပ်လက်ခံပြီးပြီ ဆိုရင် သားကောင်နောက်ကိုလိုက်တဲ့ မုဆိုးတစ်ယောက်လို သဲကြီးမဲကြီး လှုပ်ရှားရတယ်၊ ခုတစ်ကြိမ်တော့ သားကောင်က ခင်ဗျားဆီ တန်းတန်းမတ်မတ်ကို ရောက်လာတာပဲဗျ"

ပေ့ဝှာက အလောတကြီး ပြောလိုက်သည်။

"သူ့ကို မြန်မြန် သုတ်သင်ပစ်လိုက်စမ်းပါရှင်"

သူမ ကြောက်လန့်နေသည်။

ယိုဟုန်က သဲကြီးမဲကြီး လိုက်နေ၍ မည်သည့်နည်းနှင့် ချမ်းသာပေးမည် မဟုတ်ကြောင်း ထင်ရှားနေသည်။

ယိုဟုန်ကို သူမ ကြောက်ရွံ့မိပါသည်။

ဆရာ သင်ပေးသော သိုင်းပညာများကို ဖွဲ့နဘဲဖြင့် သင်ယူ ခြင်းကြောင့် ယိုယန်၏ သိုင်းပညာသည် ထိပ်တန်းအဆင့် ရောက်ပြီ မဟုတ်ပါလား။

ထင်းဟိုက ...

"စိတ်ချနေစမ်းပါ ... ကျုပ် တာဝန် ယူထားပြီးပြီပဲ၊ အားမပူစမ်းပါနဲ့ ..."

ဒုက္ခိတက ရယ်သွမ်းသွေးလိုက်သည်။

"မိန်းကလေး ... အေးအေး ဆေးဆေး လက်ပိုက်ကြည့် လိုက်စမ်းပါ"

ပေ့ဝှာ ဘာမှ မပြောတော့ပါ။

ခပ်လှမ်းလှမ်းသို့ ရောက်အောင် ဆုတ်သွားပြီး အခြေအနေ စောင့်ကြည့်နေလိုက်လေသည်။



ယိုဟုန်သည် အိမ်ရှေ့မြေကွက်လပ်၌ ခြေလှမ်းရပ်လိုက်ရသည်။ မရပ်၍လည်း မရတော့ချေ။

ပေ့ဝှာထံသို့ မသွားနိုင်အောင် ထင်းဟိုက လမ်းပိတ်ကာ ဟန့်တားထားလိုက်သည် မဟုတ်ပါလား။

ယိုဟုန် မဲ့ပြုံးပြုံးလိုက်သည်။

ခပ်လှမ်းလှမ်း၌ ရှိနေသော ပေ့ဝှာကို လှမ်းပြောလိုက်၏။

"ပေ့ဝှာ ... ညည်းက ကြေးစား သိုင်းသမားတွေကိုတောင် ငှားရမ်းထားတယ်ပေါ့လေ"

ပေ့ဝှာသည် ဈိုင်းဖြူ ထင်းဟိုက ယိုဟုန်အား သုတ်သင်ရှင်းလင်းပစ်နိုင်မည်ဟု ယုံကြည်မိသည်။

ထို့ကြောင့် ...

"မမက ကျွန်မကို ချမ်းသာပေးမှာမှ မဟုတ်တာ၊ ဒါကြောင့် ကျွန်မကလည်း ကြံမိကြံရာ ကြံစည်မိတာပေါ့ရှင်"

သူမက ပြန်၍ နှုတ်လှန်ထိုးလာလေ၏။

"ယိုဟုန်က ...

"ညည်းက ဆရာ့ကျေးဇူးကို မသိတတ်တဲ့အပြင် ကျေးဇူး ကန်းခဲ့တယ်၊ ညည်းကို ဘယ်လိုလုပ် ခွင့်လွှတ်ရမှာလဲ၊ ညည်းလို ကောက်ကျစ်စဉ်းလဲတဲ့ မိန်းကလေး တစ်ယောက်ကို မဆုံးမဘဲနေလို့ ဖြစ်မလား"

ပေ့ဝှာက ...

"ဆရာက မမကို ပိုပြီးတော့ အလိုလိုက်တယ်၊ ဦးစားပေးပြီး သင်ပေးတယ်၊ ကျွန်မကိုတော့ တစ်ချိန်လုံး ဆွဲပူကြိမ်းမောင်းနေတာ ကျွန်မ ဘယ်လိုလုပ် သည်းခံနိုင်တော့မှာလဲရှင် ..."

"အံမယ် ... ညည်းကပဲ ပြောရသေးတယ်"

ယိုဟုန်က ရှေ့တိုးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုင်းဖြူ ထင်းဟိုက ဟန့်တားလိုက်လေသည်။

"သူ့ဆီကို အရောက်သွားချင်တယ် ဆိုရင်တော့ ကျုပ်ကို ကျော်ဖြတ်နိုင်မှ ဖြစ်မယ်ဗျ"

"ဩော် ..."

ယိုဟုန်က ဗိုင်းဖြူထင်းဟိုအား ခြေဆုံးခေါင်းဆုံး အကဲခတ် ကြည့်လိုက်သည်။

"ဒီမြို့ကလေးမှာ ကြေးစား လူသတ်သမား တစ်ယောက် ခိုအောင်းနေတယ်လို့ ကျွန်မ သတင်းကြားခဲ့မိတယ်၊ ဗိုင်းဖြူ ထင်းဟို ဆိုတာ ရှင်လား"

"ဟား ... ဟား ... ဟား ... မှန်ပါတယ်ဗျာ၊ ကျုပ်ရဲ့ လက်ချက်နဲ့ အသက်ဆုံးရှုံးသွားရသူတွေ ဘယ်လောက်တောင် ရှိနေပြီလဲ ဆိုတာကိုကော မင်း မကြားမိခဲ့ဘူးလား"

ယိုဟုန်မှာ ရုပ်ဆိုးသော အမျိုးသမီးတစ်ယောက် ဖြစ်ပါသည်။

နှုတ်ခမ်းမယ်လေးအလား ချောမောလှပသည့် ပေ့ဟွာနှင့် ယှဉ်လိုက်လျှင် မိုးနှင့်မြေပမာ ကွာခြားနေမည် ဖြစ်သည်။

ထင်းဟိုသည် ယိုဟုန်အား မနှစ်မြို့နိုင်အောင် ဖြစ်နေသည်။

ယိုဟုန် ခေါင်းညိတ်လိုက်သည်။

"ကျွန်မ ကြားခဲ့ရပါတယ်၊ ဒါကြောင့် ဆုံးမသင့်တယ်လို့ ဆုံးဖြတ်ထားတယ်"

"အံမယ် ... မင်းကများ ငါ့ကို ဆုံးမဦးမယ်တဲ့လား"

ဗိုင်းဖြူ ထင်းဟိုသည် ပေ့ဟွာပေးထားသော ငွေလွှဲလက်မှတ်ကို ထုတ်ကာ အနီးရှိ ဒုက္ခိတကို ပေးလိုက်သည်။

"ရော့ ... ဒီ ငွေလက်မှတ်ကို ဟို မိန်းကလေးကို ပြန်ပေးလိုက်ပါ"

"ခင်ဗျား သဘောက ..."



"ဒီ ရုပ်ဆိုးမကို သူ့အတွက် ကျုပ်က အခမဲ့ လက်ဆောင်ပေးချင်တယ်"

"ကောင်းတယ် ... ကောင်းတယ် ... ဟား ... ဟား ... ဟား ..."

ဒုက္ခိတနှင့် ထင်းဟိုတို့သည် အတိုင်အဖောက်ညီစွာ ပြောဆိုနေကြသည်ကိုလည်းကောင်း၊ ပေ့ဟွာက ဖိမိအား သုတ်သင်ရှင်းလင်းပစ်ရန် ကြေးစားလူသတ်သမား ငှားထားခြင်းကြောင့်လည်းကောင်း ယိုဟုန် ဒေါပွသွားလေတော့သည်။

"ပေ့ဟွာ ... ညည်းတော်တော် မိုက်တွင်းနက်တာပဲ၊ ညည်းကို ဘယ်နည်းနဲ့မှ ချမ်းသာမပေးနိုင်တော့ဘူး"

ပေ့ဟွာအား လှမ်းပြီး အော်ငေါက်လိုက်သည်။

တစ်ဆက်တည်းပင် ...

"ရှင် လမ်းဖယ်ပေးပါ၊ ဒါမှ မဟုတ်ရင် ကျွန်မ အဆိုးမဆိုနဲ့"

ထင်းဟိုကို ပြောလိုက်သည်။

"ဟား ... ဟား ... ဟား ... တော်တော် အပြောကြီးတာပဲ၊ မင်းမှာ ဘယ်လောက် အစွမ်းအစ ရှိသလဲ ကြည့်ကြသေးတာပေါ့"

စကားဆုံးလျှင် မြေပေါ်မှ ကြွတက်ကာ ဗိုင်းဖြူတစ်ကောင်ပမာ လေထဲသို့ခုန်တက် ရွေ့လျားလိုက်ပြီး ယိုဟုန်အား တိုက်ခိုက်လိုက်လေသည်။

ယိုဟုန်ကလည်း လက်ဝါးနှစ်ဖက်၌ အတွင်းအား စုစည်းကာ ပြန်လည် တိုက်ခိုက်လိုက်၏။

အေးချမ်းသာယာနေသော စော်အုပ်အတွင်း၌ တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေတော့သည်။

ပေ့ဟွာသည် တိုက်ပွဲကိုကြည့်နေရင်းက စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာသည်။

ကြေးစား လူသတ်သမား ဗိုင်းဖြူ ထင်းဟိုသည် ကြောက်

www.burmeseclassic.com

www.burmeseclassic.com



မက် ဖွယ်ကောင်းသူ တစ်ယောက်ဖြစ်ကြောင်း သတင်းကြီးနေသည်မှာ အမှန်ပင် ဖြစ်သည်။

ထို့ကြောင့်လည်း ...

ယိုဟုန်အား သုတ်သင် ရှင်းလင်းပစ်ရန်အတွက် ငှားရမ်းခဲ့ခြင်း ဖြစ်သည်။

ယိုဟုန်နှင့် ထင်းဟိုတို့၏ တိုက်ပွဲကို တွေ့မြင်လိုက်ရသောအခါ ထင်းဟိုကို စိတ်မချတော့ပါ။

ယိုဟုန်ကို စိတ်မချတော့ပါ။

ယိုဟုန်၏ ပညာက ထင်းဟိုထက် သာလွန်နေကြောင်း အကဲခတ်မိလိုက်ခြင်းကြောင့် ဖြစ်သည်။

သူမသည် သိုင်းပညာ ထက်မြက်နေသူတစ်ဦး ဖြစ်နေသည် မဟုတ်ပါလား။

ထင်းဟိုကသာ ယိုဟုန်အား တားဆီးခြင်း မပြုနိုင်ခဲ့လျှင် ပေ့တှာ မတွေးဝံ့တော့ပါချေ။

"ယား ..."

ထင်းဟိုသည် ဗျိုင်းတစ်ကောင် လေထဲပျံဝဲသည့်နှယ် ယိုဟုန်ထံသို့ ခုန်ဝင်လိုက်၏။

သူ၏ လက်နှစ်ဖက်သည် ဗျိုင်းနှုတ်သီးသဏ္ဍာန်ဖြင့် ယိုဟုန်၏ ဦးခေါင်းကို ထိုးနှက် တိုက်ခိုက်လိုက်သည်။

အချိန်တိုတိုဖြင့် အနိုင်ယူရန် သူ၏ အကောင်းဆုံး သိုင်းကွက်ကို ထုတ်ဖော် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

သူတို့ ကြေးစားများသည် တစ်ချက်လွှတ် တိုက်ကွက်များကို အားထားသည်။

ယိုဟုန် မဲပြုံးပြုံးလိုက်သည်။

"ရှင့်ပညာ ဒါအကုန်ပဲလား"



သူမသည် အတွင်းအားကို စုစည်းကာ လက်ဝါးနှစ်ဖက်ကို အပေါ်သို့ ပင့်တင်လိုက်လေသည်။

"ဝုန်း ..."

ကျယ်လောင်သော အသံထွက်ပေါ်လာကာ ထင်းဟိုမှာ ကျွမ်းတစ်ပတ်ပစ်လိုက်ပြီး မြေပေါ် ကပျာကယာ ခုန်ဆင်းလိုက်ရလေ၏။

ထင်းဟို မျက်နှာပျက်သွားသည်။

ယိုဟုန်၏ သိုင်းပညာမှာ မခေကြောင်း သဘောပေါက်သွားလေသည်။

"မင်း အာယ်ဆိုးလို့လဲ ... ဒါပေမယ့် ကျုပ်က မင်းကို ဆုံးမပြမှာပါ"

ချက်ချင်းပင် ဗျိုင်းခြေသည်း လက်နက်တစ်စုံကို ထုတ်ယူကာ ယိုဟုန်ထံ ပြေးဝင်တိုက်ခိုက်လိုက်သည်။

"ခြွမ်း ..."

ယိုဟုန်သည် ဓားတစ်လက် ဆွဲထုတ်လိုက်သည်။

သူမသည် ကြေးစား လူသတ်သမားဖြစ်သော ထင်းဟိုနှင့် ပြတ်ပြတ်သားသား ရင်ဆိုင်တိုက်ခိုက်ရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။

ပေ့တှာက သူမအား သတ်ရန် ငှားရမ်းထား၍ မဟုတ်ချေ။

လူဆိုးလူမိုက် တစ်ယောက်အား ရှင်းပစ်ရမည်ဟု သဘောထားသောကြောင့် ဖြစ်သည်။

ယိုဟုန်က ဓားကို ဝှေ့ယမ်းလိုက်သည်နှင့် ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာသည်။

ယိုဟုန်၏ဓားနှင့် ထင်းဟို၏ ဗျိုင်းခြေသည်း လက်နက်တို့ ထိပ်တိုက် တွေ့မိလေတော့၏။

"ဝှစ် ... ဝှစ် ... ဝှစ် ..."

"ခြွမ်း ... ခြွမ်း ... ခြွမ် ..."

www.burmeseclassic.com

www.burmeseclassic.com



ယိုဟုန်၏ ဓားမှာ ထက်မြက်လှသော ဓားကောင်းတစ်လက် ဖြစ်နေပါသည်။

ထို့ကြောင့် ...

ထင်းဟို၏ ဖျိုင်းခြေသည်းလက်နက်အား အပိုင်းပိုင်း ဖြစ်အောင် ခုတ်ဖြတ်ပစ်လိုက်လေတော့သည်။

"ဟာ ..."

ထင်းဟို ထိတ်လန့်သွားသည်။

သူ မျှော်လင့်ထားသကဲ့သို့ ယိုဟုန်အား ရှင်းပစ်နိုင်မည် မဟုတ်ဘဲ ယိုဟုန်၏ လက်ချက်ဖြင့် သူသာ ဒုက္ခရောက်ရမည် ဖြစ်ကြောင်း တွေးလိုက်မိသည်။

ထို့ကြောင့် ...

အထိတ်တလန့်ဖြစ်ကာ ကပျာကယာ နောက်ဆုတ်လိုက်ချိန်မှာပင် ယိုဟုန်က အော်၍ ပြောလာလေသည်။

"ကြေးစား လူသတ်သမား တစ်ယောက်ကို ဘယ်နည်းနဲ့မှ ချမ်းသာ မပေးနိုင်ဘူး"

ယိုဟုန်က အော်ဟစ်ကာ တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်သည်။

ထင်းဟို နောက်ဆုတ်ဖို့ အခွင့်အရေး မရတော့ဘဲ ကပျာကယာ ရင်ဆိုင်လိုက်ရသည်။

သို့သော် ...

ယိုဟုန်၏ ပြင်းထန်သော ဓားချက်ကို မည်သို့မျှ ကာကွယ်တားဆီးနိုင်ခြင်း မရှိတော့ချေ။

ယိုဟုန်၏ ဓားသည် ထင်းဟို၏ ရင်ဝကို ဖောက်ထွင်းသွားလေတော့သည်။

"အား ..."



ထင်းဟို ရူးရူးအော်ဟစ်ကာ မြေပေါ် လဲကျသွားတော့၏။

"ဟာ ..."

ထင်းဟိုကို အထင်ကြီးနေသော ဒုက္ခိတက အလန့်တကြား အော်လိုက်သည်။

ကပျာကယာ မြေပေါ်သို့ ဒူးထောက်ချကာ ယိုဟုန်အား တောင်းပန်လိုက်သည်။

"ကျုပ် ... ကျုပ်ကို မသတ်ပါနဲ့ ချမ်းသာပေးပါ"

ယိုဟုန်က ဒုက္ခိတကို ဂရုမစိုက်ချေ။

သူမနှင့် ထင်းဟိုတို့ တိုက်ခိုက်နေချိန်၌ အခြေအနေ မဟန်မှန်းသိ၍ ပေ့ဝှာက အိမ်အနောက်ဘက် တောအုပ်ထဲသို့ ပြေးဝင်သွားသည် မဟုတ်ပါလား။

"ညည်း ... ဘယ်ပြေးမလဲ"

ယိုဟုန်က အော်ငေါက်ရင်း ပေ့ဝှာနောက်သို့ လိုက်သွားရန် ကြိုးစားလေသည်။

ထိုစဉ် ...

"ယား ..."

ဒုက္ခိတသည် သူ့အား လျစ်လျူရှုထားသည်ကို အခွင့်ကောင်းယူကာ ရုတ်တရက် မြေပေါ်မှ ခုန်ထလိုက်ပြီး ချိုင်းထောက်ကို လက်နက်အဖြစ် အသုံးပြုကာ တိုက်ခိုက်လိုက်သည်။

ယိုဟုန်မှာ သတိကောင်းသူ ဖြစ်ပါသည်။

ဒုက္ခိတက တိုက်ခိုက်လာသည်နှင့် ...

"သွားစမ်း ..."

အော်ငေါက်ကာ ဓားကို ဇောက်ယမ်းပစ်လိုက်သည်။

"ခွမ်း ..."

ယိုဟုန်၏ဓားက ဒုက္ခိ၏ ချိုင်းထောက်ကို ထက်ပိုင်းပြတ်

www.burmeseclassic.com

www.burmeseclassic.com



သွားစေသည့်အပြင် ခြားဦးသည် အရှိန်မကုန်ဘဲ ဒုက္ခိတ၏ ရင်ဝသို့ တိုးဝင်သွားတော့သည်။

"အား . . . "

ဒုက္ခိတသည် ဗူးရှစ္စာ အော်ဟစ်ကာ မြေပေါ်သို့ လဲကျသွားလေတော့သည်။

ယိုဟုန်သည် ဒုက္ခိတကိုလည်းကောင်း၊ ထင်းဟိုကိုလည်းကောင်း ဂရုမစိုက်တော့ချေ။

"မေ့ဗှာ . . . ညည်းပြေးလို့ လွတ်မယ်ထင်သလား"

အော်ငေါက်ရင်း တောအုပ်ထဲသို့ တစ်ဟုန်ထိုး ပြေးလိုက်သွားလေတော့သည်။

❖ ❖ ❖

အခန်း (၁၂)

# ခြားနှင့် သိုင်းကွက်

စိမ်းလန်းသော တောတန်းကလေးအတွင်း၌ မြေနီလမ်းကလေး ရှိသည်။

ထို မြေနီလမ်းကလေးအတိုင်း မြင်းစီးသမားတစ်စု ခရီးနှင်လာကြသည်။

ရှေ့ဆုံးမှာ ဦးဆောင်လာသူမှာ အသက်လေးဆယ်ကျော်ခန့်ရှိပြီး ဥပတိရုပ်ကောင်းသူ ဖြစ်သည်။

ထိုလူအား သိုင်းလောကသားများက "ရတနာခြား ရှိစွမ်း"ဟု သိရှိထားကြပါသည်။

ရတနာခြား ရှိစွမ်းသည် ချမ်းသာကြွယ်ဝသော မိဘမျိုးရိုးမှ ဆင်းသက်လာပြီး သူ၏ ခြားအိမ်မှာ စီချယ်ထားသော ကျောက်သံပတ္တမြားများမှာ တန်ဘိုးမနည်းလှပေ။

ရတနာခြား ရှိစွမ်းသည် အထက်လမ်း သိုင်းသမားကြီး တစ်ယောက်လည်း ဖြစ်ပါသည်။

မကောင်းသူပယ် ကောင်းသူကယ်သည့်အပြင် ချမ်းသာကြွယ်ဝသူပီပီ ဆင်းရဲနွမ်းပါးသူများ၊ ဒုက္ခရောက်နေသူများအား ပေးကမ်းစွန့်ကြဲ ကူညီရာတွင် လက်မနှေးသူလည်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ...

ရတနာဓား ရှိစွမ်း၏ ဂုဏ်သတင်းမှာ သိုင်းလောက၌ မွှေးပျံ့နေပါသည်။

ရတနာဓား ရှိစွမ်းအား လူတိုင်းက ချစ်ခင်ပြီး ကြည်ညိုလေးစားကြလေသည်။

ယခု ရတနာဓား ရှိစွမ်းသည် နောက်လိုက် အခြွေအရံ အနည်းငယ်နှင့်အတူ ခရီးထွက်လာခဲ့သည်။

မြစ်ဝါမြစ်ရိုးတစ်လျှောက် ထကြွသောင်းကျန်းနေသော လူဆိုးဓားပြများ အောက်လမ်း သိုင်းသမားများအား အခြား သိုင်းလောကသားများနှင့်အတူ လက်တွဲကာ ဆုံးမနှိမ်နင်းရန် ဖြစ်ပေသည်။

ရတနာဓား ရှိစွမ်းတို့လူစု တောလမ်းအတိုင်း ခရီးနှင်လာခဲ့ကြရင်း တစ်နေရာသို့ အရောက်တွင် ထူးခြားမှု ရှိနေသည်ကို တွေ့လိုက်ကြရသည်။

"ဟေး ... ဟေး ..."

"ရပ်လိုက် ..."

မြင်းများကို အော်ငေါက်ကာ ရပ်တန့်လိုက်ကြလေ၏။

မရပ်၍လည်း မဖြစ်ပါ၊ လူတစ်ယောက်က လမ်းပိတ်ထားသည် မဟုတ်ပါလား။

လမ်းပိတ်ထားသူမှာ ဓားတစ်လက် ခါးချိတ်ထားသော လူရွယ် တစ်ယောက် ဖြစ်သည်။

ရတနာဓား ရှိစွမ်း မျက်မှောင်ကြုတ်သွားသည်။

လူရွယ်ကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

သူက မေးလိုက်သည်။

"မိတ်ဆွေလေးက ဘယ်လို အကြောင်းကိစ္စနဲ့ လမ်းကို ပိတ်ထားရသလဲ"



လူရွယ်က ...

"နောင်ကြီးက ရတနာဓား ရှိစွမ်း မဟုတ်လားဗျာ"

ရှိစွမ်း၏အမေးကို အဖြေမပေးဘဲ ပြန်မေးလိုက်သည်။

ရှိစွမ်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

လူရွယ်က ဦးညွှတ်လိုက်သည်။

"နောင်ကြီးနဲ့ ဆုံတွေ့ရတာ ဝမ်းသာပါတယ်၊ ကျုပ်က ဓားသမား စီးမင်းချူးပါ"

စီးမင်းချူးဆိုသော နာမည်ကို ရှိစွမ်း တစ်ကြိမ်တစ်ခါမှ မကြားဘူးချေ။

စီးမင်းချူးက သူ့ကိုယ်သူ ဓားသမား စီးမင်းချူးဟု ပြောလိုက်ခြင်းကြောင့် ရှိစွမ်း ပို၍ အံ့သြသွားသည်။

ဓားသမား စီးမင်းချူးဟူ၍ သိုင်းလောက၌ မကြားဘူး၍ ထင်ရှားသူ တစ်ယောက်မဟုတ်၊ လေးစားလောက်သော ပညာရှိမည် မဟုတ်နိုင်တော့ပါ။

စီးမင်းချူးသည် ဓားပညာ အလွန်တော်သည်ဆိုလျှင် လျှမ်းလျှမ်းတောက် ကျော်ကြားနေရမည် မဟုတ်ပါလား။

"ကောင်းပြီ ... ငါ့ညီက ဘာကြောင့်များ လမ်းပိတ်ဟန့်တားထားရတာလဲ၊ ပြောပါဦး"

စီးမင်းချူးက ခါး၌ ချိတ်ဆွဲထားသော ဓားကို ပုတ်ပြလိုက်သည်။

"ရတနာဓားနဲ့ ကျုပ်ရဲ့ဓား ဘယ်ဓားက ပိုပြီး အစွမ်းထက်သလဲ ဆိုတာ သိချင်လို့ပါ"

"အော် ... ကျုပ်ကို စိန်ခေါ်နေတာကိုး"

"နောင်ကြီး ကြိုက်သလို ယူဆနိုင်ပါတယ်ဗျာ"

www.burmeseclassic.com



"နေပါဦး ... ကျုပ်တို့ ရန်ငြိုးရန်စများ ရှိခဲ့ဖူးလို့လား၊ ကျု[...] စိတ်ထဲမှာတော့ တစ်ယောက်ကိုတစ်ယောက် အခုမှ တွေ့ဖူးကြ[...] တယ်လို့ ထင်မိတယ်"

အထက်လမ်း သိုင်းသမားပီပီ ရှင်းလင်းအောင် မေးလိုက်သည်။

စီးမင်ချူး ခေါင်းညိတ်လိုက်သည်။

"မှန်တာပေါ့ဗျာ၊ ခုမှ တွေ့ဖူးကြတာပါ၊ ရတနာ့ဓား ရှိစွမ်း ဒီလမ်းက လာမယ်ဆိုတဲ့ သတင်းကို ကြားခဲ့ရတာကြောင့် လာပြီး စောင့်နေတာပါဗျာ"

"ကျုပ်နဲ့ ဓားရေးယှဉ်လို့ မင်းအတွက် ဘာအကျိုးထူးမှာလဲ ပြောပါဦး"

စီးမင်ချူး ပြုံးလိုက်လေသည်။

"ကျုပ်က ကျွင်းယိမ် သိုင်းပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ပြီး အနိုင်ရ ဗိုလ်စွဲအောင် ကြိုးစားသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်၊ ဒါကြောင့် ကျုပ်ရဲ့ သိုင်းပညာ အခြေအနေကို သိနိုင်အောင် ပွဲမဝင်ခင် အပြင်က ကျွင်းဖဆိုသလို ထိပ်သီးသိုင်းသမားကြီးတွေနဲ့ ယှဉ်ပြိုင်ပြီး ဓားရေး စမ်းဖို့ ရည်ရွယ်ထားပါတယ်ဗျာ"

ရတနာ့ဓား ရှိစွမ်း စိတ်ပျက်သွားသည်။

"မင်းရဲ့ ရည်ရွယ်ချက်က မဟုတ်သေးပါလား၊ မင်းတို့ လူငယ်[...] လူရွယ်တွေဟာ သိုင်းပညာ သင်ကြားပြီး ကျော်ကြားမှုနောက်[...] လိုက်နေကြတာကိုး၊ သိုင်းပညာဆိုတာ အများအကျိုး၊ တိုင်းပြည်[...] အကျိုးအတွက် အသုံးချရတဲ့ ပညာဆိုတာ နားလည်သဘောပေါက်[...] ကြဖို့ကောင်းတယ်"

စီးမင်ချူးက အမှုမထားချေ။

ရှိစွမ်းက ဆက်ပြောသည်။



"မြစ်ဝါမြစ်ရိုး တစ်လျှောက်မှာ လူဆိုးဓားပြတွေ အောက်လမ်း သိုင်းသမားတွေ ထကြွ သောင်းကျန်းနေကြတယ်၊ ကျုပ်က တခြား အထက်လမ်း သိုင်းသမားတွေနဲ့ လက်တွဲပြီး လူဆိုးဓားပြတွေကို နှိမ်နင်းဖို့ သွားမှာ၊ ကျုပ်ကို မနှောင့်ယှက်ဘဲနေရင် ကောင်းလိမ့်မယ်"

စီးမင်ချူးက ...

"ကျုပ်က နှောင့်ယှက်တာ မဟုတ်ဘူးဗျ၊ ကျုပ်ရဲ့ ဓားပညာနဲ့ [...]ခင်ဗျားရဲ့ ဓားပညာ ဘယ်သူက စွမ်းသလဲ သိချင်လို့ လက်တွေ့စမ်း[...]သပ်ကြည့်ဖို့ လာခဲ့တာပဲ"

ရှိစွမ်း သက်ပြင်းချလိုက်သည်။

"ဒါဖြင့် မင်း လက်လျှော့လိုက်ပေတော့၊ ကျုပ်က အကျိုးမဲ့ [...]ယှဉ်ပြိုင်ခြင်းမျိုးကို ဘယ်တော့မှ လုပ်မှာမဟုတ်ဘူး၊ ကဲ ... လမ်း[...]ဖယ်လိုက်ပါ"

"မဖယ်ဘူး ဆိုရင်ကော"

"မင်း ..."

စီးမင်ချူးကြောင့် ရှိစွမ်း ကျွဲမြီးတိုသွားသည်။

ထိုစဉ် ...

"လမ်းဖယ်လိုက် ..."

ရှိစွမ်း၏ တပည့်တစ်ယောက်က မြင်းပေါ်မှ ခုန်ထွက်လာပြီး [...]အော်ငေါက်လိုက်သည်။

တစ်ဆက်တည်းပင် ...

ဓားတစ်လက်ဖြင့် စီးမင်ချူးအား တိုက်ခိုက်လိုက်သည်။

ထိုလူမှာ ...

စီးမင်းချူးက ရှိစွမ်းအား ပမာမခန့် ပြောဆိုနေ၍ ဒေါသဖြစ် [...]ဘာ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခြွမ်း ..."

စီးမင်ချူးက ဓားဆွဲထုတ်ကာ ချက်ချင်း ပြန်လည်တိုက်ခိုက်လိုက်လေတော့သည်။

စီးမင်ချူး၏ ဓားပညာမှာ ဖိုးချိုနှင့် မတွေ့မီက သာမန်အဆင့်သာ ရှိသည်။

ဖိုးချိုနှင့် တွေ့ပြီး အတူတကွ နေထိုင်လေ့ကျင့်ပြီးနောက် အတော်ကြီး တိုးတက်လာခဲ့ပြီ ဖြစ်လေသည်။

"ခြွမ်း ..."

"အား ..."

စီးမင်ချူးက ဓားထုတ်ကာ တိုက်ခိုက်လိုက်သည်နှင့် ထိုမှ ဒဏ်ရာရရှိကာ ကမူးကယာ နောက်ဆုတ် သွားရလေတော့သည်။

"ဟား ... ဟား ... ဟား ..."

စီးမင်ချူး ဟားတိုက် ရယ်မောလိုက်သည်။

"ရတနာဓား ရှိစွမ်းရဲ့တပည့်တွေက မစွံပါလား"

သူ၏စကားကြောင့် အားလုံး ခံပြင်းသွားကြလေသည်။

"ခြွမ်း ... ခြွမ်း ... ခြွမ်း ..."

ဓားများကို ဆွဲထုတ်ကာ မြင်းပေါ်မှ ခုန်ဆင်းရန် ဟန်ပြင်လိုက်ကြလေသည်။

"ရပ်လိုက်စမ်း"

ရှိစွမ်းက ဟန့်တားလိုက်သည်။

ခက်ထန်မောက်မာပြီး စော်ကားလှသော စီးမင်ချူးအား သူ ကိုယ်တိုင် ဆုံးမရန် ဆုံးဖြတ်ကာ မြင်းပေါ်မှ ဆင်းလိုက်သည်။

"ဟား ... ဟား ... ဟား ..."

စီးမင်ချူးက တဟားဟား ရယ်မောနေသည်။

ရှိစွမ်းတို့လူစုအား လှောင်ပြောင် ရယ်မောနေပုံမျိုး ဖြစ်သည်။



ရှိစွမ်းက စီးမင်ချူးထံ လှမ်းသွားပြီး မျက်နှာချင်းဆိုင် ရပ်လိုက်လေသည်။

"ကျုပ်လူတစ်ယောက်ကို အနိုင်ယူလိုက်တဲ့ မင်းရဲ့ပညာက မဆိုးပါဘူး၊ ဒါပေမယ့် ဒီပညာလောက်နဲ့ သိုင်းလောကမှာ ရပ်တည်နိုင်မယ်မထင်နဲ့၊ ကျင်းလိမ်ပြိုင်ပွဲမှာ ဝိုလ်စွဲပြီး သိုင်းလောက ပထမ ဓားဘွဲ့ ဆွတ်ခူးဖို့ဆိုတာ ဝေးပါသေးတယ်"

စီးမင်ချူးက ...

"ကျုပ်ရဲ့အကြောင်း ကောင်းကောင်း မသိသေးဘဲနဲ့ ခင်ဗျား ဒီလိုပြောတာ စောမနေဘူးလားဗျာ"

"ကျုပ်ကို အနိုင်ယူနိုင်ရင်တော့ မင်းဟာ တကယ့်ကို ချီးကျူးစရာကောင်းတဲ့ လူငယ်တစ်ယောက် ဖြစ်မှာပဲ"

"စိတ်ချ ... ခင်ဗျား တွေ့မြင်ရမှာပါ"

စီးမင်ချူးသည် ရှိစွမ်းနှင့် ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ပြင်လိုက်သည်။

ရှိစွမ်းက ...

"ဓားဆိုတာ မျက်စိမပါဘူး၊ ဒါကြောင့် မင်း သတိထားမှ ဖြစ်မယ်"

"ဒီစကားကို ကျုပ် ပြောရမှာပါ"

"ဩော် ..."

ရှိစွမ်းသည် အထက်လမ်း သိုင်းသမားကြီးပီပီ စီးမင်ချူး စော်ကားမော်ကား ပြောဆိုနေသည်ကို သည်းခံနေခဲ့သော်လည်း ကြာလာသောအခါ မည်သို့မျှ သည်းမခံနိုင်အောင် ဖြစ်လာတော့သည်။

"မင်း သတိသာ ထားပေတော့"

သတိပေးရင်း ရတနာဓားကို ထုတ်ကာ စတင် တိုက်ခိုက်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှိစွမ်းမှာ ဓားသမား တစ်ယောက်အဖြစ် အကြောင်းမဲ့ ထင်ရှား ကျော်ကြားနေသည် မဟုတ်ပါ။

သူ၏ ဓားပညာမှာ ထူးခြား ထက်မြက်လှသည်။

ဓားတစ်ချက် ဖော့ယမ်းလိုက်သည်နှင့် ဓားရိပ်များ ထွက်ပေါ် လာကာ မည်သည့်ဓားက အစစ်၊ မည်သည့်ဓားက အတုအယောင် ဖြစ်ကြောင်း ခွဲခြားဖို့ ခက်လှပေသည်။

တစ်ချက်ကလေး အတွေးမှားသည်နှင့် ဓားချက်ထိကာ အရှုံး ပေးသွားရမည် ဖြစ်ပါသည်။

ရှိစွမ်းက ဓားကွက် ထုတ်ဖော်လိုက်လျှင် စီးမင်ချူး ရယ်မော ခြင်း မရှိတော့ဘဲ မျက်နှာတစ်ခုလုံး တည်သွားလေသည်။

သူ၏ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်ဖို့ ရှိစွမ်းအား အနိုင်ရယူဖို့ အရေးကြီးသည် မဟုတ်ပါလား။

စီးမင်ချူးသည် အသက်ပြင်းပြင်း ရှူရှိုက်လိုက်ပြီး အတွင်းအား သုံးကာ ဖုံးချီနှင့်အတူ လေ့ကျင့်ခဲ့သော ဓားကွက်များကို ထုတ်ဖော် လိုက်သည်။

လေတိုက်ပုံ၊ သစ်ရွက်ကြွေပုံ သဘာဝတရားကို အခြေခံကာ ဖုံးချီ တီထွင်ခဲ့သော ဓားသိုင်းကွက်ကို ထုတ်ဖော်လိုက်လျှင် ...

"ရွှမ်း ... ရွှမ်း ... ရွှမ်း ..."

"ဝုန်း ..."

"အား ..."

ရှူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာကာ ရှိစွမ်း ကပျာကယာ နောက်ဆုတ်လိုက်ရသည်။

သူ၏လက်ထဲမှ ရတနာဓားသည်လည်း အဝေးသို့ လွင့်စင် သွားပြီ ဖြစ်လေသည်။

"ဟင် ..."



"ဟာ ..."

ရှိစွမ်း၏ တပည့်များ အထိတ်တလန့် ဖြစ်သွားကြ၏။

"ဟား ... ဟား ... ဟား ..."

စီးမင်ချူးက ဟားတိုက် ရယ်မောလိုက်လေသည်။

အဖြစ်အပျက်မှာ မယုံနိုင်စရာ ကောင်းလှသည်။

လျှမ်းလျှမ်းတောက် ကျော်ကြားနေသော ဓားသမားကြီး တစ် ယောက်မှာ နာမည်မရှိသည့် လူရွယ်တစ်ဦးအား မရွှမလှ အရေးနိမ့် သွားချေပြီ။

ရှိစွမ်း စကားမပြောနိုင်ဘဲ စီးမင်ချူးအား မျက်လုံးပြူး၍ ကြည့်နေမိတော့သည်။

အမှန်တော့ ...

စီးမင်ချူးသည် ကံကောင်းထောက်မကာ အနိုင်ရရှိလိုက်ခြင်း ဖြစ်ကြောင်း နားလည်ထားပါသည်။

ရှိစွမ်းက အထက်လမ်းသိုင်းသမား ဖြစ်သကဲ့သို့ သဘောထား ပြည့်ဝသူ တစ်ယောက်လည်း ဖြစ်သည်။

ထို့ကြောင့် ...

ခံပြင်းစိတ်ဖြင့် စီးမင်ချူးကို တိုက်ခိုက်လိုက်သော်လည်း ထိန်း ထိန်း သိမ်းသိမ်း လုပ်ခဲ့သည်။

စီးမင်ချူး ထိခိုက်သွားမည်ကို စိုးရိမ်ကာ သိုင်းကွက်ပြင်းအား ကို လျှော့ချထားလိုက်ခြင်း ဖြစ်သည်။

စီးမင်ချူးကမူ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ခြင်းကြောင့် ရှိစွမ်း အငိုက်မိသွားကာ အရေးနိမ့်သွားခြင်း ဖြစ်သည်။

ထိုအချက်ကို စီးမင်ချူး ကောင်းကောင်းကြီး သဘောပေါက် ထားလေသည်။

အခတော်ကလေးကြာမှ ရှိစွမ်း သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ရှုံးသွားပါပြီ"

စီးမင်ချူးက မြေပေါ်၌ ကျနေသော ရီစွမ်း၏ ရတနာဓားကို ကောက်ပြီး လက်နှစ်ဖက်ဖြင့် ရိုရိုသေသေ ပေးလိုက်သည်။

"နောင်ကြီးကို ဓော်ကားမော်ကား ပြောဆိုမိခဲ့တာကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်ခင်ဗျာ"

သူက ရိုရိုသေသေ ပြောလိုက်သည်။

မခန့်လေးစား အသွင်ပျောက်ကာ အလွန် ရိုသေလေးစားသော အသွင် ရှိနေခြင်းကြောင့် ရီစွမ်းကော သူ၏ လူများကပါ အံ့သြသွားကြသည်။

စီးမင်ချူးက ဆက်ပြောသည်။

"ကျွန်တော့်ရဲ့ ဓားပညာ အခြေအနေကို သိရအောင်လို့ နောင်ကြီးနဲ့ ယှဉ်ပြိုင်ကြည့်ချင်ပါတယ်၊ ဒီအတိုင်းပြောရင် နောင်ကြီးက သဘောတူမှာ မဟုတ်လို့ တောင်းပန်ပါတယ် ခင်ဗျာ"

ရီစွမ်းက စီးမင်ချူးကို နားမလည်နိုင်သကဲ့သို့ ကြည့်နေသည်။

စီးမင်ချူးက ...

"ကျွန်တော် လေးစားတဲ့ ဓားသမားကြီးတွေထဲမှာ နောင်ကြီးဟာ ထိပ်ဆုံးက ပါဝင်နေပါတယ်၊ နောင်ကြီးက မြစ်ဝါမြစ်ရိုးကို သွားမယ်ဆိုရင် ကျွန်တော်လည်း လိုက်ခဲ့ချင်ပါတယ်ခင်ဗျာ"

"မင်းက ဘာသွားလုပ်မှာလဲ"

"နောင်ကြီးနဲ့အတူ လက်တွဲပြီး လူဆိုးဓားပြတွေ အောက်လမ်းသိုင်းသမားတွေကို ဆုံးမ နှိမ်နင်းချင်လို့ပါ၊ ပြီးတော့ နောင်ကြီးဆီမှာ ဓားပညာနဲ့ ပတ်သတ်တဲ့ ဗဟုသုတတွေ ရှာမှီးချင်ပါသေးတယ်"

စီးမင်ချူးက အလွန်ရိုသေ လေးစားသောအသွင်ဖြင့် ပြောနေခြင်း ဖြစ်သည်။



ရီစွမ်း ယုံရခက်နေသည်။

သို့သော် ...

"ကျွန်တော့်ကို ညီလေးတစ်ယောက်လို သဘောထားပြီး သွန်သင် ဆုံးမပါခင်ဗျာ"

စီးမင်ချူးက တောင်းတောင်းပန်ပန် ပြောနေသဖြင့် ရီစွမ်း လက်ခံလိုက်မိလေတော့သည်။

"လက်စသတ်တော့ ငါ့ညီက အကြံနဲ့ကိုး၊ ငါ့ညီရဲ့ ပညာမဆိုးပါဘူး၊ မြစ်ဝါမြစ်ရိုးကို လိုက်ခဲ့ပြီး လူဆိုးဓားပြတွေကို ဆုံးမမယ်ဆိုရင်တော့ ငါ့ညီကို မိတ်ဆွေ တစ်ယောက်အဖြစ် သတ်မှတ်ဖို့ ဝန်မလေးပါဘူး"

"ကျေးဇူးတင်လိုက်တာဗျာ၊ ကျွန်တော် လိုက်ခဲ့ပါ့မယ်၊ လူဆိုးဓားပြတွေကို နှိမ်နင်းပါ့မယ်"

"ကဲ ... ဒါဖြင့် သွားကြစို့"

ရီစွမ်းသည် တပည့်တစ်ယောက်၏ မြင်းကို စီးမင်ချူး စီးနင်းဖို့ ပေးလိုက်သည်။

မြင်းပေးလိုက်ရသူက အခြားတစ်ယောက်နှင့် ပေါင်းကာ မြင်းတစ်ကောင်ကို နှစ်ယောက်စီးရမည် ဖြစ်သည်။

မည်သို့ဆိုစေ ...

အားလုံးက စီးမင်ချူးကို လူကောင်းတစ်ယောက်ဟု ထင်မှတ်ကာ လက်ခံခေါ်ဆောင် သွားကြလေတော့သည်။

❖ ❖ ❖

"ဂျိန်း ..."

မိုးခြိမ်းသံ ထွက်ပေါ်လာသည်။

မိုးစက်မိုးပေါက်ကလေးများ တဖွဲဖွဲ ကျဆင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်အခါ မဟုတ်ဘဲ မိုးရွာချလိုက်ခြင်း ဖြစ်ပါသည်။

အိမ်ဖျက်ကြီးထဲ၌ အေးစိမ့်သွားသည်။

ချင်းကိုးသည် မိုးဖွဲကလေးများ ရွာသွန်းနေပုံကို ကြည့်ပြီး အိမ်ကို သတိရလာပြန်လေသည်။

မိဘနှစ်ပါးအား သတ်ဝစ်လိုက်သည့် လူဆိုး ဓားပြများအား မဆုံးမရမချင်း သူကလည်း အိမ်ပြန်မည် မဟုတ်ပါ။

ချင်းကိုးသည် ရန်သူကို ရင်ဆိုင် ဆုံးမလိုစိတ်ဖြင့် နယ်စားကြီး၏ သိုင်းကျမ်းသေတ္တာထဲမှ သိုင်းကျမ်းများအား ဖတ်ရှုမှတ်သား လေ့ကျင့်ခဲ့သည်။

ဖွဲကြီးသူပိပိ ဖွဲဖြင့် ကြိုးပမ်းဆောင်ရွက်ခြင်းကြောင်း လူထူး ဆိန်းကြီး ရွေးချယ်ပေးခဲ့သော သိုင်းကျမ်းများအပြင် အခြား သိုင်းကျမ်းများကိုပါ ဖတ်ရှုလေ့လာ မှတ်သားနိုင်ခဲ့သည်။

သိုင်းကွက်အမျိုးပေါင်း စုံလင်လှသည်။

တစ်ခုနှင့်တစ်ခု အယူအဆချင်း မတူညီကြဘဲ အမျိုးမျိုးကွဲပြား ခြားနားနေသည်။

သို့သော် ...

ချင်းကိုး နားလည် သဘောပေါက်မိသည်မှာ သိုင်းကျမ်းအားလုံး၏ အဓိက အနှစ်သာရမှာ တိုက်ခိုက်ခြင်းနှင့် ခုခံခြင်းဟူ၍ နှစ်မျိုးသာ ရှိကြောင်းတည်း။

ထို တိုက်ခိုက်ခြင်းနှင့် ခုခံခြင်း သဘောတရားကို အခြေခံထားကာ နားလည်သဘောပေါက်အောင် ဖတ်ရှုလေ့လာလိုက်လျှင် သိုင်းကျမ်းအားလုံး၏ အနှစ်သာရများကို လိုက်လျောညီထွေစွာ ပေါင်းစပ်နိုင်ခဲ့တော့သည်။

တိုက်ခိုက်သော သိုင်းကွက်များနှင့် ခုခံသော သိုင်းကွက်များကို ခွဲခြားကာ မျိုးတူခြင်း ပေါင်းစပ်လိုက်သည်။



ထိုမှတစ်ဖန် ...

လက်တွေ့ လေ့ကျင့်ကြည့်ပြီး လိုအပ်ချက်များကို ဉာဏ်သုံးပြီး ဖြည့်စွက်လိုက်သည်။

ဤသို့ဖြင့် ...

အလွန်ထူးခြား ဆန်းပြားသော သိုင်းကွက်များကို အကြိမ်ကြိမ် အဖန်ဖန် လေ့ကျင့်ရင်း တစ်ခါလေ့ကျင့်လျှင် တစ်ခါ ချို့ယွင်းအားနည်းချက်များ၊ ဟာကွက်များကို စစ်ဆေးတွေ့ရှိကာ ပြုပြင်ခဲ့ရာ နောက်ဆုံးတွင် ပြီးပြည့်စုံသော သိုင်းကွက်အဖြစ် ဖော်ထုတ်နိုင်ခဲ့တော့သည်။

ယခုတလော ...

ကျင်းတီသည် ရောက်မလာဘဲ ပျောက်ချင်းမလှ ပျောက်ဆုံးနေပါသည်။

ချင်းကိုးက တွေးတောစဉ်းစားရင်း ကျင်းတီကို သတိရမိသည်။

"မြစ်ဝါမြစ်ဘက်ကို ရောက်သွားပြီထင်ပါရဲ့ ..."

သိုင်းလေ့ကျင့်ပြီး မိမိကိုယ်မိမိ ယုံကြည်စိတ်ချရပြီ ဆိုသော အခြေအနေသို့ရောက်မှ မြစ်ဝါမြစ်သို့ လိုက်သွားရန် ဆုံးဖြတ်လိုက်လေသည်။

ချင်းကိုး သက်ပြင်းချကာ ထိုင်ရာမှ ထလိုက်သည်။

"မိုးအေးလို့ ပျင်းရိနေမယ့်အစား သိုင်းလေ့ကျင့်နေတာက ပိုကောင်းမယ်"

အိမ်ဖျက်ကြီး၏ ဧည့်ခန်းဘက်သို့ထွက်ကာ သိုင်းလေ့ကျင့်လိုက်သည်။

အတန်ကြာသွားသောအခါ ...

သူ၏တစ်ကိုယ်လုံး ချွေးများ စို့ရွှဲလာသည်။

ချင်းကိုးက လေ့ကျင့်မှုကို ရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးက တစ်စထက်တစ်စ အားကောင်းလာသည်။

ဝန်းကျင်တစ်ခုလုံး အေးစိမ့်သွားသည်။

ချင်းကိုးသည် တစ်ကိုယ်လုံး ချွေးများစိုရွှဲနေသည် ဖြစ်ရာ အပြင်ဘက်သို့ထွက်ပြီး မိုးရေချိုးရန် ဆုံးဖြတ်လိုက်သည်။

အိမ်ပျက်ကြီး အပြင်ဘက် လှမ်းထွက်ရန် ဟန်ပြင်လိုက်စဉ် တံခါးပေါက်နံဘေး၌ ထောင်ထားသော ဓားတစ်လက်ကို သတိပြုမိလိုက်လေ၏။

နယ်စားကြီး၏ သိုင်းကျမ်းသေတ္တာကို လာရှာသူ တစ်စုထံမှ ကျန်ရစ်ခဲ့သော ဓားဖြစ်သည်။

ထိုဓားကို ယူလာသော်လည်း သူ့တို့ ဒရောသောပါး ထွက်ပြေးသွားရသဖြင့် ဓားကို ပစ်ထားခဲ့ရခြင်း ဖြစ်သည်။

ဓားသည် ညစ်ပတ်ပေကျံနေသည်။

ချင်းကိုးက ဓားကို ရေဆေးကြောရန် စိတ်ကူးကာ သွားယူလိုက်ပြီး အိမ်ပျက်ကြီး အပြင်ဘက်သို့ ထွက်လာခဲ့သည်။

"ဟူး ... ဟူး ... ဟူး ..."

"ဝေါ ... ဝေါ ... ဝေါ ..."

"ဂျိန်း ... ဂျလိန်း ..."

မိုးခြိမ်းသံ၊ လေပြင်းတိုက်သံ၊ မိုးရွာသွန်းသံများ ကျွတ်ကျွတ်ညံနေသည်။

အိမ်ပျက်ကြီး အပြင်ဘက်ရောက်သည်နှင့် ချင်းကိုး၏တစ်ကိုယ်လုံး မိုးရေများ စိုရွှဲသွားသည်။

ချင်းကိုးက ဆေးကြောရန် ယူလာသော ဓားကို မိုးရေထဲ၌ ဓားချက် ဇွေ့ယမ်းလိုက်၏။

ရုတ်တရက် သူ၏ ရင်ထဲ၌ ထူးခြားသော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။



"ဝှီး ..."

ချင်းကိုးက ဓားကို နောက်တစ်ချက် ဇွေ့ယမ်းလိုက်ပြန်သည်။

ထို့နောက် ...

မိမိကိုကိုယ် ဆန်းစစ် ကြည့်လိုက်လေသည်။

ဓားဇွေ့ယမ်းရသည်ကို စိတ်ထဲက အလိုလို သဘောကျမိသည်။

ထိုဓားသည်သူ၏ စိတ်ဆန္ဒထဲမှ လိုအပ်ချက်တစ်ခုကို ဖြည့်ဆည်းပေးနေသည်ဟု ထင်မိသည်။

မည်သို့မည်ပုံ ဖြည့်ဆည်းပေးသည်ကိုမူ ရုတ်တရက် စဉ်းစား၍ မရပါချေ။

ချင်းကိုးသည် မိုးရေစက်များကြား၌ ပျော်ရွှင်လာသည်။

"ဟေး ..."

တစ်ချက် ကြွေးကြော် အော်ဟစ်လိုက်ပြီး ...

ဓားကို တဝှီးဝှီးမြည်အောင် ဇွေ့ယမ်းကာ ကလေးငယ်တစ်ယောက်ကဲ့သို့ ခုန်ပေါက်ပြေးလွှားလိုက်သည်။

ချင်းကိုး၏ လှုပ်ရှားမှုမှာ လေဖွေတိုက်ခတ်သည့်အလား ရှိနေသည်။

ချင်းကိုးသည် အတန်ကြာအောင် ခုန်ပေါက် ပြေးလွှားနေပြီးနောက် ...

"ယား ..."

ညာသံပေးကာ မြေပေါ်ခြေဆောင့်၍ အပေါ်သို့ ခုန်တက်လိုက်သည်။

သူ၏ခန္ဓာကိုယ်သည် မြားတစ်စင်းပမာ ထိုးတက်သွား၏။

ထို့နောက် ...

"သွားစမ်း ..."

www.burmeseclassic.com

www.burmeseclassic.com



ချင်းကိုးသည် လက်ထဲမှဓားဖြင့် သစ်ကိုင်းကို ခုတ်ချပစ်လိုက်သည်။

"ဝုန်း ..."

သစ်ကိုင်းမှာ တိတိရိရိပြတ်ကာ မြေပေါ်ဝုန်းခနဲ ပြုတ်ကျသွားတော့သည်။

"အောင်ပြီဟေ့ ..."

ချင်းကိုးက ဝမ်းခေါင်းသံကြီးဖြင့် အော်ဟစ်ကြုံးဝါးလိုက်၏။

မြေပေါ်သို့ ပြန်ခုန်ဆင်းပြီး ဓားရေ့ယမ်းကာ ကြွေးကြော်လိုက်ခြင်း ဖြစ်သည်။

ယခု ...

သူ့ လပေါင်းများစွာ ပေါင်းစပ်တီထွင်ထားသော သိုင်းကွက်များသည် လက်နက်မဲ့ အသုံးပြုသည်ထက် သက်ထဲ၌ ဓားတစ်လက်ကိုင်ကာ လေ့ကျင့်ခြင်းက ပို၍ လိုက်လျောညီထွေ ရှိနေသည်။

သူ၏ သိုင်းကွက်များသည် ဓားသိုင်းပညာ ဖြစ်နေသည်။

ဤသည်ကို ချင်းကိုး နားလည်သဘောပေါက် သွားလေတော့သည်။

"ငါ လေ့ကျင့် တတ်မြောက်ထားတဲ့ သိုင်းကွက်တွေကို ဒီအတိုင်း အသုံးပြုမယ့်အစား ဓားတစ်လက်ကိုင်ပြီး ဓားသိုင်းအဖြစ် အသုံးချလိုက်ရင် ဘာမှ လိုလေသေး မရှိတော့ဘူး၊ လူထူးဆန်းကြီး ရောက်လာရင် သိပ်ကောင်းမှာပဲ"

ဝမ်းသာစရာ သတင်းကို လူထူးဆန်းကြီးအား ပြောပြလို၏။

သို့သော် ...

လူထူးဆန်းကြီး ကျင်းတိ လုံးဝ ရောက်မလာခဲ့ချေ။

ချင်းကိုးသည် သူ၏ သိုင်းကွက်များကို ဓားသိုင်းအဖြစ် အပြင်းအထန် လေ့ကျင့်နေလိုက်သည်။



ရည်ရွယ်ချက် ပန်းတိုင်သည် သူနှင့် တစ်စထက်တစ်စ နီးကပ်လာနေပြီဟုလည်း ခံစားနေရလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

# မြွေဆိုး

မြစ်ဝါမြစ် ...

စီးမင်းချူးသည် မြစ်ဝါမြစ်သို့ ရတနာဓား ရှိစွမ်းတို့လူစုနှင့်အတူ လိုက်ပါလာခဲ့သည်။ အတူတကွ ခရီးသွားရင်း ရှိစွမ်းနှင့် စီးမင်းချူးတို့ ရင်းရင်း နှီးနှီး ဖြစ်လာကြသည်။

မြစ်ဝါမြစ်ကြီးအား လှမ်းပြီး တွေ့မြင်နိုင်သော မြို့တစ်မြို့သို့ ရောက်လျှင်၊ ရှိစွမ်းက ခေတ္တနားဖို့ ဆုံးဖြတ်လိုက်သည်။

သူတို့လူစု မြို့ထဲသို့ ဝင်လာခဲ့ကြပြီး မြို့လယ်ပိုင်းသို့ ရောက်လာကြသောအခါ ရှိစွမ်းက အားလုံးကို ပြောလိုက်လေ၏။

"ရှေ့က စားသောက်ဆိုင်လေးမှာ ခဏအနားယူ စားသောက်ကြတာပေါ့"

"နောင်ကြီး သဘောပါပဲ"

စီးမင်းချူး သဘောတူလိုက်၏။

သူတို့လူစုသည် စားသောက်ဆိုင်သို့ သွားကာ ကောင်းနိုးရာရာများ မှာယူစားသောက်ပြီး အနားယူလိုက်ကြသည်။

ရှိစွမ်းက ပြတင်းပေါက်မှနေ၍ အပြင်ဘက် လမ်းပေါ်သို့ အကဲခတ်ကြည့်ရင်း ပြောလိုက်သည်။



"ထူးတော့ထူးတယ်၊ ကျုပ် ဒီနေရာမှာ စပြီး ထိုင်ကတည်းက အပြင်ဘက်ကို အကဲခတ်နေတာ လမ်းပေါ်မှာ ဖြတ်သန်းသွားလာကြတဲ့ သိုင်းလောကသား တစ်ယောက်တလေမှ မတွေ့ရဘူး၊ မြစ်ဝါမြစ်ရိုးတစ်လျှောက်မှာ ဆိုးသွမ်းသောင်းကျန်းနေတဲ့ လူဆိုးဓားပြတွေကို ဆုံးမဖို့ သိုင်းလောကသားတွေ စုရုံး ရောက်ရှိလာကြတယ်လို့ သတင်းကြားခဲ့ရတာပဲ"

ပုံမှန်အတိုင်းဆိုလျှင် သိုင်းလောကသားများ ပျားပန်းခတ်မျှ သွားလာ လှုပ်ရှားနေကြသည်ကို တွေ့မြင်ရလိမ့်မည်၊

ယခုကဲ့သို့ ...

သိုင်းသမားများ သွားလာလှုပ်ရှားမှု ကင်းမဲ့နေသည်မှာ ထူးခြားသော အကြောင်းကိစ္စတစ်ခုခု ရှိရပေလိမ့်မည်။

စီးမင်းချူး ထောက်ခံလိုက်သည်။

"အစ်ကိုကြီး ပြောတာမှန်ပါတယ်၊ အကြောင်းတစ်ခုခု ရှိရမှာ သေချာပါတယ်"

"ဆိုင်လုလင် တစ်ယောက်ကို ခေါ်မေးကြည့်ရင် မကောင်းဘူးလား၊ ညီလေး ဘယ်လို သဘောရသလဲ"

"စုံစမ်းကြည့်တာ မမှားပါဘူး အစ်ကိုကြီး"

စီးမင်းချူးသည် အလွန်ရိုကျိုးနေသည်။ အဆိပ်အိုး၏ အဝဠ်နှားနို့ရှိနေသည့် သဘောဝပင်တည်း။

"ကောင်းပြီ ..."

ရှိစွမ်းက ဆိုင်လုလင် တစ်ယောက်ကို ခေါ်ကာ ကျသင့်ငွေ ပေးချေပြီး သတင်းစုံစမ်းလိုက်သည်။

"ငါတို့ အရင်ရက်တွေက ဒီမြို့မှာ သိုင်းလောကသားတွေ လှုပ်ရှား သွားလာကြတာကို တွေ့ဖူးသလား"

ဆိုင်လုလင်က ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ်၊ လူဆိုးဓားပြတွေကို ဆုံးမနှိမ်နင်းဖို့ ရောက်လာကြတဲ့ သိုင်းသမားတွေကို မမြင်ချင်မှ အဆုံးပါပဲ၊ သူတို့ ရောက်လာကြတာကြောင့် ဈေးဆိုင်တွေ၊ စားသောက်ဆိုင်တွေ ပိုပြီး ရောင်းကောင်းခဲ့တာပေါ့"

ရှိစွမ်းက ...

"ဒါဖြင့် ဒီကနေ့ သူတို့ကို မတွေ့ရတာ ဘာကြောင့်လဲ"

"သိုင်းလောကသားတွေဟာ အနောက်ဘက်က မြွေစိမ်းတောင်မှာ ခိုအောင်းနေတဲ့ လူဆိုးဓားပြတွေကို သုတ်သင်ရှင်းလင်းပစ်ဖို့ ထွက်သွားကြပါတယ်၊ မကြာခင် မြွေစိမ်းတောင်မှာ တိုက်ပွဲကြီး ပေါ်ပေါက်လာလိမ့်မယ်လို့ ပြောဆိုနေကြပါတယ်ခင်ဗျာ"

ရှိစွမ်းက စီးမင်းချူးကို ကြည့်လိုက်လေသည်။

"ဒီလိုဆိုရင် ကျွန်တော်တို့လည်း မြွေစိမ်းတောင်ကို အချိန်မီ လိုက်သွားကြတာ ကောင်းမယ်ထင်တယ်၊ အစ်ကိုကြီးကော ဘယ်လို သဘောရသလဲ"

ရှိစွမ်းက ရယ်မောလိုက်သည်။

"လူဆိုးဓားပြတွေကို နှိမ်နင်းဖို့ လာခဲ့ကြတာပဲ၊ လိုက်သွားကြတာပေါ့ကွာ"

တစ်ဖန် ဆိုင်လုလင်ထံ၌ မြွေစိမ်းတောင်ကို မည်သို့သွား ရသည်ကို မေးမြန်းစုံစမ်းလိုက်သည်။

ဆိုင်လုလင်က ပြောပြသည်။

မြွေစိမ်းတောင်သို့ လိုက်မသွားဖို့လည်း တားမြစ်သည်။

"ဆရာကြီးတို့ ဖြစ်နိုင်ရင် မြွေစိမ်းတောင်ကို လိုက်မသွားကြ ပါနဲ့ဗျာ၊ မြွေစိမ်းတောင်ကို သွားကြတဲ့ သိုင်းလောကသားတွေဟာ ကျန်ခဲ့တဲ့ သုံးလလောက်က တစ်ယောက်မကျန် သေဆုံးသွားကြ တယ်၊ မြွေစိမ်းတောင်မှာ 'နဂါး'ဆိုတဲ့ လူဆိုးကြီးရဲ့ ညာလက်ရုံး



'သက်ချွေဘီလူး'က အနိုင်အမာ ခြေကုပ်ယူထားပြီး ရောက်လာတဲ့ သိုင်းလောကသားတွေကို သတ်ပစ်နေတယ်လို့ ပြောကြပါတယ်"

ရှိစွမ်းက တဟားဟား ရယ်မောလိုက်လေသည်။

"ငါတို့အပေါ် စေတနာထားပြီး တားမြစ်တာကို ကျေးဇူးတင် ပါတယ်ကွာ၊ ဒါပေမယ့် မသွားလို့ ဘယ်ဖြစ်ပါ့မလဲ၊ သေရမှာကို ကြောက်ရင် ဘယ်လာပါ့မလဲ၊ လူဆိုးဓားပြတွေကို မနှိမ်နင်းရဲဘူး ဆိုရင် ပိုပြီး သောင်းကျန်းလာကြလိမ့်မယ်၊ ဒါကြောင့် ငါတို့ သေချင် သေပါစေ၊ သွားပြီး နှိမ်နင်းရမှာပဲ"

ဆိုင်လုလင်က ...

"ဆရာကြီးတို့ဟာ ဘုရဲကောင်းတွေပါ၊ သွားမယ်ဆိုရင်လည်း သွားကြပါ၊ ဒါပေမယ့် မြွေစိမ်းတွေကိုလည်း ဂရုစိုက်ကြပါ၊ မြွေစိမ်း တောင်ဟာ နာမည်နဲ့လိုက်အောင် မြွေစိမ်းတွေ ပေါများပါတယ်၊ မြွေကိုက်ခံရရင် မလွယ်ပါဘူး"

"အေး ... အေး ... ငါတို့ သတိထားပါမယ်ကွာ"

ရှိစွမ်းသည် ဆိုင်လုလင်အား နှုတ်ဆက်ကာ ထိုင်ရာမှ ထ လိုက်သည်။

စီးမင်းချူးတို့လည်း ထရပ်လိုက်ကြသည်။

သူတို့ မြွေစိမ်းတောင်သို့ သွားကြတော့မည် ဖြစ်သည်။

စီးမင်းချူးသည် မြွေစိမ်းတောင်သို့ သွားသောခရီးမှာ အန္တရာယ် များလှကြောင်း တွက်ဆမိသော်လည်း အမှုမထားဘဲ လိုက်သွားရန် ဆုံးဖြတ်ခဲ့သည်။

မြို့ကလေးမှ ထွက်လာပြီးနောက် မြစ်ဝါမြစ်ကမ်းပါး အတိုင်း စီးမင်းချူးတို့ ခရီးနှစ်ခဲ့ရာ ညနေဆည်းဆာအချိန်တွင် အလွန်သတ်ကြီးနေသည့် မြွေစိမ်းတောင်ခြေသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိ သွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နေဝန်းနီမှာ အနောက်ဘက်တွင် ငုတ်လျှိုးပျောက်ကွယ်သွားတော့မည် ဖြစ်ပါသည်။

ဆည်းဆာရောင်ခြည်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှနေသည်။

ရီစွမ်းသည် စိမ်းလန်းသော တောအုပ်များ ဖုံးလွှမ်းထားသည့် တောင်ပေါ်သို့ အကဲခတ် ကြည့်လိုက်ပြီး စီးမင်ချူးအား ပြောလိုက်၏။

“ဒီတောင်ပေါ်မှာ မြွေဆိုး အန္တရာယ်တွေလည်း ရှိနေတယ် ဆိုတော့ မိုးချုပ်မှ တောင်ပေါ်ကိုတက်လို့ မဖြစ်တော့ဘူး၊ တောင်ခြေမှာ တစ်ညအနားယူပြီး မိုးလင်းမှ တက်ကြမယ်၊ မကောင်းဘူးလား”

“အစ်ကိုကြီး သဘောပါပဲ”

ရီစွမ်းသည် စီးမင်ချူး၏ သဘောမနော အတွင်းစိတ်ကို သေသေချာချာ မသိပါဘဲ အရေးပေးနေသည်။

စီးမင်ချူးက ရီစွမ်းနှင့်အတူ အဘာယ်ကြောင့် လိုက်လာရသနည်း။ သူတို့သည် တောင်ခြေတောအုပ်ထဲရှိ မြေကွက်လပ်တစ်နေရာ ရှင်းလင်းကာ တစ်ညတာ အနားယူရန် ပြင်ဆင်လိုက်ကြသည်။

တောတောင်တို့၏ သဘာဝအတိုင်း နေဝင်မိုးချုပ်သွားသည်နှင့် အအေးဓာတ်က လွှမ်းခြုံထားလိုက်သည်။ ရီစွမ်း၏တပည့်များသည် သစ်ကိုင်းခြောက်များ စုပုံကာ မီးပုံများ ပြုလိုက်ကြ၏။

အသင့်ပါသော ရိက္ခာခြောက်များဖြင့် ညစာစားသောက်လိုက်ကြသည်။

အချို့က ကင်းစောင့်ပြီး အချို့က အိပ်စက်အနားယူရန် ပြင်ဆင်လိုက်ကြသည်။

ရီစွမ်းနှင့် စီးမင်ချူးတို့ကား မီးပုံတစ်ခုအနီး၌ ထိုင်ကာ စကားပြောဆိုနေကြသည်။



“အရင်က နဂါးဆိုတဲ့ မြေအောက်ရာဇာ သိုင်းသမားကြီးတစ်ယောက် ပေါ်ပေါက်လာပြီး သိုင်းလောကကို ဒုက္ခပေးဖူးတယ်၊ သိုင်းလောကသားတွေ စုပေါင်းတိုက်ခိုက်ခဲ့ကြလို့ နောက်ဆုံး နဂါးရဲ့ ကြံ မအောင်မြင်တော့ဘဲ သိုင်းလောကထဲက ပျောက်ကွယ်သွားတာပဲ”

စီးမင်ချူး ...

“အခုတော့ နဂါးဟာ သိုင်းလောကမှာ ပြန်ပေါ်လာပြီး ဒုက္ခပေးနေတာပေါ့ ဟုတ်လား အစ်ကိုကြီး”

“မှန်တယ် ညီလေး ... ခုတစ်ကြိမ် ပြန်ပြီးပေါ်ထွက်လာတဲ့ အခါ အရင်တစ်ကြိမ်ကထက် ပိုပြီး ကြောက်စရာကောင်းနေတယ်၊ ဆိုးဓားပြတွေ၊ အောက်လမ်း သိုင်းသမားတွေကို စည်းရုံးသိမ်းသွင်းပြီး အင်အား တောင့်တင်းနေတယ်၊ နဂါးရဲ့ သိုင်းပညာလည်း အရင်ကထက်စာရင် ပိုပြီး တိုးတက်လာတယ်၊ မြစ်ဝါမြစ်ရိုးတစ်လျှောက်မှာ သောင်းကျန်းနေကြတာ နဂါးရဲ့ လူတွေပေါ့”

စီးမင်ချူး ...

“နဂါးကို တွေ့ချင်လိုက်တာ၊ သူ့ကို ကျွန်တော် ဆုံးမလိုက်ပါ”

ရီစွမ်း ရယ်မောလိုက်သည်။

“ငါ့ညီက အသက်ငယ်သေးတယ်၊ ငါ့ညီရဲ့ ဓားပညာ ထက်မြက်တယ် ဆိုပေမယ့် အကောင်းဆုံးတော့ မဟုတ်သေးဘူး၊ ကျုပ်လို ပြောလို့ စိတ်မဆိုးစေချင်ဘူး”

စီးမင်ချူး ခေါင်းညိတ်လိုက်သည်။

“ကျွန်တော် သဘောပေါက်ပါတယ်၊ အစ်ကိုကြီးကို ကျွန်တော်ယှဉ်ပြိုင်နိုင်ခဲ့တာ အစ်ကိုကြီး ကျွန်တော့်ကို ညှာလိုက်လို့ဆိုတာ နားလည်ထားပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



ရိုစွမ်း ကျေနပ်သွားသည်။ စီးမင်ချူးသည် လူတစ်ယောက် ကျေနပ်သွားအောင်လည်း စကားပြောတတ်သည်။

"ညီလေးကိုသာ တကယ့်ပြိုင်ဖက် ဘစ်ယောက်လို သဘောထားပြီး ယှဉ်ပြိုင်သွားမယ်ဆိုရင် ကျုပ် ရှုံးနိမ့်စရာအကြောင်း မရှိပါဘူး"

"ဟုတ်ပါတယ်၊ ရတနာဓား ရိုစွမ်းရဲ့အမည် သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားနေတာပါ၊ ကျွန်တော်က အညတရပါ ကျွန်တော့်ရဲ့ ဓားပညာ ဘယ်လောက်ပဲကောင်းကောင်း အစ်ကိုကြီးကို ရေရှည်မှာ မယှဉ်နိုင်ပါဘူး"

စီးမင်ချူးသည် လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ရင်း ဆက်ပြောလိုက်သည်။

"ကျွန်တော် ခုလို လိုက်လာတာ အကြောင်းရှိပါတယ်၊ အစ်ကိုကြီးဆီက ဓားပညာကို အနီးကပ်လေ့လာပြီး ပညာဆည်းပူးချင်လို့ပါ"

"ဩော် ... ငါ့ညီမှာ အကြံရှိနေတာကိုး ..."

"ကျွန်တော်ဟာ တစ်နေ့ကျရင် သိုင်းလောက ပထမဓားသမား ဆွတ်ခူးရယူမယ်လို့ သံန္နိဋ္ဌာန် ချထားပါတယ်၊ ဒါကြောင့် သိုင်းလောကထဲ ဆင်းပြီး ကိုယ့်ထက်တော်တဲ့ ဓားသမားကြီးတွေဆီမှာ ပညာ ဆည်းပူးနေတာပါခင်ဗျာ"

ရိုစွမ်းက ချီးလိုက်သည်။

"ငါ့ညီလို သဘောထားရှိတဲ့ လူငယ် လူရွယ်လေးတွေ သိုင်းလောကမှာ များများ ထွက်ပေါ်လာရင် သိပ်ကောင်းမှာပဲ၊ ဒါဆို သိုင်းလောကကြီး အစွန့်ရှည် တည်တံ့မယ် မဟုတ်လား"

"ကျွန်တော် ကြိုးစားမယ်လို့ ဆုံးဖြတ်ထားပါတယ်၊ ကျေးဇူးပြုပြီး ကျွန်တော့်ကို လမ်းညွှန်ပါ၊ ဆုံးမပါ အစ်ကိုကြီးရဲ့ ဓားပညာကို ဆည်းပူးခွင့်ပေးပါ"



အကြောင်းမသိသော ရိုစွမ်းသည် စီးမင်ချူးအား အလွန်ပင် သဘောကျနေလေပြီ။

ည မိုးချုပ်သွားပြီ ဖြစ်သလို ကောင်းကင်ပေါ်၌ လဝန်းထွက်ပေါ်လာပြီ ဖြစ်ပါသည်။

လရောင်ဖြင့် ညမှာ တစ်မျိုးသာယာ လှပနေပါတော့သည်။

ရိုစွမ်းက ...

"မိုးလင်းရင် တောင်ပေါ်တက်ကြမှာဆိုတော့ တိုက်ပွဲတွေနဲ့ ရင်ဆိုင်ရရင် အချိန်ရတော့မှာ မဟုတ်ဘူး၊ ဒါကြောင့် ဒီညအချိန် ရတုန်း ငါ့ညီကို ပြသပေးမယ်၊ ကဲ ... လာ ဟိုဘက်ကို သွားကြရအောင် ..."

"ကောင်းပါပြီ၊ အစ်ကိုကြီး"

စီးမင်ချူးသည် ရိုစွမ်းနှင့်အတူ လိုက်ပါသွားလေတော့သည်။

တောင်ခြေ၌ သစ်ပင်ချုံနွယ်များက ဟိုနားတစ်စု သည်နား တစ်စု ရှိနေသည်။

လရောင်ဖြာကျပြီး ရှင်းရှင်းလင်းလင်း ရှိသော နေရာတစ်ခုတွင် ရိုစွမ်းက ခြေလှမ်းရပ်လိုက်သည်။

"တောင်ပေါ်တက်သွားပြီး ဘယ်လို အခြေအနေမျိုးနဲ့ ရင်ဆိုင်ရမယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ကြဘူး၊ ဒါကြောင့် အချိန်ရတုန်း ကျုပ်ရဲ့ ရတနာဓားသိုင်း ညီလေးကို ပြသပေးမယ်၊ သေသေချာချာ ကြည့်ထားပါ"

"ကောင်းပါပြီ အစ်ကိုကြီး"

ရိုစွမ်းက ခါးမှ ရတနာဓားကို ဆွဲထုတ်လိုက်သည်။

ထို့နောက် ...

"ယား ..."

ညာသံပေးကာ ဓားသိုင်းလေ့ကျင့် ပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရီစွမ်း၏ ရတနာဓားသိုင်းမှာ ထက်မြက်လှသော ဓားသိုင်း ဖြစ်ကြောင်း စီးမင်ချူး ချက်ချင်း သဘောပေါက်သွားသည်။

ဓားဖေ့ယမ်းပုံ၊ ခုတ်ချပုံ၊ ထိုးသွင်းပုံ၊ ခုခံပုံ၊ တိုက်ခိုက်ပုံများ သည် အပြစ်ပြောစရာ မရှိအောင် ကောင်းမွန်နေသည်။

စီးမင်ချူး ပါးစပ်အဟောင်းသား ဖြစ်နေသည်။

"ရီစွမ်းကသာ ငါ့ကို ရန်သူလို့ သဘောထားပြီး ရတနာဓား သိုင်းကို ထုတ်ဖော်လိုက်ရင် ငါ ယှဉ်နိုင်မှာ မဟုတ်တာ သေချာတယ်၊ သူက ရန်သူမဟုတ်လို့ မထိခိုက်စေချင်လို့ ညှာလိုက်တာကြောင့် ငါ အနိုင်ရခဲ့တာပဲ၊ တကယ်တမ်း ယှဉ်ကြည့်မယ်ဆိုရင် ဖုံးချီ တီထွင် ထားတဲ့ ဓားကွက်တစ်ကွက်ပဲ ရီစွမ်းရဲ့ ရတနာဓားသိုင်းကို ယှဉ်နိုင် မယ်၊ ဒီဓားကွက်ကို ထပ်ကာတလဲလဲ သုံးလို့လည်း မဖြစ်ပြန်ဘူး၊ ဘာပဲပြောပြော ငါ ရှုံးနိမ့်သွားမှာ ငြင်းလို့ မရဘူး"

အခြေအနေကို သုံးသပ်ကာ ရီစွမ်းနှင့် မိတ်ဖွဲ့ပြီး လိုက်လာ မိခဲ့သည်မှာ မှန်ကန်နေပြီဟု စီမင်ချူး တွေးလိုက်မိသည်။

ရီစွမ်း၏ ရတနာဓားသိုင်းကိုလည်း သေသေချာချာ မှတ်သား ထားလိုက်သည်။

အတော်ကလေး ကြာလျှင် ရီစွမ်း၏ ဓားရေးလေ့ကျင့်မှု ပြီး ဆုံးသွားသည်။

ရီစွမ်းက မေးသည်။

"ကျုပ်ရဲ့ ဓားသိုင်းကို သေသေချာချာ ကြည့်ထားရဲ့လား"

"ဟုတ်ကဲ့ ကြည့်ထားပါတယ် အစ်ကိုကြီး"

"ကျုပ်ရဲ့ ဓားသိုင်းက ဘယ်လိုနေသလဲ"

"ပြိုင်ဘက်ကင်းတဲ့ ဓားသိုင်းပါပဲဗျာ"

"ဟား ... ဟား ... ဟား ..."

ရီစွမ်း သဘောကျစွာ ရယ်မောလိုက်သည်။



"ငါ့ညီ ကြိုးစားပြီး လေ့ကျင့်မယ်ဆိုတော့၊ ငါ့ညီရဲ့ ဓားသိုင်းရယ် ကျုပ်ရဲ့ ရတနာဓားသိုင်းရယ် ဒါတွေကို ပိုင်နိုင်အောင် လေ့ကျင့် ထားမယ်ဆိုရင် တစ်နေ့မှာ ငါ့ညီ မျှော်မှန်းထားသလို ပြိုင်ဘက်ကင်း တဲ့ ဓားသမားတစ်ယောက် ဖြစ်လာမှာပဲ"

စီးမင်ချူး ဦးညွှတ်လိုက်လေသည်။

"ကျွန်တော့်အပေါ်မှာ စေတနာထားတဲ့အတွက် နောင်ကြီးရဲ့ ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး၊ ခက်တာက ရတနာဓားသိုင်း ဟာ ဆန်းပြားပြီး အဆင့်အတန်း မြင့်လေတော့ ဓားကွက်အားလုံးကို တစ်ကြိမ်တစ်ခါတည်းနဲ့ မှတ်မိဖို့ မလွယ်လှပါဘူးခင်ဗျာ"

"ဟား ... ဟား ... ဟား ..."

ရီစွမ်းက ရယ်မောလိုက်သည်။

"ကျုပ် လောကြီးသွားတယ်၊ ငါ့ညီ ပြောတာမှန်ပါတယ်၊ ရတနာဓားသိုင်း တစ်ခုလုံးကို တစ်ကြိမ်တစ်ခါတည်း ကြည့်ရုံနဲ့ မှတ်မိဖို့ ဘယ်လွယ်ပါ့မလဲ၊ ကျုပ်တို့မှာ အချိန်လည်း သိပ်မရဘူး ဆိုတော့ ရတနာဓားသိုင်းရဲ့ အနှစ်ချုပ် အကောင်းဆုံး ဓားတစ်ကွက် ကိုပဲ သေသေချာချာ မှတ်ထားလိုက်ပေါ့"

"ဟုတ်ကဲ့ အစ်ကိုကြီး"

ရီစွမ်းသည် သူ၏ အကောင်းဆုံး ဓားကို ထုတ်ဖော်ပြသ လိုက်သည်။ သူစီးကို ဘဏ္ဍာစိုး သဘောထားပြီး စီးမင်ချူး မှတ်မိ အောင် အကြိမ်ကြိမ် အခါခါ ပြသလေသည်။

စီးမင်ချူးကလည်း သေသေချာချာ မှတ်သားထားလိုက်သည်။

"ကဲ ... ညီလေး၊ လေ့ကျင့်ကြည့်ပါဦး"

"ဟုတ်ကဲ့ ..."

ရီစွမ်းက အကဲခတ်ကြည့်ပြီး လိုအပ်ချက်များကို ထောက်ပြ လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စေတနာအပြည့်ဖြင့် ဓားသိုင်းတစ်ကွက် လက်ဆောင်ပေးလိုက်ခြင်း ဖြစ်ပါသည်။

စီးမင်ချူးကလည်း ကြိုးစားလိုက်သည်။

သို့ဖြင့်အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားရာ ညသန်းခေါင်အချိန်သို့ပင် ရောက်မှန်းမသိ ရောက်ရှိလာလေတော့သည်။

ရှိစွမ်းက ...

"ကဲ ... တော်လောက်ပြီ၊ ညဥ့်လည်းနက်နေပြီ၊ တို့ အနားယူလိုက်ကြဦးစို့ ..."

စီးမင်ချူးလည်း ဓားသိုင်းလေ့ကျင့်မှုကို ရပ်တန့်လိုက်သည်။

"ကောင်းပါပြီ အစ်ကိုကြီး"

နှစ်ယောက်သား မြေကွက်လပ်ဆီသို့ လှည့်ပြန်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် ...

"ကယ်တော်မူကြပါ"

မလှမ်းမကမ်းမှ မိန်းကလေးတစ်ယောက်၏ အော်ဟစ်သံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

ရုတ်တရက် ထွက်ပေါ်လာသော အော်ဟစ်သံကြောင့် စီးမင်ချူးတို့ ရင်ထိတ်သွားကြသည်။

ချင်းချင်း ကြည့်လိုက်မိကြ၏။

"တစ်ယောက်ယောက်တော့ ဒုက္ခရောက်နေပြီ"

"ဟုတ်တယ် ညီလေး ... တို့ သွားကြည့်ရအောင်၊ ကူညီသင့်ရင် ကူညီကြတာပေါ့"

"ဟုတ်ကဲ့"

နှစ်ယောက်သား အော်ဟစ်သံ ထွက်ပေါ်လာရာဆီသို့ ဦးတည်ပြေးလွှားသွားလိုက်ကြသည်။



အော်သံသည် သစ်ပင် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်သောတောင်ခြေ တစ်နေရာမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

"ဟူး ... ဟူး ..."

စီးမင်ချူးတို့ ပြေးသွားကြရင်း တောအုပ်ကလေးအနီးသို့ ရောက်ရှိသွားကြ၏။

တောအုပ်ရှေ့၌ ကျောက်တုံး၊ ကျောက်ခဲများ စုပုံလျက် ရှိနေလေသည်။

ကျောက်တုံး၊ ကျောက်ခဲများကြားမှ အော်ဟစ်သံ ထွက်ပေါ်လာခြင်း ဖြစ်ပါသည်။

"သတိထား ..."

ရှိစွမ်းက သတိပေးလိုက်ပြီး ရတနာဓားကို ဆွဲထုတ်ကားချဉ်းကပ်သွားသည်။

စီးမင်ချူးလည်း လိုက်သွားလေ၏။

ကျောက်တုံး၊ ကျောက်ခဲများအနီးသို့ ရောက်လျှင် ဗျာများနေသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသည်။

ထိုမိန်းကလေးကို မြင်လိုက်သောအခါ စီးမင်ချူး မှင်တက်ငေးမောသွား၏။

မိန်းကလေးမှာ နတ်မိမယ်လေးအလား ချောမောလှပနေသည်မဟုတ်ပါလား။

"ကယ်တော်မူကြပါရှင်"

မိန်းကလေးက အော်ဟစ်လိုက်ပြန်သည်။

ရှိစွမ်းနှင့် စီးမင်ချူးတို့ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ကြသည့်တိုင် ထိုမိန်းကလေးမှ လွဲပြီး အခြား လူရိပ်လူယောင်မတွေ့ရချေ။

မိန်းကလေး တစ်ယောက်တည်း ဖြစ်နေပြီး အန္တရာယ်ပြုမ

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မတွေ့ရသဖြင့် အံ့သြမိကြ၏။ သူမ အဘယ်ကြောင့် အော်ဟစ်နေပါသနည်း။

ရိုစွမ်းက ကျောက်တုံးတစ်တုံးပေါ် ခုန်တက်ကာ လက်ဇော့ယမ်း ပြလိုက်လေသည်။

"မိန်းကလေး မကြောက်နဲ့၊ ဘယ်လို အန္တရာယ် ကြုံတွေ့နေရတယ်ဆိုတာ ပြောပါ၊ ကျုပ် ကူညီပါမယ်"

မိန်းကလေးသည် ရိုစွမ်းနှင့် စီးမင်းချူးတို့ ရောက်လာသည်ကို မြင်ရလျှင် ဝမ်းသာသွားသည်။

"ကျွန်မကို ကူညီပါရှင်၊ ကျွန်မရဲ့ ပတ်ပတ်လည်မှာ မြွေတွေ ဝိုင်းနေတယ်"

"ဟင် ..."

ယခုမှ ...

ကျောက်တုံး ကျောက်ခဲများကြား၌ မြွေစိမ်းများ တွန့်လိမ်ကာ သွားလာနေသည်ကို တွေ့မြင်လိုက်ရ၏။

စီးမင်းချူး သတိဝင်လာသည်။

"ညီမ ဘာမှ မကြောက်နဲ့ ..."

အားပေးရင်း ကျောက်တုံး ကျောက်ခဲများကြားသို့ ခုန်ချလိုက်လေသည်။

"ရှီ ... ရှီ ... ရှီ ..."

မြွေစိမ်းများသည် စီးမင်းချူး၏ လှုပ်ရှားမှုကြောင့် အာရုံပြောင်းသွားကြပြီး စီးမင်းချူးထံ ဝိုင်းလာကြလေသည်။

စီးမင်းချူးက ...

"ညီမ ကျောက်တုံးကြီးပေါ်ကို ခုန်တက်လိုက်"

မိန်းမချောလေးအား လှမ်းပြောပြီး ဓားဆွဲထုတ်ကာ ဝိုင်းရံလာသည့် မြွေစိမ်းများကို တိုက်ခိုက်ပစ်လိုက်လေသည်။



စီးမင်းချူးက မြွေစိမ်းများကို တိုက်ခိုက်ပစ်လိုက်သဖြင့် မိန်းမချောလေးမှာ ကျောက်တုံးကြီးပေါ်သို့ ခုန်တက်ရန် အခွင့်အရေးရသွားကာ အန္တရာယ်မှ လွတ်မြောက်သွားသည်။

သို့သော် ...

"အား ..."

စီးမင်းချူးသည် မြွေစိမ်းများကို တိုက်ခိုက်ရင်း ...

အမှတ်မထင် မြွေစိမ်းတစ်ကောင်၏ ကိုက်ခဲခြင်းကို ခံလိုက်ရသည်။

"ညီလေး ... ကျောက်တုံးပေါ်ကို မြန်မြန်ခုန်တက်လိုက်"

စီးမင်းချူးကို သတိပေးကာ ဝိုင်းရံလာသော မြွေစိမ်းများအား လက်နက်ပုန်းဖြင့် ပစ်ခတ် တိုက်ခိုက်လိုက်လေသည်။

စီးမင်းချူးလည်း ကျောက်တုံးပေါ်သို့ ခုန်တက်လိုက်မှ မြွေအန္တရာယ်မှ လွတ်မြောက်သွားလေသည်။

သူတို့သည် နတ်မိမယ်လေးအလား ချောမောလှပသော မိန်းကလေးတစ်ယောက်အား ကယ်တင်နိုင်လိုက်ပြီ ဖြစ်ပါသည်။

သို့သော် ...

စီးမင်းချူးသည် မြွေစိမ်းတစ်ကောင်၏ ကိုက်ခဲခြင်း ခံလိုက်ရသည်။

မိန်းမချောလေးက စိုးရိမ်ပူပန်စွာ မေးလာပါသည်။

"အစ်ကိုကို မြွေကိုက်မိသွားတယ် မဟုတ်လား"

စီးမင်းချူး ရယ်မောလိုက်သည်။

"ကိစ္စမရှိပါဘူး၊ ကျုပ်အတွက် ဘာမှ မပူပါနဲ့"

မပူပါနဲ့ဟု ပြောသော်လည်း မြွေဆိပ်ကြောင့် သူ၏တစ်ကိုယ်လုံး ချစ်ချစ်တောက် ပူလောင်လာသည်။ ဦးခေါင်းထဲလည်း မူးနောက်ရီဝေလာသည်။

www.burmeseclassic.com



ခန္ဓာကိုယ် ဒယီးယိုင် ဖြစ်လာတော့သည်။

ရိုစွမ်းလည်း စိတ်ပူသွားလေသည်။

"ညီလေး ဟောဒီဆေးလုံးလေးကို သောက်ထားလိုက်ပါ"

အသင့်ဆောင်ထားသော အသက်ကယ် ဆေးလုံးတစ်လုံး ထုတ်ပေးလိုက်သည်။

စီးမင်ချူးက ယူကာ သောက်လိုက်လေသည်။

ရိုစွမ်းက ...

"ကျုပ်ရဲ့ အသက်ကယ်ဆေးဟာ အဆိပ်အမျိုးမျိုးကိုလည်း ကာကွယ်နိုင်ပါတယ်၊ ညီလေး မကြာခင် သက်သာသွားမှာပါ၊ ကျုပ်တို့ မြေကွက်လပ်ကို ပြန်ပြီး အနားယူကြတာပေါ့"

"ကောင်းပါပြီဗျာ"

စီးမင်ချူးအား ရိုစွမ်းက ပေးမ ခေါ်ဆောင်သွားလေသည်။

"ညီမလည်း လိုက်ခဲ့ပါ"

ရိုစွမ်းက ဖိတ်ခေါ်လိုက်သဖြင့် နတ်မိမယ်လေးလည်း အားကိုးတကြီး လိုက်ပါသွားလေတော့သည်။

❖ ❖ ❖

အခန်း (၁၄)

# လှို့ဝှက်အကြံအစည်

အရှေ့အရပ်မှ နေဝန်းနီ ထွက်ပေါ်လာသည်။

နွေးထွေးသော နံနက်ခင်း နေရောင်ခြည်ဖြင့် ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်း ဖြစ်လာသည်။

လေဗွေ့ယမ်း တိုက်ခတ်လာသောအခါ မွှေးကြိုင်သော တောပန်းရနံ့များ လွင့်ပျံ့လာပြီး ကျေးငှက် သာရကာလေးများ၏ ဘာသာဘာဝ တေးသီကြွေးသံများလည်း ကြားနေရသည်။

"အင် ..."

စီးမင်ချူး တစ်ချက်လူးလွန့်ကာ အိပ်ပျော်နေရာမှ နိုးလာ၏၊

မျက်လုံးဖွင့်လိုက်လျှင် မြေကွက်လပ်နံဘေး သစ်ပင်တစ်ပင်အောက်၌ အိပ်ပျော်နေသည့် အဖြစ်ကို သတိပြုမိလိုက်သည်။

စီးမင်ချူး ကပျာကယာ လူးလိမ့်ထလိုက်၏။

ထိုစဉ် ...

"ဟင် ... အစ်ကို အိပ်ရာက နိုးလာပြီ"

ချိုလွင်သော စကားသံလေး ထွက်ပေါ်လာလေ၏။

မလှမ်းမကမ်း၌ ရှိနေသော မိန်းကလေးက စီးမင်ချူးနီး ချဉ်းကပ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



စီးမင်ချူးသည် ညက တွေ့ခဲ့ရသော မိန်းကလေးဖြစ်ကြောင်း ချက်ချင်း မှတ်မိလိုက်လေသည်။

"ဩော် ... ညီမကိုး ..."

မိန်းမချောလေးက ပြုံးပြလိုက်သည်။

"အစ်ကို ဘာမှ မဖြစ်ဘူးနော်"

"ဟုတ်တယ် ... ကျုပ် ဘာမှ မဖြစ်ပါဘူး"

ညက မြွေစိမ်းတစ်ကောင် အကိုက်ခံရသည့် အဖြစ်ကို ရည်ရွယ်ကာ မေးလိုက်ခြင်းဖြစ်ကြောင်း စီးမင်ချူး နားလည်ထားသည်။

မိန်းမချောလေး သက်ပြင်းချလိုက်သည်။

"တော်ပါသေးရဲ့ အစ်ကိုသာ တစ်ခုခုဖြစ်သွားရင် ကျွန်မတော့ ဘယ်လိုမှ စိတ်ကောင်းနိုင်မှာ မဟုတ်တော့ဘူး"

"ဟား ... ဟား ... ဟား ..."

စီးမင်ချူးက ရှင်းပြလိုက်လေသည်။

"ကျုပ်က မြွေဆိုးပေါတဲ့ အရပ်မှာ နေထိုင်ခဲ့ဖူးပါတယ်၊ မြွေအမျိုးမျိုး တွေ့ခဲ့ဖူးတယ်၊ ဒီမြွေစိမ်းတွေဟာ မြွေစိမ်းမြီးခြောက် အမျိုးအစားထဲမှာ ပါဝင်တယ်၊ အဆိပ်ရှိတဲ့မြွေ ဖြစ်ပေမယ့် လူ့အသက်ကို သေလောက်အောင် မပြင်းထန်ပါဘူး၊ အကိုက်ခံရတဲ့ အချိန်မှာ ကိုယ်ပူမယ်၊ အပြင်းဖျားမယ်၊ တစ်ကိုယ်လုံး အဆစ်အမြစ်တွေ ကိုက်ခဲလိမ့်မယ်၊ ဒါဟာလည်း တစ်ရက်ပါပဲ၊ ဘာဆေးမှ မသောက်လည်း နောက်တစ်နေ့ကျရင် သူ့အလိုလို သက်သာ ပျောက်ကင်းသွားမှာပါ"

မိန်းမချောလေး အံ့သြသွားသည်။

"ဒါ တကယ်ပြောတာလားဟင်"

"တကယ်ပေါ့ ညီမရယ်၊ ကျုပ်က မြွေစိမ်းတွေ အကြောင်းကို ကောင်းကောင်းကြီး သိပါတယ်"



"ဟင်း ... တော်ပါသေးရဲ့ရှင်"

မိန်းမချောလေး သက်ပြင်းချပုံကို ကြည့်ကာ စီးမင်ချူး ရယ်မောလိုက်ပြန်သည်။

"ကျုပ်နာမည်က စီးမင်ချူးလို့ ခေါ်တယ်၊ တစ်နေ့ကျရင် သိုင်းလောက ပထမဆုံးဖြစ်တဲ့ ပွဲရအောင် ကြိုးစားနေတာပါ၊ ညီမကကော လူဆိုး ဓားပြတွေ သောင်းကျန်းနေတဲ့ ဒီမြွေစိမ်းတောင်ပေါ်ကို ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ၊ ပြောစမ်းပါဦး"

ကိုယ့်ကိုကိုယ် မိတ်ဆက်ရင်း မိန်းမချောလေး အကြောင်းကို မေးလိုက်လေ၏။

မိန်းမချောလေး၏ မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသည့် အရိပ်ရောင်များ ဖြစ်ပေါ်လာသည်။

"ကျွန်မနာမည် ပေ့ဗွာလို့ ခေါ်ပါတယ်ရှင်၊ ပညာ[illegible]ဘက် အစ်မဖြစ်သူက အထင်မှားပြီး ကျွန်မကို သုတ်သင်ရှင်းလင်းပစ်ဖို့ ကြိုးစားနေပါတယ်၊ ဒါကြောင့်မို့ ကျွန်မ အသက်လု ထွက်ပြေးရင်း ဒီနေရာကို ရောက်လာတာပါ၊ မြွေစိမ်းတွေ ရှိနေတယ်ဆိုတာကော၊ လူဆိုး ဓားပြတွေ ရှိနေတယ် ဆိုတာကိုပါ လုံးဝ မသိခဲ့ပါဘူးရှင်"

"ဖြစ်ရလေ ညီမရယ်"

စီးမင်ချူးသည် မိန်းမချောလေး (ဝါ) ပေ့ဗွာ၏ စကားကို ယုံကြည်သွားကာ စိတ်မကောင်း ဖြစ်သွားသည်။

ပေ့ဗွာက အမှန်တစ်ဝက်ဖြင့် လိမ်ပြောလိုက်သည်ကို စီးမင်ချူးက မသိချေ။ ပေ့ဗွာသည်လည်း သူကဲ့သို့ လူစားမျိုးပေတကား ...

ယိုဟုန်အား သုတ်သင်ရှင်းလင်းနိုင်ရန် ကြေးစား မိုင်းဖြူ ထင်းဟိုအား ငှားရမ်းခဲ့သော်လည်း ထင်းဟို ဘာမှ မတတ်သာဘဲ ယိုဟုန်၏ လက်ချက်မိကာ မရှုမလှ ခံသွားခဲ့ရပြီး ဒုက္ခတလည်း အဆစ်ပါသွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယိုဟုန်သည် ဆရာ့ထံမှ ပညာအမွေ ရရှိထားသည်ဖြစ်၍ ကြောက်မက်ဖွယ် ကောင်းနေပြီဖြစ်ရာ ပေ့ဗှာ ကြံရာမရ ဖြစ်ခဲ့ရသည်။

ယိုဟုန်က မည်နည်းနှင့်မျှ ချမ်းသာပေးမည် မဟုတ်သဖြင့် ကြံရာမရသည့်နောက်ဆုံး သိုင်းသမားဆိုးများ သောင်းကျန်းနေသည့် မြစ်ဝါမြစ်ရိုးဆီသို့ ထွက်ပြေးလာခဲ့ခြင်း ဖြစ်သည်။

စီးမင်ချူးက ...

"ညီမရဲ့ ပညာသင်ဘက် အစ်မရဲ့ သိုင်းပညာဟာ တော်တော် ထက်မြက်တယ်၊ ဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"ကျုပ်က သူနဲ့ တစ်ခါလောက်တော့ တွေ့ချင်ပါသေးတယ်"

"အစ်ကိုက မမယိုဟုန်ကို ဆုံးမပေးမလို့လားဟင်"

"ဒါပေါ့ ညီမရယ်"

ပေ့ဗှာ၏ အလှသည် ကြောက်မက်ဖွယ်ကောင်းသော အဆိပ် တစ်မျိုးနှင့် တူနေ၏။

သူမ၏ အလှကို တွေ့မြင်ရသူတိုင်းသည် သူမအတွက် ဘာ မဆို လုပ်ပေးဝံ့ကြသည်။

လုပ်ပေးရန် ဆန္ဒရှိကြသည်။ သူမအတွက် အသက်ပင်သေသော ဟု ဆုံးဖြတ်ကြသည်။

ပေ့ဗှာ ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ပါဘူး၊ ကျွန်မအတွက် ဒုက္ခမရှာချင်ပါနဲ့ရှင်"

"ဘာကြောင့်များလဲ ညီမရယ်"

"မမယိုဟုန်က အတော်ကို ကြောက်စရာကောင်းတာ၊ မောင် ရဲ့ သိုင်းပညာနဲ့ သူ့ကို ယှဉ်ပြိုင်အနိုင်ယူနိုင်မှာ မဟုတ်ဘူး"

"ကိစ္စမရှိဘူး၊ ကျုပ် ဆုံးမပေးပါ့မယ်"

ပေ့ဗှာက စီးမင်ချူးအား ကြည့်လိုက်သည်။



စီးမင်ချူးသည် ယောကျ်ားပီသစွာ ချောမောကာ မင်းသားလေး တစ်ယောက်ကဲ့သို့ ရှိနေ၏။

ပေ့ဗှာ သဘောကျသွားသည်။

"အစ်ကိုသာ ဆုံးမပေးမယ်ဆိုရင် အစ်ကို့ကျေးဇူးကို ဘယ်လို ပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူးရှင်"

"ဟား ... ဟား ... ဟား ... ကျုပ်က ကျေးဇူးတင်ခံချင်လို့ ကူညီတာမှ မဟုတ်တာ၊ ကျေးဇူး ပြန်ဆပ်စရာ မလိုပါဘူး၊ ညီမကို ဒုက္ခပေးနေတဲ့ ယိုဟုန်က ဘယ်မှာလဲ ပြောပါ၊ ကျုပ်သွားပြီး ရင်ဆိုင် လိုက်ပါမယ်"

ပေ့ဗှာ ခေါင်းခါယမ်းလိုက်လေသည်။

"သူ ဘယ်မှာရှိသလဲဆိုတာ ကျွန်မ မသိပါဘူးရှင်၊ ဒါပေမယ့် ကျွန်မနောက်ကို လိုက်လာမှာ သေချာပါတယ်"

"ဒါဖြင့် မြွေစိမ်းတောင်ကို ရောက်လာလိမ့်မယ် ဆိုပါတော့"

"အဲဒါ ဖြစ်နိုင်ပါတယ်ရှင်"

စီးမင်ချူးက ...

"ဒီလိုဆိုရင်တော့ သူ အမြန်ဆုံး ရောက်လာပါစေလို့ ဆု တောင်းရတော့မှာပဲ"

ထိုစဉ် ...

တောင်ပေါ်တစ်နေရာမှ ရူးရှသော အော်ဟစ်သံများ လွင့်ပျံ့ လာသည်ကို ကြားလိုက်ရသည်။

ပေ့ဗှာ ထိတ်လန့်သွား၏။

"ကျွန်မ ဒီဘက်ကို ရောက်လာတော့မှ သိုင်းသမားတွေနဲ့ လူဆိုးတွေ ဒီတောင်ပေါ်မှာ တိုက်ခိုက်နေကြလိမ့်မယ်ဆိုတဲ့ သတင်း ကြားခဲ့ရတယ်၊ အခု တောင်ပေါ်က အော်သံတွေကြားတယ်၊ တိုက် ပွဲတွေ ဖြစ်နေပြီထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



စီးမင်းချူးမှာ သိုင်းလောကသားများက လူဆိုး ဓားပြများအား ဆုံးမနိုင်လိမ့်မည်ဟု ယုံကြည်ထားလေသည်။

ထို့ကြောင့် ... တိုက်ပွဲများတွင် ပါဝင်ဆင်နွှဲလိုသည်။

သို့မှသာ ...

သိုင်းလောကသားများ၏ ကြား၌ သူသည် မျက်နှာရလိမ့်မည် မဟုတ်ပါလား။

ဖုံးချီနှင့် ရီစွမ်းထံမှ ရရှိခဲ့သော သိုင်းကွက်များကို အသုံးပြုခြင်းဖြင့် အောင်မြင်မှု ရလိမ့်မည်ဟု ယုံကြည်ထား၏။

စီးမင်းချူး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဟုတ်တယ် ဟိုမှာ တိုက်ပွဲဖြစ်နေပြီ၊ ကျုပ်တို့ မြန်မြန်သွားကြမှ ဖြစ်မယ်"

ပေ့ဗှာ မျက်လုံးပြူးသွား၏။

"တောင်ပေါ်ကို သွားမယ် ဟုတ်လား"

"ဟုတ်တယ်လေ ..."

"ဖြစ်ပါ့မလားရှင်"

"ဖြစ်ပါတယ်၊ ကဲ ... လာ ညီမလည်း လိုက်ခဲ့ပေါ့"

"ကျွန်မ ..."

"ကျုပ်တစ်ယောက်လုံး ရှိတယ်၊ ဘာမှမပူနဲ့၊ ညီမကို ကျုပ်တာဝန်ယူပါတယ်"

"ဟုတ် ... ဟုတ်ကဲ့"

ပေ့ဗှာသည် မဝံ့မရဲဖြင့် ကြောက်ရွံ့ ထိတ်လန့်နေပုံရှိသည်။

"ကဲ ... သွားကြစို့"

စီးမင်းချူး ထွက်သွားလျှင် ပေ့ဗှာလည်း လိုက်သွားရ၏။

အမှန်တော့ သူမသည် နဂါး၏ လူများနှင့် တွေ့လိုနေသည်မှာ အမှန်ပင် ဖြစ်သည်။



စီးမင်းချူး၏ရှေ့တွင် ကြောက်ရွံ့ချင်ဟန် ဆောင်နေသော်လည်း တိုက်ပွဲရှိရာသို့ သွားရမည်ဖြစ်ရာ သူမ ဝမ်းသာနေသည်။

နှစ်ယောက်သား တောင်ပေါ်သို့ ခပ်သွက်သွက် တက်သွားကြလေတော့သည်။

မြွေစိမ်းတောင်သည် စိမ်းလန်းစိုပြည်ကာ သာယာလှပသော တောင်တစ်လုံး ဖြစ်ပါသည်။

သို့သော် ...

နဂါးဦးဆောင်သော လူဆိုး ဓားပြများ ခိုအောင်းနေကြပြီးနောက် သာယာလှပမှုအပေါင်းမှာ ဆိတ်သုဉ်း ပျောက်ကွယ်သွားခဲ့ရတော့သည်။

နဂါးနှင့် သူ၏ လူဆိုး ဓားပြများ ဒုတိယအကြိမ် ပြန်လည်ခေါင်ထောင်လာကြမည်ကို သိုင်းလောကသားများ မလိုလားကြချေ။

ထို့ကြောင့် ...

နဂါးတို့အဖွဲ့အား ပြတ်ပြတ်သားသား သုတ်သင်ရှင်းလင်းပစ်ရန် အနယ်နယ် အရပ်ရပ်မှ သိုင်းသမားများ စုပေါင်းရောက်ရှိလာကြသည်။

မြွေစိမ်းတောင်ပေါ်သို့ တက်သွားသည့် သိုင်းသမားများအား နဂါးဦးဆောင်သော အဖွဲ့က တိုက်ခိုက်သုတ်သင်ပစ်နေသည်ဟူသော သတင်းများ ထွက်ပေါ်နေပါသည်။

တိုက်ပွဲအစတွင် သိုင်းလောကသားများ အထိနာနေသဖြင့် မခံမရပ်နိုင် ဖြစ်နေသော အထက်လမ်း သိုင်းသမားများသည် အချင်းချင်း စုပေါင်းကာ အလုံးအရင်းဖြင့် ရောက်ရှိလာကြတော့သည်။

မြွေစိမ်းတောင်ပေါ်၌ ပြင်းထန်သော တိုက်ပွဲများ ဖြစ်ပေါ်လာတော့မည်မှာ သေချာနေသည်။

စီးမင်းချူးနှင့် ပေ့ဗှာတို့သည် သတိထားပြီး တောင်ပေါ်တက်

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ကြရာ တစ်နေရာသို့ အရောက်တွင် တိုက်ပွဲတစ်ခုကို တွေ့လိုက်ရလေသည်။

အထက်လမ်း သိုင်းသမားတစ်စုက နဂါး၏လူအချို့ကို ဝိုင်းဝန်းတိုက်ခိုက်နေကြခြင်း ဖြစ်သည်။

စီးမင်ချူးနှင့် မေ့ဟွာတို့က ကျောက်တုံးကြီးတစ်တုံး နောက်ကွယ်မှ ချောင်းကြည့်လိုက်ကြသည်။

တိုက်ပွဲ ပြင်းထန်နေပါသည်။

"ဝုန်း ..."

"အား ..."

"အမလေး ..."

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်နေသည်။

အောက်လမ်း သိုင်းသမားများကော နဂါး၏ လူများပါ ထိခိုက်ကျဆုံးမှုများ ရှိနေသည်။

စီးမင်ချူးက အခြေအနေကို အကဲခတ်လိုက်၏။

အထက်လမ်း သိုင်းသမားများဘက်က အသာစီးရနေသည်ကို တွေ့ရလျှင် ကျေနပ်စွာ ပြုံးလိုက်သည်။

"ညီမ ဒီမှာ ခဏနေခဲ့ဦး၊ ကျုပ် အခုချက်ချင်း ပြန်လာခဲ့ပါမယ်"

သူသည် ကျောက်တုံးနောက်ကွယ်မှ ခုန်ထွက်လိုက်သည်။

"ဟူး ..."

စီးမင်ချူးသည် ကျောက်တုံးနောက်ကွယ်မှ ရိုပ်ခနဲ ခုန်ထွက်လိုက်ကာ တိုက်ပွဲအတွင်းသို့ ရောက်ရှိသွား၏။

သူ၏လက်ထဲတွင် ဓားတစ်လက် ရှိနေပြီး နဂါး၏လူများအား တိုက်ခိုက်လိုက်သည်။

ဖုံးချိ၏ သိုင်းကွက်ကို ရရှိခဲ့သည့်အပြင် ရိစွမ်းထံမှလည်း



ဓားကွက်များ သင်ယူခဲ့ရသဖြင့် သူ၏ ဓားပညာ [illegible] အတော်ကို တိုးတက်နေပြီ ဖြစ်ပါသည်။

စီးမင်ချူး ဝင်ရောက်လာသောအခါ အထက်လမ်း သိုင်းသမားများ လွန်စွာ အားသာသွားသည်။

တစ်ဖက်နှင့်တစ်ဖက် ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြသည်။

"ဝုန်း ..."

"အမလေး ..."

"သေပါပြီဗျ ..."

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာကာ နဂါး၏ လူများ အတုန်းအရုန်း ဖြစ်သွားကြလေတော့သည်။

"ဟား ... ဟား ... ဟား ..."

စီးမင်ချူးက ဟားတိုက် ရယ်မောလိုက်သည်။

သိုင်းသမားများအား အော်ပြောလိုက်ကြသည်။

"မိတ်ဆွေတို့ နဂါးတို့အုပ်စုကို ကောင်းကောင်းဆုံးမကြရအောင် တောင်ပေါ်ကို တက်ကြစို့ ..."

"ဟုတ်တယ် ... တောင်ပေါ်ကို တက်ကြစို့"

သိုင်းသမားများက ထောက်ခံလိုက်ကြသည်။

ထို့နောက် ...

တောင်ပေါ်သို့ဆက်ပြီး တက်သွားကြလေတော့သည်။

စီးမင်ချူးက မေ့ဟွားထံသို့ သွားလိုက်သည်။

မေ့ဟွားက ကြောက်ရွံ့နေလေသည်။

"ကျွန်မတို့ တောင်ပေါ်ကိုဆက်ပြီး တက်သွားရမှာ ဖြစ်ပါသလားရှင်"

စီးမင်ချူးက ...

"ဘာကြောင့်လဲ ညီမရဲ့ ..."

www.burmeseclassic.com

www.burmeseclassic.com



"တိုက်ပွဲတွေက အတော်ကို ပြင်းထန်တယ်၊ ကြောက်စရာကောင်းလိုက်တာရှင်"

စီးမင်းချူးက ရယ်မောလိုက်သည်။

"မကြောက်ပါနဲ့ ညီမရယ်၊ ကျုပ်တစ်ယောက်လုံး ရှိနေတာပဲ မဟုတ်လား"

"ကျွန်မ ..."

"ကျုပ်က ညီမကို ကာကွယ် စောင့်ရှောက်သွားမယ်လို့ ပြောပြီးပြီလေ၊ ဘာလဲ ကျုပ်ကို မယုံဘူးလား"

"အို ... မယုံလို့ မဟုတ်ပါဘူးရှင်၊ ကျွန်မက စိုးရိမ်နေလို့ပါ"

"ဟား ... ဟား ... ဟား ... စိတ်ချ၊ ညီမ မဲ့တစ်ပေါက်မှ မစွန်းစေရဘူး၊ ကျုပ် တာဝန်ထား ..."

"ကျေး ... ကျေးဇူးတင်ပါတယ်ရှင်"

စီးမင်းချူးက ခပ်စိမ့်စိမ့် စိုက်ကြည့်လိုက်သဖြင့် ပေ့ဟွာ၏ မျက်နှာလေး နီရဲကာ ခေါင်းငုံ့ထားလိုက်လေသည်။

ပေ့ဟွာ၏ စိတ်ထဲတွင် စီးမင်းချူးကို သဘောကျမိသည်။

သို့တိုင် ...

သူမ၏ အကျိုးအတွက် စီးမင်းချူးအား အသုံးချမည်ဟူသော ရည်ရွယ်ချက်က ရှေ့တန်းမှာ ရှိလေသည်။

ယိုဟုန်က သူမနောက်သို့ သဲကြီးမဲကြီး လိုက်နေသည်ဖြစ်ရာ သူမအား ကာကွယ်မည့်သူ တစ်ဦးတော့ လိုအပ်နေပါသည်။

ယခု လောလောဆယ် အချိန်တွင် စီးမင်းချူးကိုသာ အားကိုးရမည် မဟုတ်ပါလား။

လူဆိုးခေါင်းဆောင် နဂါးနှင့် မတွေ့ရမချင်း အားကိုးနေရမည်ဖြစ်ပါသည်။

"ကဲ ... သွားကြစို့"



စီးမင်းချူး ထွက်သွားလျှင် ပေ့ဟွာလည်း လိုက်ပါသွားလေတော့သည်။

တောင်ပေါ်၌ တိုက်ပွဲများ ပြင်းထန်နေသည်။

တောင်ပေါ်သို့တက်သည့် လမ်းတစ်လျှောက်တွင် လူသေအလောင်းများ၊ လက်နက် အကျိုးအပဲ့များကို တွေ့မြင်နေရသည်။

အချိန်များ ဘရွေ့ရွေ့ ကုန်ဆုံးသွားကာ နေမွန်းတည့်အချိန်သို့ပင် ရောက်မှန်းမသိ ရောက်ရှိလာသည်။

စီးမင်းချူးနှင့် ပေ့ဟွာတို့သည် တောင်ပေါ်သို့ ဆက်၍ တက်လာခဲ့ကြရင်း တစ်နေရာသို့ အရောက်တွင် လမ်းဘေးတစ်နေရာမှ ညည်းဘွားနေသည်ကို တွေ့လိုက်ရသည်။

စီးမင်းချူး ရင်ထိတ်သွား၏။

"ဟင် ... နောင်ကြီး ရီစွမ်းပါလား"

ချက်ချင်းပင် ပြေးသွားလိုက်သည်။

ရီစွမ်းသည် စီးမင်းချူး ရောက်လာသည်ကို မြင်လိုက်လျှင် ဝမ်းသာသွားလေသည်။

"ညီလေး ... ကျုပ်တော့ မဟန်တော့ဘူး၊ နဂါးတို့ လူစုကို ချေမှုန်းဖို့ ညီလေး ဆက်ပြီး တိုက်ပွဲဝင်စေချင်တယ်"

ရီစွမ်းသည် သူ၏ ဒဏ်ရာကို အလေးမထားဘဲ နဂါးတို့လူစုအား ချေမှုန်းပစ်လိုစိတ်သာ ပြင်းပြနေသည်။

စီးမင်းချူး ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ အစ်ကိုကြီး ... နဂါးတို့လူစုကို သုတ်သင်ရှင်းလင်းပစ်မယ်လို့ ကျွန်တော် ကတိပေးပါတယ်"

"ဝမ်းသာလိုက်တာ ညီလေးရာ နဂါးတို့လူစုက တောင်ပေါ်တက်လာတဲ့ သိုင်းသမားတွေကို မြွေစိမ်းတွေ၊ အဆိပ်တွေ၊ လေးမြားတွေ၊ ကျောက်မောင်းတွေနဲ့ အမျိုးမျိုး ထောက်ချောက်ဆင်ပြီး ဒုက္ခ

www.burmeseclassic.com



ပေးနေတာ၊ ဒါကြောင့် သိုင်းလောကသားတွေ အထိနာနေကြပါစေ အလျော့ပေးကြတော့မှာ မဟုတ်ဘူး၊ ပြတ်ပြတ်သားသား ချေမှုန်း ပစ်ကြလိမ့်မယ်"

"ဟုတ်ပါတယ် အစ်ကိုကြီး ... မကြာခင် နဂါးတို့လူစုဟာ သိုင်းလောကက ပျောက်ကွယ်သွားရမှာ အမှန်ပါပဲ"

စီးမင်းချူးက ထောက်ခံလိုက်လေသည်။

ထိုစဉ် ...

"တောင်ပေါ်ကို တက်ကြ ..."

"တိုက်ကြ ..."

"နဂါးဦးဆောင်တဲ့ လူဆိုး ဓားပြတွေကို တစ်ယောက်မှ မကျန်အောင် ချေမှုန်းပစ်ကြ"

ညာသံပေးကာ ကြွေးကြော်သံများ ထွက်ပေါ်လာသည်။

သိုင်းလောကသား တစ်စုသည် လက်နက်များ ဆွဲယမ်းကာ တောင်ပေါ်သို့ တက်သွားကြသည်ကို တွေ့ရ၏။

ရိစွမ်းအားယူကာ ပြုံးလိုက်သည်။

"သိုင်းသမားတွေ တောင်ပေါ်ကို တစ်သုတ်ပြီးတစ်သုတ် တက်သွားကြပြီ၊ နဂါးတို့လူစု ကြာရှည်ခံနိုင်တော့မှာ မဟုတ်ဘူး၊ ညီလေး တို့လည်း သွားကြတော့လေ ..."

"ကျွန်တော် ..."

စီးမင်းချူး မည်သို့ပြောရမှန်းမသိ ဖြစ်နေသည်။

ရိစွမ်း၏ မျက်နှာ ပြုံးရွှင်နေသည်။

သို့သော် ချက်ချင်းလိုလိုပင် ခေါင်းငိုက်စိုက်ကျသွား၏။

ရိစွမ်းသည် သိုင်းလောကသားများက နဂါးတို့လူစုအား ချေမှုန်းနိုင်ကြတော့မည်ကို တွေးကာ ကျေနပ်စွာပြုံးရင်း သေဆုံးသွား လေသည်။



စီးမင်းချူးက ကတိပေးလိုက်လေ၏။

"နောင်ကြီးကိုယ်စား နဂါးကို ကျွန်တော် နှိမ်နင်းပေးပါမယ်"

ဟုပြောကာ သူသည် ရိစွမ်း၏ ရတနာဓားကို ယူလိုက်၏။

ထို ရတနာဓားကို သူ သဘောကျနေသည်မှာ ကြာပြီ ဖြစ် ပါသည်။

ယနေ့ ...

အဖိုးတန်ပြီး ထက်မြက်လှသည့် ဓားကောင်းတစ်လက် သူ၏ လက်ထဲသို့ ရောက်လာပြီ ဖြစ်ပါသည်၊

စီးမင်းချူးသည် ရတနာဓားကို ခပ်တည်တည်ယူလိုက်ပြီး ...

"သွားစို့ ..."

ပေ့ဗှာကို ခေါ်ကာ တောင်ပေါ်သို့ဆက်၍ တက်လာခဲ့လေ တော့သည်။

ဤသို့ဖြင့် ...

မှန်းလွဲပိုင်းသို့ ရောက်လာသည်။

စီးမင်းချူးနှင့် ပေ့ဗှာတို့သည် တောင်အမြင့်ပိုင်းသို့ ရောက်မှန်း မသိ ရောက်ရှိလာကြ၏။

သစ်ပင်များ ဟိုနားတစ်စု ဒီနားတစ်စု ပေါက်ရောက်လျက် ရှိသော တောအုပ်ကလေးကို ကွေ့ပတ် ကျော်ဖြတ်မိလိုက်လျှင် ...

"မလွှတ်စေနဲ့ဟေ့ ..."

ရုတ်တရက် လူတစ်စု ထွက်ပေါ်လာကာ ဝိုင်းရံထားလိုက်ကြ တော့သည်။

ထိုလူစုမှာ ရုပ်ရည် ခက်ထန်ကြမ်းတမ်းပြီး ဆိုးမိုက်သူများ ဖြစ်ကြောင်း ပေါ်လွင်နေသည်။

နဂါး၏ လူများဖြစ်ကြောင်း စီးမင်းချူးက ချက်ချင်း သိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပေ့ဂှာသည်လည်း နဂါး၏ လူများကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွားသည်။

စီးမင်ချူးက ဝိုင်းရံထားသူများကို တစ်ချက်ကြည့်လိုက်ပြီး သဘောကျစွာ ရယ်မောလိုက်လေသည်။

"ဟား … ဟား … ဟား …"

ဝိုင်းရံထားသူများ ဒေါပွသွားသည်။

"ဒီကောင် သေချင်နေပြီ"

"ရှင်းပစ်လိုက်ကြဟေ့ …"

တစ်ယောက်တစ်ပေါက် ပြောဆိုကာ တိုက်ခိုက်ရန် ရှေ့သို့ တိုးလာကြသည်။

စီးမင်ချူး လက်ကာပြလိုက်သည်။

"မိတ်ဆွေတို့ ခဏနေကြပါဦးဗျာ၊ ကျုပ်က ဒီတောင်ပေါ်ကို ရောက်လာရတဲ့ အကြောင်းရင်းကို ရှင်းပြပါစေဦး"

"မင်းက ငါတို့လူစုကို တိုက်ခိုက်ဖို့ လာခဲ့တာပဲ မဟုတ်လား"

"မဟုတ်ဘူးဗျ"

စီးရင်ချူးက ရင်ကော့ပြီး ပြောလိုက်သည်။

"ကျုပ်က ခေါင်းဆောင်ကြီး နဂါးဆီမှာ သစ္စာခံ ခိုလှုံဖို့ လာခဲ့တာပဲ"

သူ၏စကားကြောင့် ပေ့ဂှာပင် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

လူဆိုးများလည်း အချင်းချင်း ကြည့်လိုက်ကြသည်။

စီးမင်ချူး လက်ထဲမှ ရတနာခဲကို မြှောက်ပြလိုက်သည်။

"ဟောဒီခဲက သက်သေခံနေပါတယ်ဗျာ၊ ဒီခဲဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားနေတဲ့ ရတနာခဲရှင်ရဲ့ ရတနာခဲပါပဲ"



ဟု ပြောလိုက်သည်။

လူဆိုးများက အကဲခတ် ကြည့်လိုက်ကြသည်။

စီးမင်ချူးက ဆက်ပြောသည်။

"ကျုပ်က တောင်ပေါ်ကို တက်လာရင်း ရှိစွမ်းနဲ့ တွေ့တာနဲ့ သုတ်သင်ရှင်းလင်းပစ်ပြီး ဒီ ရတနာခဲကို ယူလာခဲ့တာပဲ"

လူဆိုးတစ်ယောက်က ခက်ထန်စွာ မေးလိုက်၏။

"မင်းက ဘယ်သူလဲ၊ ဘာသဘောနဲ့ ပြောတာလဲ"

စီးမင်ချူးက …

"ကျုပ်က စီးမင်ချူးပါ၊ ခေါင်းဆောင်ကြီး နဂါးရဲ့ ဓားပညာကို လေးစားလို့ တပည့်ခံဖို့ လာခဲ့တာပါ"

လူဆိုးက …

"ဒီမှာ တိုက်ပွဲတွေဖြစ်နေတယ်ဆိုတာ မင်း မသိဘူးလား၊ မင်း ရူးနေပြီလား"

စီးမင်ချူးက …

"ကျုပ် မရူးပါဘူး၊ ခေါင်းဆောင်ကြီး နဂါးကို သိုင်းလောကသားတွေက ချေမှုန်းပစ်ဖို့ ကြိုးစားနေကြတယ် ဆိုတာကို ကျုပ်သိပါတယ်၊ ဒါကြောင့် မြွေစိမ်းတောင်ကို လာခဲ့တဲ့ လမ်းခရီး တစ်လျှောက်မှာ အထက်လမ်း သိုင်းသမားတွေ စည်းလုံးညီညွတ်မှု ရှိကြသလို အောက်လမ်း သိုင်းသမားတွေကလည်း သွေးစည်းကြဖို့ ခေါင်းဆောင်ကြီး နဂါးရဲ့လက်အောက်ကို ခိုဝင်ပြီး အထက်လမ်း သိုင်းသမားတွေကို ချေမှုန်းပစ်ကြဖို့ သိုင်းလောကကို သိမ်းပိုက်ကြဖို့ တိုက်တွန်း လှုံ့ဆော်ခဲ့ပါသေးတယ်"

လူဆိုးများက အချင်းချင်းကြည့်ပြီး တိုင်ပင်လိုက်ကြသည်။

စီးမင်ချူးက တောင်းဆိုလိုက်သည်။

"ခေါင်းဆောင်ကြီး နဂါးနဲ့ တွေ့ပါရစေဗျာ"

www.burmeseclassic.com

www.burmeseclassic.com



လူဆိုးတစ်ယောက်က ...

"ဒီကောင်လေးက ခေါင်းဆောင်ကြီးကို တွေ့ချင်တယ်ဆိုတာ ကျုပ်တို့ကို လှည့်စားနေတာပဲ ဖြစ်ရမယ်"

"ဟုတ်တယ်၊ သူ့စကားကို ယုံလို့မဖြစ်ဘူး"

"ဒီကောင် ဘယ်သူပဲဖြစ်ဖြစ် ဆုံးမလိုက်ကြတာပေါ့"

"တိုက်ကြဟေ့ ..."

အချင်းချင်း ပြောဆိုကြပြီး စီးမင်းချူးအား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေတော့သည်။

လူဆိုး ဓားပြများတို့၏ စိတ်ဓာတ်သည် ခန့်မှန်းရခက်သည် မဟုတ်ပါလား။

စီးမင်းချူးကလည်း စိတ်ချထားသည် မဟုတ်ပါချေ။

အရေးအကြောင်း ကြုံလာလျှင် တိုက်ခိုက်ရင် အဆင်သင့် ပြင်ထားလိုက်သည်။

လူဆိုးများက တိုက်ခိုက်လာသည်နှင့် ...

"ယား ..."

ညာသံပေးကာ ပြန်လည် တိုက်ခိုက်လိုက်လေတော့သည်။

ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာသည်။

ဝေဇာက ချက်ချင်း နောက်ဆုတ်လိုက်သည်။

စီးမင်းချူး၏ အခြေအနေကို အကဲခတ်ရင်း ထွက်ပြေးရန် အသင့် ပြင်ထားလိုက်၏။

စီးမင်းချူး အရေးနိမ့်မည့် အရိပ်အယောင်များ ပေါ်ပေါက်လာလျှင် သူမ ထွက်ပြေးသွားမည်သာ ဖြစ်သည်။

စီးမင်းချူးသည် ရတနာဓားကို အသုံးပြုကာ ဖုံးချီ၏ သိုင်းကွက်နှင့် ရှီစွမ်း၏ သိုင်းကွက်များကို အသုံးပြုကာ တိုက်ခိုက်လိုက်လေသည်။



စီးမင်းချူး၏ ဓားပညာက မခေပါချေ။

ဓားဝေ့ယမ်းကာ တိုက်ခိုက်လိုက်သည်နှင့် ...

"ဝုန်း ..."

"အား ..."

"အမလေး ..."

"သေပါပြီဗျ ..."

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေတော့သည်။

လူဆိုးများသည် စီးမင်းချူးအား မယှဉ်နိုင်တော့ဘဲ ဖရိုဖရဲဖြင့် နောက်ဆုတ်သွားကြရလေ၏။

စီးမင်းချူးက အနိုင်ရလိုက်သော်လည်း ဆက်လက် တိုက်ခိုက်ခြင်း မပြုဘဲ ရပ်တန့်လိုက်သည်။

ရတနာဓားကိုလည်း သိမ်းဆည်းလိုက်သည်။

"ကျုပ်က မိတ်ဆွေအချင်းချင်း မတိုက်ခိုက်ချင်ပါဘူးဗျား၊ ခင်ဗျားတို့က တိုက်ခိုက်လာလို့ အန္တရာယ်ကို ကာကွယ်တဲ့အနေနဲ့ ခုခံရတာပါ"

လူဆိုးများ မြေပေါ်မှ လူးလိမ့် ထလာကြကာ စီးမင်းချူးအား အထိတ်တလန့် ကြည့်နေကြသည်။

စီးမင်းချူးက လိုလိုလားလား ပြောလိုက်သည်။

"ကျုပ်က ခေါင်းဆောင်ကြီး နဂါးဆီမှာ တပည့်ခံဖို့ လာခဲ့တာပါ၊ ကျုပ် ပြောတာကို မယုံကြည်ရင် ကျုပ်ရဲ့ဓားကို သိမ်းဆည်းလိုက်ပြီး ကျုပ်ကို ကြိုးတုပ်ခေါ်သွားကြပါ၊ ခေါင်းဆောင်ကြီး နဂါးနဲ့ တွေ့ရင် တော်ပါပြီ"

လူဆိုးများက အချင်းချင်း တိုင်ပင်လိုက်ကြသည်။

ထို့နောက် ...

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ရှေ့သို့ လှမ်းထွက်လာသည်။

"မင်းရဲ့ဓားကို ပေးပါ"

စီးမင်းချူးက အသာတကြည် ပေးလိုက်သည်။

ထိုလူက ...

"သူ့ကို ကြိုးနဲ့တုပ်လိုက်ကြဟေ့"

လူဆိုးများသည် စီးမင်ချူးအား ကြိုးများဖြင့် တုပ်နှောင်လိုက်ကြသည်။

စီးမင်ချူးက ငြိမ်ခံနေလိုက်သည်။

"ကဲ ... သွားကြမယ်"

လူဆိုးများသည် စီးမင်ချူးနှင့် ပေ့ဗှာတို့အား ဖမ်းဆီးခေါ်ဆောင်သွားကြလေသည်။

စီးမင်ချူးက အဘယ်ကြောင့် စွန့်စားလိုက်ရပါသနည်း။

သူ့တွင် အကြံအစည်တစ်ခု ရှိနေခြင်းကြောင့် ဖြစ်ပါသည်။

ထို အကြံအစည်သည် မည်ကဲ့သို့သော အကြံအစည်မျိုး ဖြစ်ပါသနည်း။

**ပထမပိုင်း ပြီး၏။**

**တက္ကသိုလ် နေလင်းအောင်**

BURMESE CLASSIC

www.burmeseclassic.com